
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်အစိုးရသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လူနေ

# သမ္မတကြီးအား လုပ်ကြံခြင်း

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း။
အလုံမြို့နယ်၊ ရန်ကုန်။

အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်

လူနေ
သမ္မတကြီးအားလုပ်ကြံခြင်း/ လူနေ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၂၀၀ - စာ ၊ ၁၂. ၅ × ၁၈. ၅ စင်တီ။
(၁) သမ္မတကြီးအားလုပ်ကြံခြင်း

BURMESE CLASSIC .com

"ဒိုင်း. . . ဒိုင်း"

သေနတ်ပစ်သံကြောင့် လူများ ဝရုန်းသုန်းကား ဖြစ်သွားကြသည်။

နောက်ထပ် သေနတ်သံနှစ်ချက် ထပ်ထွက်လာ၏။

သေနတ်သမားသည် ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားပြီး သေနတ်ကို ဆက်တိုက်ပစ်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၁)

'အလင်းအိမ်စာပေ'

ဆိုင်းဘုတ်ကို တစ်ချက်ကြည့်ပြီး ရင်ထဲမှ စိတ်လှုပ်ရှားမှုတို့က ပြန်ပေါ်လာသည်။ ခုနကစာအုပ်တိုက်တွေလိုမျိုး သူ့ လုံးချင်းစာအုပ်ကို လက်မခံဘဲနေရင် ဘယ်လိုလုပ်မလဲ။

လွယ်အိတ်ထဲက စာမူတစ်ထပ် ပြန်ကြည့်မိသည်။ စာရွက်တွေက အားငယ်သည့်ပုံစံများဖြင့် သူ့ကို ကြည့်နေ၏။ 'အလင်းအိမ်စာပေတိုက်'ထဲသို့ မဝံ့မရဲ လှမ်းကြည့်လိုက်သည်။

လူရှင်းနေ၏။ သို့သော် မဝင်ရဲဘဲ ချည်တုံချတုံ ဖြစ်နေသည်။ အားငယ်လိုက်တာ။ အသစ်တွေရဲ့ဘဝက ဒီလိုပဲ စခဲ့ကြရတာလား။

လွယ်အိတ်ကြိုးကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။ စီးလာသော ဖိနပ်ကို အဝင်အဝတွင် ချွတ်ရသည်။ ချွေးများ ပေနေ

www.burmeseclassic.com

www.burmeseclassic.com



သော မိမိဖိနပ်ကိုမြင်မှ အိမ်ကနေ တိုက်ခဲ့ရကောင်းသားဟု တွေးမိသည်။

"ဘာကိစ္စလဲ"

စားပွဲတစ်လုံးတွင် ထိုင်နေသော အမျိုးသမီးက မျက်နှာထားတည်တည်ကြီးနှင့် လှမ်းမေး၏။

"ဟို ဒီစာအုပ်တိုက်က ထုတ်ဝေသူနဲ့ တွေ့ချင်လို့ပါ ခင်ဗျာ"

"ဘာကိစ္စရှိလို့လဲ"

"လုံး. . . လုံးချင်းစာမူလေး ပြချင်လို့ပါ"

အမျိုးသမီး၏ စိတ်ပျက်သွားသည့် အမူအရာကြောင့် တင်းထားသော စိတ်များပင် ကျဆင်းသွား၏။ သူမပုံစံက သူ့လို လူမျိုး ခဏခဏ တွေ့နေရသဖြင့် စိတ်ညစ်သွားသည့်ပုံ ဖြစ်သည်။

"စာအုပ်တွေက ဈေးကွက် သိပ်မကောင်းလို့ အစ်မတို့ တိုက်က အသစ်မတင်ဘူးကွဲ့"

"ဟို. . . စာမူလေးတော့ ဖတ်ကြည့်ပါလားဗျာ၊ ထားခဲ့မယ်လေ"

"မင်းလို လာပေးတာတွေ အများကြီးပဲ၊ အစ်မတို့က အလုပ်မအားတော့ မဖတ်ဖြစ်ဘူး"

ထိုသို့ ခပ်ပြတ်ပြတ် ပြောလိုက်သောကြောင့် စာမူကို ထုတ်နေသော သူ့လက်ပင် ရပ်သွားသည်။ မဖတ်ဘူးဆိုတော့ သူ စာမူကို မပေးခဲ့ချင်တော့။



ထို့ကြောင့် နှုတ်ဆက်ပြီး စာအုပ်တိုက်ထဲကနေ ပြန်ထွက်လာခဲ့သည်။ လက်ထဲက စာအုပ်တိုက်လိပ်စာများ မှတ်ထားသည့် စာရင်းစာရွက်ကို ပြန်ကြည့်လိုက်သည်။

စာရင်း၌ 'မိုးကြယ်စာအုပ်တိုက်'ဆိုသည့် စာအုပ်တိုက် တစ်ခုသာ ဝင်ကြည့်စရာ ကျန်တော့သည်။

ဒီတိုက်လည်း အရင်စာအုပ်တိုက်များလို ထူးမခြားနားဘဲ ဖြစ်ပေလိမ့်မည်။ မဝင်တော့ပါဘူးဟု ဆုံးဖြတ်လိုက်ရင်း စာအုပ်တိုက်လိပ်စာကို တစ်ချက်ကြည့်မိသည်။

"ဟင်. . . ဟိုဘက်လမ်းမှာပါလား"

စာအုပ်တိုက်လိပ်စာက သူဖြတ်သွားရမည့် တစ်ဖက်လမ်းတွင်ဖြစ်သည်။

နောက်ဆုံးတစ်တိုက် ကျန်နေတော့မှ မထူးပါဘူးလေဟု တွေးရင်း တစ်ဖက်ကားလမ်းကို ကူးလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၂)

'မိုးကြယ်စာအုပ်တိုက်'

စာအုပ်တိုက်ထဲ ဝင်ဝင်သွားချင်းပင် ထုတ်ဝေသူဆိုသည့် သူနှင့် တွေ့ရသည်။ ကံဆိုးချင်တော့ သူဝင်သွားသည့်အချိန်တွင် ထုတ်ဝေသူက အလုပ်စားပွဲတွင် အလုပ်ရှုပ်နေ၏။

"အေး. . . ပြော၊ ဘာကိစ္စလဲ"

"ကျွန်တော်ရေးထားတဲ့ လုံးချင်းစာမူလေး ဆရာတို့စာအုပ်တိုက်ကို ပြချင်လို့ပါ"

ထင်သည့်အတိုင်းပင် ထိုလူ့မျက်နှာမှာ ရှုံ့မဲ့သွား၏။ လက်ထဲက ကိုင်ထားသော ဘောပင်ဖြင့် စာရွက်ပေါ်ရှိ စာလုံးများကို ဟိုဝိုင်း၊ ဒီဝိုင်းလုပ်နေရင်း သူ့ကိုပင် မော့မကြည့်ဘဲ။

"ဦးတို့တိုက်က ယောက်ျားလေး စာရေးဆရာတွေတင်ဖို့ အစီအစဉ် မရှိသေးဘူးကွ၊ လောလောဆယ် မိန်းကလေးစာရေး



ဆရာမတွေတင်ဖို့ အစီအစဉ်တော့ ရှိတယ်၊ ဈေးကွက်ကလည်း မှန်းရခက်တယ်ကွ"

နောက်စာရွက်တစ်ရွက်ကို ထပ်လှန်ပြန်သည်။ လက်ထဲက မင်နီဖြင့် ထပ်တားပြန်၏။

"ဒါဆိုလည်း ကျွန်တော့်စာမူလေးတော့ ဖတ်ကြည့်ပါဦး"

"ပျောက်သွားပါဦးမယ်ကွာ၊ ဦးတို့လည်း ဖတ်ဖြစ်မှာ မဟုတ်ပါဘူး၊ ပြန်ယူသွားပါ"

"ပျောက်သွားလည်း ရပါတယ် ဦးရယ်၊ ကျွန်တော့်မှာ အပို ရှိပါတယ်၊ ဦးအားတဲ့အချိန် ဖတ်ကြည့်ပါ၊ ရပါတယ်"

ထုတ်ဝေသူမှာ စာကို ကုန်းရေးနေရင်း သူ ထွက်သွားပြီးရောဆိုသည့် ပုံစံဖြင့်-

"အေးကွာ၊ ဒါဆိုလည်း ဟိုစားပွဲပေါ် တင်ခဲ့"

ဟုဆိုကာ စာရွက်များ၊ စာအုပ်များ၊ အခြားစာမူများနှင့် ပြည့်နေသော ခပ်လှမ်းလှမ်းရှိ စားပွဲတစ်ခုကို ညွှန်ပြ၏။

သူလည်း ဝမ်းသာအားရ ဖြစ်သွားပြီး-

"ဟုတ်ကဲ့ပါ ဦး"

ဆိုပြီး သူ့စာမူကို ထိုစားပွဲပေါ် တင်ထားလိုက်၏။ ဝင်စရာ စာအုပ်တိုက်လည်း မရှိတော့သောကြောင့် ဖတ်ကြည့်ဖြစ် မဖတ်ကြည့်ဖြစ် ပေးခဲ့ခြင်း ဖြစ်သည်။

"သွားလိုက်ပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး"

ထုတ်ဝေသူက ဝတ်ကျေတန်းကျေ နှုတ်ဆက်သည်။ သူလည်း တံခါးကို ဆွဲဖွင့်ပြီး အခန်းထဲက ပြန်ထွက်လာခဲ့၏။

တံခါးပိတ်လိုက်သံကြောင့် 'မိုးကြယ်စာအုပ်တိုက်' ထုတ်ဝေသူ ဦးဝင်းသည် အလုပ်လုပ်နေရင်းမှ မျက်လုံးလှန်ကြည့်လိုက်၏။

"အလုပ်ရှုပ်နေပြီဆို သူတို့တွေ လာပြီ"

ဟု ရေရွတ်လိုက်လေ၏။

■

(၃)

"ဒေါက်. . . ဒေါက်"

"လာပြန်ပြီ"

ဦးဝင်းသည် ဘောပင်ကို အဆက်မပြတ် ရေးနေရင်း မကျေမနပ် ရေရွတ်လိုက်ပြန်သည်။

"ဘယ်သူလဲ"

"ဆရာ. . . ကျွန်တော် မြတ်ထူးနိုင်ပါ"

သူ့ရဲ့တပည့် မန်နေဂျာ မြတ်ထူးနိုင်ဖြစ်သည်။

"ဝင်ခဲ့လေ"

တံခါးဖွင့်ပြီး ဝင်လာလေ၏။

"ဘာကိစ္စလဲ"

"ဆရာပဲ စာရေးဆရာမအသစ်တစ်ယောက် တင်စရာရှိတယ်ဆို၊ အဲ့ဒါ စာမူလာယူတာ၊ လုပ်စရာရှိတာ လုပ်ရအောင်လို့"

www.burmeseclassic.com

www.burmeseclassic.com



"သြော်. . . အေး. . . မေ့နေတာ၊ ငါလည်း မနက်ဖြန် ခရီးသွားစရာ ရှိတယ်၊ အဲ့ဒီတော့ စာမူယူပြီး ပုံနှိပ်ရိုက်ထားလိုက်၊ ရရင်ဈေးကွက်ထဲ ဖြန့်ထား၊ ငါကတော့ စာအုပ်တွေဖြန့်ပြီးမှ ပြန်ရောက်မယ်ထင်တယ်"

"ဟုတ်ကဲ့ပါဆရာ"

သူ့မန်နေဂျာက စာအုပ်ထုတ်ဝေရေးတစ်ခုလုံးကို တာဝန်ယူထားသောကြောင့် အားကိုးရသည်။ ဒါတွေက သူ့ လုပ်ရိုးလုပ်စဉ်ကိစ္စတွေပဲ ဖြစ်သည်။

ဦးဝင်းသည် သူ့တပည့်ကို ထိုသို့ပြောပြီး လုပ်စရာရှိတာ ဆက်လုပ်နေသောကြောင့် မြတ်ထူးနိုင်မှာလည်း ကြောင်တောင်တောင်နဲ့ ရပ်ကြည့်နေရသည်။

ခဏကြာသည့်အချိန်ကျမှ သူ့ဆရာ အလုပ်ဆက်လုပ်နေတာ တွေ့သောကြောင့်-

"ဆရာ"

ဦးဝင်းက မော့ကြည့်ပြီး-

"ဟေ. . . မင်း မသွားသေးဘူးလား"

"ဟို. . . ထုတ်မယ့်စာမူ မပေးရသေးဘူးလေ"

"သြော်. . . အေး၊ မနက်ဖြန် ခရီးထွက်ရမှာဆိုတော့ အလုပ်မပြတ်တာနဲ့ မေ့သွားတယ်၊ ဟိုစားပွဲပေါ်မှာ ယူသွားလိုက်"

ပြောပြီးပြီးချင်း အလုပ် ပြန်ဆက်လုပ်နေသည်။



မြတ်ထူးနိုင်လည်း သူ့ဆရာညွှန်ပြသည့် စာအုပ်များ၊ စာရွက်များနှင့် ပြည့်နေသော စားပွဲပေါ်တွင် ထုတ်ဝေမည့် စာမူကို လိုက်ရှာကြည့်လိုက်၏။ စာမူတစ်ခု တွေ့ရသည်။

သူ့ဆရာကို လှမ်းကြည့်လိုက်တော့ အလုပ်များနေတာကို တွေ့ရသည်။ ထို့နောက် ဘာမှမမေးတော့ဘဲ ထိုစာမူကိုယူကာ အခန်းထဲကနေ ပြန်ထွက်သွားလိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄)

မန်နေဂျာ မြတ်ထူးနိုင်သည် လက်ထဲကစာမူကိုယူပြီး စာအုပ်တိုက်က ကွန်ပျူတာစာစီမည့်ကောင်မလေးဆီသို့ ပေးလိုက်လေ၏။

"ဘယ်သူ့စာမူလဲ ဆရာ"

"အသစ်တင်မယ့်တစ်ယောက်ပါ၊ မြန်မြန်လေး ရိုက်ပေး၊ တို့ဆရာ ခရီးက ပြန်လာရင် စာအုပ်ဖြန့်ပြီးနေရအောင်လို့၊ နင် အခု ဘာအလုပ်ရှိသေးလဲ"

"မရှိပါဘူး"

"အေး. . . အဲ့ဒီစာမူကို အမြန်ရိုက်လိုက်"

အေးမွန်သည် မန်နေဂျာ မြတ်ထူးနိုင်လက်ထဲက စာမူကို လှမ်းယူလိုက်သည်။ ကလောင်နာမည်ကို ကြည့်လိုက်တော့ မြင့်မို ဟု ရေးထိုးထား၏။



လက်ရေးက ရှင်းရှင်းလင်းလင်း ရေးထားသောကြောင့် ကွန်ပျူတာစာရိုက်မည့် သူ့အဖို့ နည်းနည်းတော့ ကျေနပ်သွားသည်။

ကွန်ပျူတာကို ဖွင့်လိုက်သည်။ ဖိုင်အဟောင်းအချို့ကို ပြန်ရှာရင်း အသစ်ရိုက်မည့်စာမူအတွက် စာရွက်အလွတ်တစ်ခု ယူလိုက်သည်။

ထို့နောက် ခေါင်းစီးအနေနဲ့ စာရေးတဲ့သူရဲ့ ကလောင်ကို အရင်ရိုက်လိုက်သည်။

မြင့်မို

"ဖောက်"

ကွန်ပျူတာမှာ ရုတ်တရက် စက်ပိတ်ကျသွားသည်။

"ဟင်. . . ဘာဖြစ်သွားတာလဲ"

ရုတ်တရက်ကြီး ကွန်ပျူတာ ပိတ်ကျသွားသောကြောင့် အေးမွန်ပင် ကြောင်သွားလေသည်။

မီးပလပ်ပေါက်နှင့် ကေဘယ်များကို ပြန်စစ်ကြည့်တော့လည်း အကောင်းပဲ ဖြစ်သည်။

ကွန်ပျူတာ ပါဝါခလုတ်ကို ပြန်ဖွင့်လိုက်၏။ Window ပြန်တက်လာသည်ကို ခဏစောင့်ပြီး ကွန်ပျူတာထဲရှိ စာရွက်အသစ်ကို ထပ်ယူကာ-

မြင့်မို

ဟု ရိုက်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖောက်"

"အယ်. . . ဒီကွန်ပျူတာ ဘာဖြစ်နေလဲ မသိဘူး"

နောက်တစ်ခါ စက်ပိတ်ကျသွားသောကြောင့် ဘေးရှိ ကွန်ပျူတာ နောက်စက်တစ်လုံးကို ပြောင်းလိုက်သည်။

စာရွက်အသစ်ကိုယူကာ ခုနအတိုင်းပင် မြင့်မိုဟု ရိုက်ထည့်လိုက်ပြန်၏။

"ဖောက်"

"အာ. . ."

ဒီဘက်စက်မှာလည်း ထိုအတိုင်းပဲ ကျသွားပြန်သည်။

တစ်ခုခုတော့ မှားနေပြီဖြစ်သည်။ ထို့ကြောင့် ကွန်ပျူတာ အကြောင်း နားလည်သော သော်ဇင်ကို လှမ်းခေါ်ပြီး 'ကွန်ပျူတာ ဘာဖြစ်နေလဲ မသိဘူး၊ ကြည့်ပေးပါဦး'ဆိုပြီး လှမ်းခေါ်လိုက်ရ၏။

သော်ဇင် လာစစ်ကြည့်တော့လည်း အကောင်းပဲဖြစ်သည်။ ကွန်ပျူတာကို ပြန်ဖွင့်ပြီး စာရွက်တစ်ရွက်တွင်-

"ချစ်တယ် အေးမွန်ရယ်"

ဆိုပြီးရိုက်ကာ နောက်ပြောင်သွားသေးသည်။ စောက်ကောင်စုတ်ဟု လှမ်းပြီးဆဲရင်း ဖယ်တော့ဖယ်တော့ ရပြီဟုဆိုသောကြောင့် သော်ဇင်လည်း အေးမွန်ကို နောက်ပြောင်ကာ ပြန်ထွက်သွားလေ၏။

ချစ်တယ် အေးမွန်ရယ်ကို တစ်လုံးချင်းစီ ပြန်ဖျက်ရင်း-



**မြင့်မို**

ဟု ရိုက်လိုက်ပြန်၏။

"ဖောက်"

"ဟာ. . ."

စက်ပိတ်ကျသွားပြန်သည်။ သော်ဇင့်ကို ပြောမလို့ လှမ်းကြည့်လိုက်သော်လည်း သော်ဇင်က ရုံးအပြင် ထွက်သွားတာကို တွေ့လိုက်ရသည်။

ရလိုရငြား ကွန်ပျူတာကို ပြန်ဖွင့်လိုက်သည်။ Window တက်လာပြီး ခုနကလိုပဲ စာရွက်ယူကာ စိတ်ထဲရှိရာ စာသားအချို့ကို ရိုက်ထည့်ကြည့်လိုက်၏။

ထို့နောက် ခဏစောင့်ကြည့်နေသော်လည်း စက်မှာ ပိတ်မကျသွားချေ။

သေချာလောက်ပြီဟုဆိုမှသာ ရေးထားသောစာများကို ပြန်ဖျက်ကာ-

**မြင့်မို**

ဟု ထပ်ရေးလိုက်ပြန်သည်။ စက်က ပိတ်ကျသွားပြန်သည်။

ထိုသို့ ရိုက်လိုက်၊ ပြန်ကျသွားလိုက်၊ ပြန်ဖွင့်လိုက်နှင့် နောက်ထပ် လေးကြိမ်မြောက်တွင်-

**မြင့်မို**

**လုံးချင်းဝတ္ထုသစ်**

www.burmeseclassic.com

www.burmeseclassic.com



ဟု စတင်ရိုက်၍ရပြီး ကွန်ပျူတာမှာ စက်မပိတ်တော့ချေ။

"ဟူး. . . ဒီစာအုပ်ရိုက်မှပဲ ဘာဖြစ်နေလဲ မသိဘူး"

ဟုဆိုပြီး အေးမွန်မှာ စိတ်ပျက်လက်ပျက်နှင့် ရေရွတ်လိုက်လေသည်။

■

(၃)

ထိုစာအုပ်သည် အေးမွန်တွင် ဖြစ်သည့်အတိုင်းပင် ပုံနှိပ်စက်တွင်လည်း အလားတူအဖြစ်မျိုး ဖြစ်ပွားလေ၏။

စာအုပ်အဖုံးရိုက်ရန်အတွက် ပုံနှိပ်စက်ပေါ်တင်ပြီး စရိုက်ချိန်မှာပင် ပုံနှိပ်စက်သည် ခဏာလည်ပြီး စက်ရပ်သွားခြင်း ဖြစ်သည်။

ပုံနှိပ်သမားများက စက်ကို စစ်ဆေးသော်လည်း မည်သည့်အမှားအယွင်းမှ မတွေ့ရချေ။

ထို့ကြောင့် စက်ပေါ်တွင်တင်ပြီးသား ရိုက်လက်စ အဖုံးပလိပ်ပြားကိုယူပြီး အခြားစက်တစ်လုံးတွင်တပ်ကာ ရိုက်ကြည့်ပြန်၏။

ဤစက်တွင်လည်း ခဏာပဲလည်ပြီး စက်မှာ တို့လို့တန်းလန်းနှင့် ရပ်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဒီနေ့ ဘယ်လိုဖြစ်ရတာလဲကွာ"

စက်သမားများက မြင့်မိုဆိုသော စာအုပ်အဖုံးကို စက်ပေါ်က ပြန်ယူပြီး အခြားတစ်ယောက်ရဲ့ အဖုံးကို ရိုက်ကြည့်ရာ စက်မှာ အကောင်းအတိုင်းပဲဖြစ်ပြီး ခဏအတွင်းပင် အဖုံးရိုက်ပြီးသွားလေ၏။

"ဒီအဖုံးမှ တစ်နေတယ် ဆရာ"

စက်သမားလေးက သူ့ဆရာကို လှမ်းပြောလိုက်၏။

"ပြန်ရိုက်ကြည့်ပါဦးကွ၊ အဲ့ဒီစာအုပ်က အရင်ထွက်ရမှာ"

စက်သမားလေးက အရေးကြီးသည်ဆိုသောကြောင့် ထိုအဖုံးကို စက်ပေါ်ပြန်တင်ပြီး ရိုက်ရာတွင် ခုနကအတိုင်းပင် စက်ရပ်သွားပြန်၏။

"မဟုတ်တော့ မဟုတ်တော့ဘူး"

မီးကိုပိတ်၊ စက်ပေါ်က စာအုပ်အဖုံး ပလိပ်ပြားကို ပြန်ဖြုတ်၊ စက်ကို စစ်ဆေး၊ ပလိပ်ပြားကို ပြန်တပ်ပြီး ထပ်ရိုက်ကြည့်သော်လည်း စက်မှာ ခဏသာလည်ပြီး ရပ်မြဲတိုင်း ရပ်သွားလေသည်။

ဤသို့ ပိတ်လိုက်၊ ဖြုတ်လိုက်၊ ပြန်ရိုက်လိုက်နှင့် နောက်ထပ်လေးကြိမ်မြောက် ရောက်မှသာလျှင် စက်မှာ ပုံမှန်အတိုင်း ဖြစ်သွားလေ၏။

"ဒီစာအုပ်ရိုက်မှ ဘာဖြစ်တာလဲဟ"



စက်ထဲက ထွက်လာသော စာအုပ်အဖုံးကိုကြည့်ကာ စက်သမားလေးက ရေရွတ်လိုက်လေ၏။

စာအုပ် အတွင်းစာများကို ရိုက်သောအခါတွင်လည်း ထိုသို့အတိုင်းပင် ထပ်မံ ဖြစ်ပွားခဲ့သေးသည်။

■

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ အခက်အခဲအမျိုးမျိုးဖြင့် မိုးကြယ်စာအုပ်တိုက်မှ တလောင်သစ်တစ်ဦး၏ လုံးချင်းစာအုပ်သည် ဈေးကွက်အတွင်းသို့ ရောက်ရှိသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# မြင့်မို

# တဝမ်းပူလေး

လုံးချင်းဝတ္ထုသစ်



www.burmeseclassic.com

www.burmeseclassic.com

## (၆)

ဦးဝင်းသည် လက်ထဲက သတင်းစာကိုကိုင်ပြီး အကြီးအကျယ် ဒေါသထွက်နေလေ၏။

ရန်ကုန်ရုံးကို ဖုန်းဆက်သောအခါတွင်လည်း ဖုန်းတွေက တစ်လုံးမှမအားဘဲ ဖြစ်နေသောကြောင့် ပိုပြီးဒေါသထွက်နေရသည်။

သတင်းစာကို ပြန်ကြည့်လိုက်သည်။




သူတိုက်ကနေ မြင့်မိုဆိုတဲ့ ကလောင်နာမည်ကို ကြားပင်မကြားဘူးပေ။ သို့သော် ယခုသတင်းစာထဲမှာ သူ့တိုက်ကနေ မြင့်မိုဆိုတဲ့ ကလောင်နဲ့ စာအုပ်ထွက်ကြောင်း ကြော်ငြာကိုတွေ့တော့ ဒေါသထွက်နေမိခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဆိုသလိုပင် မန်နေဂျာ မြတ်ထူးနိုင် မှားယွင်းပုံနှိပ် ရိုက်လိုက်မှန်းလည်း ရိပ်မိလိုက်သည်။

အခုရောက်နေတဲ့ နေရာကလည်း ချက်ချင်းပြန်လို့မဖြစ်၊ ရုံးကိုလည်း ဖုန်းဆက်လို့မရနဲ့ ဦးဝင်းမှာ ဟိုလျှောက်ဒီလျှောက် လုပ်ရင်း ဒေါသထွက်နေခြင်း ဖြစ်သည်။

ဖုန်းခလုတ်များကို နှိပ်လိုက်သည်။ တစ်ဖက်က မအားသေးပေ။

"တောက်. . . ဘယ်သူတွေနဲ့ ဒီလောက်တောင် ပြောနေလို့ ဖုန်းတွေက မအားဖြစ်နေရတာလဲ"

ဖုန်းကို ဂွပ်ခနဲ ချလိုက်သည်။

နေပါဦး။ အဲ့ဒီနေ့က မြတ်ထူးနိုင် သူ့ဆီကို လာတယ်။ ပြီးခဲ့တော့ ထုတ်ဖို့စာမူ လာတောင်းတယ်။ အဲ့ဒီမှာ ဒီကောင့်စာမူ မှားယူသွားတာ ထင်တယ်။

ဒီကောင် ဘယ်သူ့နဲ့ မှားသွားတာလဲ။

တစ်ခုချင်းစီ ပြန်စဉ်းစားရင်း မပေါ်ဘဲဖြစ်နေသည်။

"ကလင်. . . ကလင်. . ."

ထိုစဉ်ပင် ဖုန်းမြည်လာ၏။

ချက်ချင်းပင် ဖုန်းကောက်ကိုင်လိုက်သည်။

"ဟယ်လို. . . ဆရာလား"

မြတ်ထူးနိုင်ပင် ဖြစ်သည်။



"ဟေ့ကောင် မင်း ဘာတွေလုပ်နေတာလဲ၊ မြင့်မိုက ဘယ်သူလဲ"

ဒေါသဖြစ်နေသောကြောင့် စိတ်ထဲရှိရာ တရစပ် ဆူပစ်လိုက်သည်။

"ဟာ. . . ဆရာ့ စားပွဲပေါ်က ယူသွားတဲ့ ဆရာတင်မယ့် စာရေးဆရာမ အသစ်လေ"

"ဘာကွ. . . ငါတင်မယ့် အသစ်နာမည်က 'မေဆူးပန်း' ကွ. . . ဘယ့်နှယ့် မြင့်မိုဖြစ်ရမှာလဲ၊ မင်းကွာ အခုတော့ သွားပြီ"

စာအုပ်တွေက ဈေးကွက်မှာ ဖြန့်ပြီးနေလောက်ပြီ ဖြစ်သည်။

"မှားသွားတာပဲ ကောင်းတာလား မသိဘူး ဆရာ"

"ဘာဖြစ်လို့လဲ"

"နှစ်ရက်အတွင်း အဲ့ဒီစာအုပ်က ဈေးကွက်ထဲမှာ အရောင်းပြတ်သွားတယ် ဆရာ"

"ဘာ. . ."

ဦးဝင်းပင် သူ့နား သူ မယုံနိုင်ဘဲ ဖြစ်သွားသည်။ စာရေးဆရာအသစ်တင်ခဲ့ပေါင်း များပြီဖြစ်သည်။ နှစ်ရက်အတွင်း စာအုပ်ရောင်းဖို့ မရှိဘဲဖြစ်သွားသည့် စာရေးဆရာအသစ်တစ်ယောက်ကိုတော့ သူ မတွေ့သေးချေ။

သေချာအောင် ထပ်မေးရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . . မင်းက ငါ့ဆူမှာစိုးလို့ လျှောက်ပြော နေတာလား"

"ဘယ်ကသာ ဆရာရယ်၊ ဆရာပြန်လာလို့ အမှန် သိရင် လည်း ကျွန်တော်ပဲ အဆူခံရမှာလေ၊ အခုဟာက တကယ် ဆရာရဲ့ ရုံးကို စာအုပ်ဆိုင်တွေက ဖုန်းတဂွမ်ဂွမ် ဆက်နေတာ မနက် ကတည်းကပဲ"

သူ ဖုန်းဆက်တာ ဖုန်းတွေ အဲ့ဒါကြောင့် မအားတာ ဖြစ် မည်။

"နေပါဦး. . . အဲ့ဒီမြင့်မိုဆိုတာ ဘယ်သူလဲ"

"ဟင်. . . မသိဘူးလေ၊ ဆရာ့အခန်းထဲက စားပွဲပေါ်က ယူသွားတာပဲ"

ဦးဝင်း စဉ်းစားရ ကြပ်သွားသည်။

မြင့်မို. . . မြင့်မို။ ဘယ်သူပါလိမ့်။

သူ ပြန်မှတ်မိဖို့ ကြိုးစားရင်း ရုံးခန်းထဲသို့ ဝင်လာသော စာရေးဆရာပေါက်စလေးကို သတိပြန်ရမိသည်။

"ဟော့. . . အဲ့ဒီမူရင်းစာမူထဲမှာ ဆက်သွယ်ရမယ့် လိပ်စာလေး ဘာလေး မပါဘူးလား"

■

(၇)

အိပ်ရာပေါ်ကနေ ဆတ်ခနဲ လန့်နိုးသွား၏။ ထုံးစံအတိုင်း အိပ်မက်ကြောင့် လန့်နိုးသွားခြင်း ဖြစ်သည်။

ထို့ကြောင့် အိပ်ရာပေါ်မှ ခပ်မြန်မြန်ထပြီး ဘေးရှိ စာရေး စားပွဲတွင် ဝင်ထိုင်ကာ ရေးလက်စ စာမူစာအုပ်ကို လှမ်းဆွဲယူလိုက် ၏။

ခုနက မက်ခဲ့သော အိပ်မက်ကို တစ်ချက် ပြန်စဉ်းစား မိသည်။ အတွေးထဲတွင် ရှင်းရှင်းလင်းလင်း ပြန်မြင်ရ၏။ ထို့နောက် တစ်ခုချင်းစီ ချရေးလိုက်သည်။

------------------------------------------

------------------------------------------

------------------------------------------

------------------------------------------

www.burmeseclassic.com

www.burmeseclassic.com



---

ရေးနေသောလက်က အရှိန်တန့်သွားသည်။ နောက်ထပ် စာတစ်ကြောင်းရေးပြီး ထိုအခန်းကို အဆုံးသတ်လိုက်၏။

ဇာတ်ဝတ္ထုသည် သူ၏ ဒုတိယမြောက် လုံးချင်းဖြစ်သည်။ ပထမဝတ္ထုကိုတော့ တိုက်တစ်တိုက်ကို အတင်းထိုးပေးထား၏။ ထွက်ဖြစ်၊ မထွက်ဖြစ် မသိပေ။

အခုလည်း ဝါသနာအရရော၊ စိတ်ရဲ့ စေ့ဆော်မှုကြောင့်ရော ဒုတိယစာအုပ်ကို ရေးမိနေပြန်သည်။

လက်ထဲက ဘောပင်ကို ချလိုက်သည်။ ဒီနေ့တစ်နေ့လုံး ဆက်ရေးလို့ ရတော့မည်မထင်။

ထို့ကြောင့် စာရေးစားပွဲပေါ်မှထပြီး နောက်ဖေးတွင် တစ်ခုခု စားစရာရှိလို့ရှိငြား ဝင်ကြည့်လိုက်သည်။

တစ်ယောက်တည်းနေသော အိမ်ဖြစ်သည့်အတွက် နောက်ဖေးတွင် ရှုပ်ပွနေ၏။ တော်တော်ကြီးကို နေလို့မရဖြစ်တဲ့ အခြေအနေရောက်မှသာ အိမ်ကို ရှင်းလေ့ ရှိသည်။

ရေခဲသေတ္တာထဲ တစ်ချက်ကြည့်သည်။ ယိုဘူးအခွံနှင့် ပေါင်မုန့်တစ်ချပ်သာ တွေ့ရသည်။ ပေါင်မုန့်ကလည်း မာနေ၏။

ထို့ကြောင့် လက်ကျန်အအေးပုလင်းကိုပဲ ယူပြီး အိမ်ရှေ့တိုက်ခန်းဝရံတာဘက် ထွက်လာခဲ့သည်။

အခုမှပဲ အပြင်လေကို ရှူရှိုက်ရ၏။ အိပ်လိုက်၊ စာရေးလိုက်၊ အိပ်မက် မက်လိုက်နှင့် လုံးလည်ချာလိုက်နေသော သူ့ဘဝကို သူ့ဘာသာသူ ကျေနပ်နေမိသည်။



ဒီလိုလွတ်လပ်တဲ့ဘဝ၊ ကိုယ်လုပ်ချင်တာ လုပ်ရတဲ့ဘဝ လောက် ကောင်းတဲ့ဘဝ မရှိပေ။

သူ့မှာ ခပ်ကျဉ်းကျဉ်း တိုက်ခန်းနှစ်ခန်း ရှိသည်။ မိဘ အမွေဆိုပါတော့။ တစ်ခန်းကို သူနေသည်။ တစ်ခန်းကတော့ အငှား တင်ထား၏။

ထိုဝင်ငွေလေးသာ သူ့မှာ ရှိသည်။ သို့သော်လည်း သူ ဖြစ်ချင်သော စာရေးဆရာဘဝကို ဖြစ်ဖို့အတွက် စားရေး သောက်ရေးကတော့ သူ့တစ်ယောက်စာ ဖူလုံသည်။

ခြေထောက်က ဝရန်တာရှိ သတင်းစာကို တက်နင်းမိ၏။ မနက်ကတည်းက သတင်းစာ မဖတ်ဖြစ်သေးတာကို သတိရမိသည်။

သတင်းစာကို ကောက်ယူပြီး အအေးပုလင်းကို ဝရန်တာရှိ ခုံပေါ်တင်ကာ ထုံးစံအတိုင်း သတင်းစာကို အနောက်ကနေ စလှန် ဖတ်ရှုကြည့်မိသည်။

လှန်လှန်ခြင်းပဲ စာလုံးအမည်းကြီးနဲ့ ကြော်ငြာတစ်ခုကို တွေ့လိုက်ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် မြင့်မိုသည် အောင်မြင်သော စာရေးဆရာ တစ်ယောက် ဖြစ်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၈)

ပင့်ပင့်သည် သူ့ချစ်သူကို နှုတ်ဆက်ပြီးနောက် လမ်းကြား လေးထဲသို့ ချိုးကွေ့ဝင်လိုက်သည်။

ခဏအကြာ နောက်ကို လှည့်ကြည့်လိုက်ရာ သူ့ချစ်သူ ပွားမောင်က သူ့ကို ရပ်ကြည့်နေဆဲဖြစ်တာကို တွေ့ရသည်။

ပင့်ပင့်လည်း လက်ပြနှုတ်ဆက်လိုက်၏။ အခုလိုပဲ ညနေ ခင်းတိုင်းသည် သူတို့ချစ်သူနှစ်ဦးအတွက် နှုတ်ဆက်နေကြအချိန် ဖြစ်သည်။

သင်တန်းတက်သည်။ လျှောက်လည်ကြသည်။ ညနေ ရောက်တော့ သူ့ချစ်သူက လမ်းကွေ့ လူရှင်းသောနေရာအထိ လိုက်ပို့သည်။

သူမကို မြင်ကွင်းက ပျောက်ကွယ်သွားသည်အထိ ပွား မောင် ရပ်ကြည့်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သူမအနေနဲ့ သူ့အပေါ်ကို သံယောဇဉ် ပိုမိတာလည်း ဖြစ်ပေလိမ့်မည်။

လမ်းမကြီးကသွားလျှင် သူမအိမ်မှာ ခပ်မြန်မြန်ရောက် သော်လည်း လမ်းကြို့လမ်းကြား လူရှင်းသောနေရာက သွားလာရင်း ချစ်သူနှင့် လက်တွဲလျှောက်ရသည့် ကြည်နူးမှုမျိုးကို ရချင်သော ကြောင့် တမင်သက်သက် ဒီလိုလမ်းမျိုးက လာခြင်းဖြစ်သည်။

လက်ကနာရီကို ကြည့်လိုက်သည်။ ပြန်နေကျအချိန်ထက် နည်းနည်းစောနေသေးသည်။

မနက်ဖြန်ကလည်း သင်တန်းပိတ်ရက်ဖြစ်သည်။ အပြင် ထွက်လို့ ရမှာမဟုတ်။

ဒါနဲ့ ငှားနေကျ စာအုပ်အငှားဆိုင်ရှေ့ရောက်တော့ မနက် ဖြန် အပြင်မထွက်ရမယ့်အတူတူ အသစ်ထွက် စာအုပ်လေးများ ရှိလိုရှိငြား ဝင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

စာအုပ်မငှားဖြစ်တာလည်း ကြာနေပြီဖြစ်သောကြောင့် တစ်အုပ်တလေ ငှားသွားရန်လည်း စိတ်ကူးမိသည်။

ဆိုင်ထဲသို့ သူမ ဝင်သွားချိန်တွင် အချိန်စောလို့လားမသိ လူရှင်းနေ၏။ ဆိုင်ရှင်အဒေါ်ကြီးသာ ကောင်တာတွင် ထိုင်နေတာကို တွေ့ရသည်။

"အံမယ် ရန့်စစ်ပါလား၊ မလာတာတောင် ကြာပြီ"

ဆိုင်ရှင်အဒေါ်ကြီးက သူမကို မှတ်မိပြီး နှုတ်ဆက်၏။



သူမကလည်း ရှည်ရှည်ဝေးဝေး ပြန်ပြောမနေတော့ဘဲ ဟုတ်ကဲ့ဟုသာပြောပြီး စာအုပ်များကို လိုက်ကြည့်နေလိုက်သည်။

ကာတွန်းတွေ တစ်အုပ်ချင်းစီ လိုက်ကြည့်သော်လည်း သူ ဖတ်ပြီးသည့်စာအုပ်တွေသာ များနေသည်။ အသစ်မရောက်ဘူး ထင်သည်။

မဂ္ဂဇင်းတန်းဘက်ကို ကြည့်လိုက်ရာ အသစ်ထွက်ထား သည့် စာအုပ်များကို တွေ့၏။ သို့သော် စာအုပ်အထူများမှာ နည်းနည်းနောနော မဟုတ်သောကြောင့် မသယ်ချင်တဲ့စိတ်နဲ့ပဲ ကျော်သွားလိုက်သည်။

လုံးချင်းဝတ္ထုသစ်တွေကတော့ တော်တော်များများ တွေ့ရ သည်။

သူမ ကြိုက်သည့် စာရေးဆရာမ၏ ဝတ္ထုကို လှမ်းယူလိုက် သည်။

"အန်တီ ဒီဝတ္ထုကောင်းလား"

"နာမည်ကြီးပဲ သမီးရယ်၊ ကောင်းတာပေါ့၊ ဖတ်ဖူးတဲ့ တော်တော်များများ ကောင်းတယ်လို့ ပြောကြပါတယ်"

"ဒါဆို ဒါယူမယ်"

ကောင်တာပေါ်သို့ စာအုပ်ကို တင်ပေးလိုက်သည်။ အဒေါ်ကြီးက လယ်ချာစာအုပ်ဖွင့်ပြီး ရေးမှတ်နေစဉ်တွင်း စားပွဲ ပေါ်က အသစ်ထွက်စာအုပ်များကို ကောက်ယူကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီစာအုပ်တွေက အသစ်တွေလား အန်တီ"

"ဟုတ်တယ်. . . အသစ်တွေ၊ အခု သမီးကိုင်ထားတဲ့ စာအုပ်ဆိုရင် တော်တော်လူကြိုက်များပြီး ပေါက်နေတဲ့ စာအုပ်ပေါ့"

ပေါက်နေသည်၊ လူကြိုက်များနေသည်ဆိုသောကြောင့် စာရေးသူ၏ ကလောင်ကို ကြည့်မိသည်။ မြင့်မို။

စာအုပ်နာမည်က 'တဝမ်းပူလေး' ဖြစ်သည်။ စာအုပ်နာမည်ကို တွေ့လိုက်သောအခါ နည်းနည်းတော့ မျက်မှောင်ကျုတ်လိုက်မိ၏။

မည်သို့ဆိုသော် ထိုစကားလုံးသည် သူ့ချစ်သူ ပွားမောင်နှင့် သူမတို့သုံးသော စကားလုံး ဖြစ်သည်။

တီတီကျကျ ဆိုရပါလျှင် ချစ်သူဖြစ်ပြီး တစ်ရက်မှာ ပွားမောင်ကို သူမက ချစ်သူဘဝဆိုတာ ဘယ်လိုမျိုးလဲဆိုပြီး မေးကြည့်ဖူးသည်။

ထိုအခါ ပွားမောင်က ချစ်သူဘဝဆိုတာ 'တိုးတိုးတိတ်တိတ် တီတီတာတာ'လေးတွေနဲ့ ဖွဲ့စည်းထားတဲ့ ဘဝဆိုပြီး ပြန်ဖြေဖူးသည်။

ဒါကို သူမက 'တဝမ်းပူလေး'တွေရှိတဲ့ ဘဝပေါ့ဆိုပြီး နောက်ပြောင်ကာ ခေါင်းစဉ်တပ်ဖူး၏။

ထို့ကြောင့် ပင့်ပင့်သည် သူမလက်ထဲက စာအုပ်ကို စိတ်ဝင်စားသွားပြီး အနည်းငယ် လှန်ကြည့်လိုက်၏။



"ဟင်. . ."

အထိတ်တလန့် ဖြစ်သွားပြီး လက်ထဲက စာအုပ်ပင် လွတ်ကျသွားမလို ဖြစ်သွားလေ၏။

မည်သို့ဆိုသော် ဝတ္ထုထဲက ဇာတ်ဆောင်မင်းသမီး၏ နာမည်မှာ ပင့်ပင့်ဟု ရေးထားတာ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထိုတစ်ခုတည်းတင် မဟုတ်သေးဘဲ ထိုဝတ္ထုထဲရှိ ပင့်ပင့်၏ ချစ်သူကောင်လေးနာမည်မှာလည်း ပွားမောင်ဆိုသည့် နာမည် ဖြစ်နေသောကြောင့် သူမ အလန့်တကြား ဖြစ်သွားခြင်း ဖြစ်သည်။

စိတ်ထဲက အနည်းငယ် ထူးဆန်းသည်ဟု ခံစားမိသောကြောင့်-

"အန်တီ ဒီစာအုပ်လေးပါ ယူမယ်"

ဟုဆိုပြီး ရေးမှတ်ခိုင်းလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၉)

သူမသည် လက်ထဲက ဝတ္ထုကို ဖတ်နေရင်းနှင့်ပင် ကြောက်လန့်လာလေ၏။ ဤဝတ္ထုထဲက ဇာတ်လမ်းသည် သူမနှင့် သူမချစ်သူ ပွားမောင်၏အကြောင်း ရေးသားထားခြင်းဖြစ်တာကို ဘယ်လိုမှ ငြင်းလို့ မရနိုင်ချေ။

သူမ၏နာမည်အရင်း ရန့်စစ်၊ သူ့ချစ်သူခေါ်သည့် နာမည် ပင့်ပင့် (ပန်းရောင်းလေးသန်းနေသည်ဟု ချစ်စနိုးခေါ်သည့် ပွားမောင်၏ အသုံးအနှုန်း) ဖြစ်သည်။

ထိုအသုံးအနှုန်းကိုလည်း ဇာတ်လမ်းထဲတွင် ထည့်ရေးထားပြီး၊ ချစ်သူက ဘာကြောင့်ခေါ်တယ်ကအစ ရေးသားထား၏။

ပို၍ပြီးထူးခြားတာက ပွားမောင်။ ပွားမောင်၏ နာမည်အရင်းမှာ ပိုင်ဖြိုးဖြစ်သည်။ ရည်းစားဖြစ်ခါစက သူမကို 'မောင်'ဟု ခဏခဏခေါ်ခိုင်းပြီး ပွားလွန်းသောကြောင့် ပွားမောင်ဟု သူမက



အခုချိန်အထိ ချစ်စနိုးခေါ်နေခြင်းဖြစ်သည်။ အခြား ဘယ်သူတစ်ဦးတစ်ယောက်မှ မသိနိုင်သည့်ကိစ္စကို ဒီဝတ္ထုထဲတွင် အသေးစိတ် ထည့်ရေးထား၏။ သူမ၏ အဖေနာမည်၊ အမေ နာမည်၊ ပွားမောင်၏ အဖေနာမည်၊ အမေနာမည်များ။ သူတို့ စကြိုက်ခဲ့တဲ့ အဖြစ်အပျက်။ ပြောခဲ့သည့် စကားများ။ ရန်ဖြစ်တာက အစ။ နေရာများအဆုံး အားလုံး အားလုံး တူညီနေလေ၏။

မတူညီတာဆိုလို့ နောက်ဆုံးအခန်း (၄)ခန်းမှာ သူမတို့ ကြုံတွေ့ဘူးခြင်းမရှိဘဲ ဝတ္ထုထဲက ပွားမောင်မှာ မတော်တဆဖြစ်ပြီး သေသွားခြင်းသာ သူမတို့ အဖြစ်အပျက်နဲ့ မတူဘဲ ဖြစ်နေ၏။

ဝတ္ထုထဲက အခြားဇာတ်ကွက်များက သူမတို့နဲ့ ထပ်တူထပ်မျှ တူနေ၏။

အခန်းတစ်ခန်းရှိ ဒိုင်ယာလော့တချို့ကို နောက်တစ်ခေါက်ပြန်ဖတ်မိသည်။

"ကျွန်မသေသွားရင် ရှင်တစ်ယောက်တည်း ကျန်ခဲ့မှာဆိုတော့ အထီးကျန်ဆိုတဲ့သဘောပေါ့နော် ဟုတ်လား"

"ငါသေသွားရင်လည်း နင်က အစ်မကျန်မှာပေါ့ မဟုတ်ဘူးလား"

"အစ်မကျန်ဆိုတာ မရှိဘူးလေ၊ အထီးကျန်ပဲရှိတာ"

ထိုစကားလုံးများအတိုင်း သူတို့နှစ်ဦး အပြင်မှာ ပြောခဲ့ဖူးကြသည်။ မဖြစ်ဘူး။ မဖြစ်ဘူး။ ဒီစာရေးဆရာ ဘယ်သူလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ငါတို့အကြောင်းကို သိနေရတာလဲ။ စာရေးဆရာက ပွားမောင်ပဲလား။

မဖြစ်နိုင်ပါဘူး။ သူမကိုပေးတဲ့ ရည်းစားစာတောင် သူများ ရေးခိုင်းရတယ်ဆိုတော့ ဒီလိုမျိုးစာအုပ်ရေးတာ သူ မဖြစ်နိုင်ဘူး။

စာရေးတာတို့ ဘာတို့ကို ဝါသနာပါတယ် ဆိုတာလည်း မကြားဘူးချေ။ ဒါမှမဟုတ် စာရေးတာဝါသနာပါတဲ့ သူငယ်ချင်း တစ်ယောက်ယောက်ကိုများ သူက ပြောပြမိတာလား။

အဲ့ဒါဖြစ်နိုင်တယ်ဟုတွေးပြီး ပွားမောင်ကို ချက်ချင်းပင် ဖုန်းဆက်ကြည့်လိုက်သည်။

"တီ. . . တီ. . . တီ"

"ဟယ်လို"

"ပွားမောင်လား"

"အင်း. . . ဟုတ်တယ်၊ ပင့်ပင့် အိမ်ပြန်ရောက်သွားပြီလား"

"ရောက်ပြီ၊ အဲဒါ အသာထားပါဦး၊ ပင့်ပင့်တို့ အကြောင်းကို ရှင် တစ်ယောက်ယောက်ကိုများ ပြောပြမိသေးလား"

"ဟင်. . . ဘာကိုပြောရမှာလဲ"

ပွားမောင်က သူမစကားကြောင့် အူကြောင်ကြောင် ဖြစ်သွားပုံရသည်။

ထို့ကြောင့် သူမကလည်း စာအုပ်ငှားဖြစ်သည်မှစပြီး



အကြောင်းအရာအစုံကို ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်ရသည်။

"ဟုတ်. . . ဟုတ်လို့လား ပင့်ပင့်ရယ်"

"ဩော်. . . မဟုတ်ဘဲနဲ့ ပြောပါ့မလား"

"မောင်. . . မောင်လည်း ဘယ်သူ့ကိုမှ မပြောပြဖူးဘူး၊ ရှိတဲ့သူငယ်ချင်းတွေကလည်း သူ့အတွဲနဲ့သူဆိုတော့ မောင်ပြောပြချင်တာတောင် သူတို့က နားထောင်မယ့်သူတွေ မဟုတ်ဘူး"

ဒါတော့လည်း ဟုတ်သည်။ ပွားမောင် သူငယ်ချင်းတော်တော်များများကို သူမလည်း သိသည်။

အခြားသူများအကြောင်းကို စိတ်ဝင်စားတတ်တဲ့သူများ မဟုတ်ချေ။

"ဒါဆို. . . ဒီစာအုပ်ထဲက ဇာတ်ကွက်တွေက ပင့်ပင့်တို့နဲ့ ဘာဖြစ်လို့ လာတူနေရတာလဲ"

"ဝတ္ထုဇာတ်လမ်းပဲ ပင့်ပင့်ရယ်၊ တိုက်ဆိုင်တာလေးတွေ ဘာလေးတွေ ရှိမှာပေ့ါ၊ အချို့ဗွီဒီယိုဇာတ်လမ်းတွေ ကြည့်ပါလား၊ သူငယ်ချင်းကနေ ချစ်သူဖြစ်သွားကြတယ်၊ အဲ့ဒီလိုဇာတ်လမ်းမျိုးတွေ အများကြီးပဲ"

သူမနှင့် ပွားမောင်က သူငယ်ချင်းဖြစ်ရာကနေ ချစ်သူဖြစ်သွားခြင်းကို ပွားမောင်က ဆိုလိုခြင်း ဖြစ်သည်။

"မဟုတ်ဘူး၊ အခုဟာက နာမည်တွေရော၊ အဖြစ်အပျက် အသေးစိတ်တွေရော၊ စကားပြောတွေရော တူညီနေတာ၊ ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



နားထောင်ကြည့် ဝတ္ထုထဲက တစ်နေရာကို ဖတ်ပြမယ်"

ပွားမောင်က ယုံကြည်ပုံ သိပ်မရသော်လည်း နားစွင့်နေသောကြောင့် ခုံပေါ်တင်ထားသော စာအုပ်ကို လှမ်းယူပြီး ကျရာအခန်းတစ်ခန်းကို ဖွင့်လိုက်သည်။

"အဲ့ဒီနေ့က ပင့်ပင့်ကို ပွားမောင်က စိတ်ဆိုးနေ၏။ အိမ်ကထွက်ကတည်းက ပင့်ပင့်ဆီကို ဖုန်းဆက်နေတာ ပင့်ပင့်က ဖုန်းမကိုင်သောကြောင့် စိတ်ဆိုးနေခြင်း ဖြစ်၏။ ထို့ပြင် အိမ်က မိဘများနှင့်လည်း ကတောက်ကဆ ဖြစ်ခဲ့သောကြောင့် ထိုနေ့က ပိုဆိုးလေ၏။

ပြီးနောက် ချိန်းဆိုထားသည့်နေရာသို့ ပင့်ပင့်က ရောက်မလာခဲ့လေ။ ဘာဖြစ်တာလဲ၊ နေမကောင်းလို့လား။ အချိန်တန်၍ ရောက်မလာသောကြောင့် စိတ်ဆိုးတာများ ပျောက်သွားပြီး စိုးရိမ်ပူပန်လာလေ၏။

ထို့ကြောင့် ဖုန်းကိုထုတ်ကာ ပင့်ပင့် ဟန်းဖုန်းကို ထပ်ဆက်ကြည့်လိုက်၏။

အတန်ကြာသည်အထိ ဖုန်းမြည်သော်လည်း တစ်ဖက်က ပြန်မထူးချေ။ ခဏအကြာမှ-

"ဟယ်လို"

ဟုဆိုပြီး ယောကျ်ားတစ်ယောက်၏အသံ ထွက်ပေါ်လာလေ၏။



ပင့်ပင့်က စာသားများ ရွတ်ပြနေတာကို ရပ်လိုက်လေ၏။

"ဟင်. . . အဲ့ဒါ ပင့်ပင့် ဖုန်းပျောက်သွားပြီး အခြားလူတစ်ယောက် ကောက်ရထားတုန်းက အဖြစ်အပျက်မှတ်လား"

"ကဲ. . . ယုံပြီလား၊ သူက အဲ့ဒါတွေ ဘယ်လိုသိနိုင်တာလဲ"

"အင်း. . . အဲ့ဒါတော့ စဉ်းစားစရာပဲ"

"ဒါနဲ့ မေးရဦးမယ်"

"ဘာလဲ"

"ရှင်. . . ဒိုင်ယာရီတွေ ဘာတွေများ ပျောက်သွားသေးလား"

"ဘာဒိုင်ယာရီလဲ"

အရေးထဲ အတွေးမပေါက်ဘဲ ပြန်ရှင်းပြရသေးသည်။

"ဟိုလေ. . . ပင့်ပင့်တို့အကြောင်းကို ရှင်က ဒိုင်ယာရီလေးထဲမှာ ရေးထားပြီး အဲ့ဒီဒိုင်ယာရီလေးက ပျောက်သွား၊ သူက ရပြီး ရေးတာရော မဖြစ်နိုင်ဘူးလား၊ အဲ့ဒါ မေးတာ. . . ရှင်က လည်း ရှင်းပြလိုက်ရတာ"

"ပေါက်ပေါက်ရှာရှာ. . . သင်တန်းကစာတောင် ပြီးအောင် မရေးချင်တာ၊ ဒီလိုမျိုး ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးရတဲ့ ဒိုင်ယာရီဆို ပိုတောင် ဆိုးသေး"

အရေးထဲ ခံစားချက်မရှိလိုက်တာဆိုပြီး တွေးမိသေးသည်။

"နေပါဦး ပင့်ပင့်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အဲ့ဒီဝတ္ထုထဲမှာ မောင်က သေသွားတာမှတ်လား၊ ပြီးတော့ နောက်ပိုင်းအခန်းတွေက မတွေ့ဘူးလေ၊ မောင်ကလည်း အကောင်းကြီး ရှိသေးတယ်၊ တိုက်ဆိုင်တာလည်း ဖြစ်မှာပါကွာ၊ အပြင်မှာတောင် လူတစ်ယောက်က သူ တွေ့ဖူးကြုံဖူးတဲ့ အဖြစ်အပျက်တစ်ခုကို ပြန်ပြောရင်တောင် တစ်ခါတစ်ခါ အဲ့ဒီအဖြစ် အပျက်ဟာ မောင်ကြုံဖူးခဲ့တဲ့ အဖြစ်အပျက်မျိုးပါလားဆိုပြီးတောင် ဖြစ်သေးတယ်"

ပွားမောင်ကတော့ ဒါဟာတိုက်ဆိုင်မှုတစ်ခုဟုပဲ ပြောနေတော့၏။

သူမကတော့ ဘာပဲဖြစ်ဖြစ် ဒီဝတ္ထုသည် သူမတို့နှစ်ယောက် အကြောင်းကို ရေးထားတာပဲ ဖြစ်မည်။

ဘာဖြစ်လို့ ဒီလိုရေးရတာလဲ။ စာရေးဆရာက ဘယ်သူလဲ။ လက်ထဲကစာအုပ်ရဲ့ အရှေ့ကို လှန်ကြည့်လိုက်ရာ စာအုပ်တိုက်ဖုန်းနံပါတ်ကို တွေ့ရသည်။

ဆက်ကြည့်ပြီး စာရေးဆရာအကြောင်းကို စုံစမ်းကြည့်ရင်ကောင်းမည်။ အသိမိတ်ဆွေဖြစ်ပါက အမြင်ရှင်းသွားနိုင်သည်။

ထို့ကြောင့် ပွားမောင်ကို 'ဒါပဲ'ဟု ခပ်မြန်မြန်ပြောပြီး ဖုန်းချလိုက်၏။

■

စာအုပ်တိုက်သို့ ဖုန်းဆက်ပြီး စာရေးဆရာအကြောင်းကို မေးလိုက်သောအခါတွင် သူမနှင့် မရင်းနှီးသော စာရေးဆရာ၏ နာမည်အရင်းကိုသာ သိရ၏။

အခြားအချက်အလက်များကို မသိရ။ ထို့ပြင် စာရေးဆရာ၏ အင်တာဗျူးအား ဒီအပတ်ထွက်. . . . . ဂျာနယ်တွင် ဖော်ပြထားသည်ဟု ဆိုသောကြောင့် ရှာဖွေဖတ်ရှုကြည့်သော်လည်း ဂျာနယ်ပါ ဓာတ်ပုံ အရ သူတို့နှစ်ယောက်စလုံးနှင့် သိသော အသိမဟုတ်တာ သေချာသွားခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် နောက်တစ်ပတ်ခန့်ကြာသောအခါတွင်. . .

(၁၀)

ရေးလက်စစာမူ၏ ဇာတ်သိမ်းခန်းကို အဆုံးသတ်လိုက်၏။ မနက်ပိုင်းအိပ်ရာက နိုးနိုးချင်း စာထရေးနေသောကြောင့် အခုမှပဲ မျက်နှာသစ်ကာ မနက်စာစားဖို့ ပြင်ဆင်ရတော့သည်။

ထုတ်ဝေသူက နောက်တစ်အုပ်အတွက် စီစဉ်စရာရှိတာလေးတွေကို စီစဉ်ထားရအောင် စာမူ စောစောလေး ပေးစေချင်သည်ဟု ဆိုထားသောကြောင့် ဒီနေ့ပဲ စာအုပ်တိုက်ကို သွားပေးရမည်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူ့ရဲ့ပထမဆုံးစာအုပ် 'တဝမ်းပူလေး' စာအုပ်ထွက်ခဲ့တာ တစ်လနီးပါး ရှိနေပြီဖြစ်သည်။

ပရိသတ်တော်တော်များများ လက်ခံကြသည်ဟုဆိုသောကြောင့် ဝမ်းသာအားရ ဖြစ်ခဲ့ရသည်။

ယခုလက်ရှိ ရေးပြီးသားစာအုပ်ကိုလည်း ပထမစာအုပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကွာဘဲ ထွက်နိုင်အောင် ရေးသားခဲ့ရလေသည်။

စိတ်ကူးတွေ၊ အိပ်မက်တွေ၊ ပြင်ရာ၊ ဖျက်ရာများနှင့် တစ်လလုံးလုံး အခန်းအောင်းကာ ရေးခဲ့ပြီး ဒီနေ့မှပင် အဆုံးသတ်နိုင်ခြင်းဖြစ်သည်။

မျက်နှာသစ်၊ ရေချိုးကာ မနက်စာကို အပြင်ဆိုင်တစ်ဆိုင်မှာစားပြီး စာအုပ်တိုက်သို့ ထွက်လာခဲ့၏။

ဒီတစ်ခေါက် စာအုပ်တိုက်သို့ ဝင်သောအခါ အရင်တစ်ခေါက်ဝင်သလို မဟုတ်တော့၊ စာရေးမလေးက သူ့ကို ထပြီးနှုတ်ဆက်၏။

ထုတ်ဝေသူ ဦးဝင်း အထဲမှာ စောင့်နေသည်ဟုလည်း ချိုချိုသာသာ ပြန်ပြောလေ၏။

အခန်းထဲဝင်သွားတော့ ဦးဝင်းက ထုံးစံအတိုင်း အလုပ်ရှုပ်နေလေသည်။

သူဝင်လာတာမြင်တော့ ဦးဝင်းက လုပ်လက်စအလုပ်ကို ချထားပြီး သူ့ကို ထနှုတ်ဆက်၏။

"ကိုမြင့်မိုကို စောင့်နေတာ၊ စာမူ ပြီးသွားပြီလား"

သူ့အသက်နှင့် ဦးဝင်းအသက်မှာ များစွာကွာဟသော်လည်း ဦးဝင်းက သူ့ကို 'ကို'တပ်ခေါ်၏။

ပထမတော့ 'ကို' တပ်မခေါ်ပါနဲ့ ဦးဝင်းရယ်ဟု ဆိုသော်လည်း ဘယ်လိုမှ ပြောမရသည့်အတွက် ဒီအတိုင်းပဲ ထားထားလိုက်



သည်။

သူကတော့ 'ဦးဝင်း'ဟုသာ ခေါ်၏။

"ဒီတစ်ခေါက် စာအုပ်နာမည်က ဘာလဲ ကိုမြင့်မို"

"အမွေဆိုင် . . . လို့ ပေးထားပါတယ်"

"ကောင်းတယ်၊ ဪ . . . ဒါနဲ့ ကိုမြင့်မို ငွေကြေး လိုသေးလား၊ အားမနာနဲ့နော်"

"ဟိုတစ်ခါ ဦးဝင်းပေးထားတာ ကျန်ပါသေးတယ်၊ လိုတော့မှ ကျွန်တော် ပြောပါ့မယ်"

လွယ်အိတ်ထဲက စာမူကိုထုတ်ပြီး ဦးဝင်း စားပွဲပေါ် တင်ပေးလိုက်၏။

ဦးဝင်းက တစ်ချက်နှစ်ချက် လှန်ကြည့်ပြီး ခေါင်း တဆတ်ဆတ် ညိတ်လေ၏။

ထို့နောက် စာမူကို စားပွဲ၏ ထောင့်တစ်နေရာကို တင်ထားလိုက်ပြီး-

"ဪ . . . ဒါနဲ့ ကိုမြင့်မိုဆီကို ပရိသတ်တွေက ပို့တဲ့စာတွေကို ပေးရဦးမယ်၊ စာတွေကိုတော့ ဦးက ဖောက်ဖတ်ကြည့်ထားတယ်၊ အဲ့ဒါတော့ စွမယူပါနဲ့ ကိုမြင့်မို၊ ဦးက အကျင့်ပါနေလို့ပါ၊ ဖုန်းတွေလည်း လာတယ်၊ ဦးပဲ ဗိုင်ခံဖြေနေရတယ်"

"ရပါတယ် ဦး"

"ပရိသတ်တွေကတော့ တော်တော်ကြိုက်ကြတယ်ကွ၊

www.burmeseclassic.com



ဦးလည်း အဲ့ဒီလို ဖတ်ရ၊ ကြားရတော့ ကျေနပ်စရာပေါ့ကွာ၊ ဟုတ်ဘူးလား၊ ရေးထားတာတွေကတော့ အမျိုးမျိုးပါပဲကွာ"

သူက ဦးဝင်းစကားကို နားထောင်ရင်း ပြုံးပဲပြုံးနေလိုက်သည်။

"စာတစ်စောင်ကဆိုရင် စိတ်ကူးယဉ်တာလေးတောင်ပါသေးတယ်"

"ဘာများလဲ ဦး"

"တဝမ်းပူလေး ဝတ္ထုက သူတို့ချစ်သူနှစ်ဦးအကြောင်းကို ရေးထားတာဖြစ်နေတယ်တဲ့၊ ဒါပေမဲ့ နောက်ဆုံးအခန်း လေးခန်းလောက်တော့ မတွေ့ဘူးလို့ စာထဲမှာ ထည့်ရေးထားတယ်၊ ဖုန်းလည်း ဆက်တယ်ကွ၊ ဦးကတော့ ဆယ်ကျော်သက်လေးတွေ ဇာတ်လမ်းထဲကအတိုင်း စိတ်ကူးယဉ်ပြီး ပြောနေတာကို ဘာမှ ပြန်မပြောဘဲ နားထောင်နေလိုက်ပါတယ်ကွာ၊ အဲ. . . ဒါပေမဲ့ စာရေးပြီး တစ်ပတ်လောက်ကြာတော့ စာရေးတဲ့ကောင်မလေးပဲ ဦးတို့တိုက်ကို ဖုန်းဆက်ပြီး အရင်တုန်းက မတွေ့ခဲ့တဲ့ ဝတ္ထုထဲက နောက်ဆုံး အခန်းတွေအတိုင်း သူတို့ချစ်သူနှစ်ဦး ဖြစ်ပျက်ခဲ့တယ်၊ သူ့ချစ်သူလည်း ဝတ္ထုထဲကအတိုင်း သေသွားတယ်ဆိုပြီး ငိုယိုကြိမ်းမောင်း ပြောပါလေရောကွာ"

သူကတော့ စိတ်ဝင်တစားနဲ့ နားထောင်နေမိသည်။

"ဦးကလည်း အဲ့ဒီအချိန်တုန်းက အလုပ်ရှုပ်နေတော့



သူပြောတာပဲ ခပ်မြန်မြန်နားထောင်ပြီး ဘာမှ ပြန်မပြောခဲ့ဘူး၊ စိတ်ထဲကတော့ကွာ ကလေးတွေ စိတ်ကူးယဉ်တတ်ပါလား၊ ခံစားကြပါလား၊ အရူးအမူးဖြစ်ကြပါလားလို့တော့ တွေးမိပြီး ငါ့တိုက်က ထုတ်တဲ့စာအုပ်လေး အောင်မြင်ပါလားဆိုတဲ့ ပီတိဖြစ်တာပေါ့ကွာ၊ အဲ. . . သူက ဖုန်းဆက်ရုံနဲ့ မပြီးသေးဘူး၊ နောက်ဆုံး ဖြစ်ပျက်တဲ့ ကိစ္စကို နောက်ထပ်စာတစ်စောင်ပို့ပြီး ရေးထားသေးတယ်၊ မင်းဝတ္ထုထဲက နောက်ဆုံးဇာတ်သိမ်းခန်းတွေအတိုင်း သူတို့ချစ်သူနှစ်ဦး ဘယ်လိုကြုံတွေ့ခဲ့ရလဲဆိုတာကို ရေးထားတာ၊ အံ့မယ်၊ သူက ရေးထားသေးတယ်၊ စာရေးဆရာနဲ့ သူတို့ချစ်သူ နှစ်ဦးက ခင်မင်ရင်းနှီးတဲ့လူတွေ မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ သူတို့ဇာတ်လမ်းက ဝတ္ထုထဲ ရောက်နေရတာလဲ၊ ဇာတ်လမ်းက ပထမတုန်းက နောက်ဆုံးအခန်းတွေ မတွေ့ဘဲနဲ့ တစ်ပတ်ကြာမှ စာအုပ်ထဲကအတိုင်း လာတွေ့နေတော့ စာရေးဆရာက မတွေ့တွေ့အောင် သူ့ချစ်သူကို လုပ်ကြံခဲ့တာလားဆိုပြီး ရေးထားသေးတယ်ကွ၊ ငါနဲ့ စာဖတ်ပြီး ရယ်လိုက်ရတာ၊ ဒီမှာဟေ့ ဒါက ငါပြောတဲ့ စာနှစ်စောင်၊ ဒါကတော့ အခြားစာတွေ"

ဦးဝင်းက ရှည်လျားစွာ ရှင်းပြပြီးနောက် စာနှစ်စောင်နှင့် အတူ အခြားစာများကို သီးခြားခွဲကာ သူ့ရှေ့သို့ ချပေးလိုက်သည်။

သီးခြားခွဲပေးသော စာအိတ်နှစ်အိတ်ကို ကောက်ယူကြည့်ပြီး စာပို့သူ ကောင်မလေးနာမည်ကို ကြည့်လိုက်သောအခါ ရန်စစ်

www.burmeseclassic.com

www.burmeseclassic.com




(၁) ဝင့်ဝင့်တုဆိုပြီး သူ့ဝတ္ထုထဲက ဇာတ်ကောင်နာမည်အတိုင်း ရေးထားတာကို တွေ့လိုက်ရသောကြောင့် အနည်းငယ် ပြုံးမိလိုက်လေသည်။

■

ထိုသို့ဖြင့် စာရေးဆရာမြင့်မိုး၏ အမွေဆိုင်ဆိုသည့် ဒုတိယ တုံးချင်း စာအုပ်ကို ဇန်နဝါရီလ (၅)ရက်နေ့တွင် စတင်ဖြန့်ချိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## (၁၁)

"တီ. . . တီ. . . တီ"

အိပ်ရာဘေးရှိ စားပွဲပေါ်တင်ထားသော လက်ကိုင်ဖုန်းက ပထမဆုံးအကြိမ် ထမြည်သည်။

ထုတ်ဝေသူ ဦးဝင်းက အရေးအကြောင်းရှိ ဆက်ရအောင် ဆိုပြီး ဟိုတစ်နေ့ကလေးတင် လာပေးသွားခြင်း ဖြစ်သည်။

အိပ်ရာကထပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"ကိုမြင့်မို. . . ဦးပါ"

"ဩော်. . . ဟုတ်. . . ဦး"

"မင်း. . . ဒုတိယစာအုပ်လည်း အဆင်ပြေတယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . နောက်တစ်သုတ် ထပ်လာတဲ့ပရိသတ်တွေ ဆီကစာတော့ မင်းလာမှ ယူတော့၊ သိပ်ထွေထွေထူးထူး မရှိပါဘူး ကွာ၊ မင်းစာအုပ်ကို ကြိုက်တဲ့အကြောင်းတွေ ရေးထားတာပါ"

"ရပါတယ်၊ စာအုပ်တိုက်ရောက်မှပဲ ကျွန်တော် ယူတော့ မယ်"

"မင်း. . . အိပ်နေတာလား"

"ဟုတ်ကဲ့"

"ဩော်. . . အေး. . . ဟိုဟာလေး ပြောချင်လို့"

"ဟုတ်. . . ပြောပါဦး"

"ဒုတိယစာအုပ်ထွက်ပြီးချိန်မှာ တိုက်ကို ဖုန်း တော်တော် များများ ဆက်ကြတယ်၊ မင်းကို အားပေးကြောင်းပြောတဲ့ ပရိသတ် တွေ များပါတယ်"

"ဟုတ်ကဲ့"

"အဲ့ဒီထဲမှာ ကောင်လေးတစ်ယောက် ဖုန်းဆက်တာ. . . အရင် မင်းကို ပြဖူးတဲ့စာလေ. . မင်းစာအုပ်ထဲက ဇာတ်လမ်းက အပြင်က သူတို့ရဲ့အကြောင်းနဲ့ တူတယ်ဆိုတာလေ"

"ဩော်. . . မှတ်မိပါပြီ ဦး၊ အဲ့ဒီကောင်လေးကရော၊ အဲ့ဒီလို ပြောသွားလို့လား"

"မဟုတ်ဘူး၊ သူပြောသွားတာက အခု ထွက်ထားတဲ့ ဒုတိယစာအုပ်အကြောင်းကို ပြောသွားတာ"



"ဘာများ ပြောသွားလို့လဲ"

"အခုထွက်ထားတဲ့ 'အမွေဆိုင်'ဆိုတဲ့ စာအုပ်က သူတို့ အိမ်ဘေးမှာရှိတဲ့ အိမ်တစ်အိမ်က မိသားစုတစ်စုအကြောင်းတွေနဲ့ အရမ်းတူတာပဲတဲ့၊ နာမည်၊ အဖြစ်အပျက်တွေကအစ အကုန်တူတာ တဲ့၊ အဲ့ဒါ စာရေးဆရာက အဲ့ဒီမိသားစုဝင်ထဲက တစ်ယောက်ယောက် များလားဆိုပြီး ဖုန်းဆက်မေးတာလို့ ပြောတာ"

သူ ငြိမ်ပြီး နားထောင်နေမိသည်။

"ဦးထင်တာကတော့ အရင်ကောင်မလေး ရည်းစားလား၊ ဒါမှမဟုတ် စိတ်ကူးယဉ်ဇာတ်လမ်းတွေကို စိတ်ဝင်စားတတ်တဲ့ ကလေးတွေပဲ ဖြစ်မယ်ထင်တယ်ကွ"

ထို့နောက် ဦးဝင်းသည် အရင်စာရေးဆရာများတုန်းက ပရိသတ်များပို့တဲ့ စာများအကြောင်းကို စီကာပတ်ကုံး ပျင်းရိငြီးငွေ့ အောင် ပြောလေတော့၏။

သူကြည့်ရတာ ပရိသတ်ပေးတဲ့စာတွေကိုဖတ်ပြီး အတော် လေး ကြည်နူးနေပုံရသည်။

သူကတော့ အတွေးတစ်ခုဖြင့် ဦးဝင်း၏စကားများကို ကြားတစ်ချက် မကြားတစ်ချက် ဖြစ်နေလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"ရှီး . . . ဒေါက် . . . ဒေါက်"

အိမ်ထဲသို့ သတင်းစာ ဝင်လာသောအခါ ကမန်းကတန်း ပြေးကောက်သူက ပင့်ပင့်ပဲ ဖြစ်သည်။

သူမအဖေနှင့် အမေက အခုတစ်လော သတင်းစာဆိုရင် သဲကြီးမဲကြီး ရှာဖတ်နေသော သူတို့သမီးကို အံ့ဩနေ၏။

မနက်စာ စားနေရင်းမှ 'ပြီးရင် အဖေ့ဆီကို သတင်းစာ လာပေးဦး'ဆိုပြီး သူမ အဖေက လှမ်းအော်နေရသည်။

ပင့်ပင့်သည် လက်ထဲက သတင်းစာကို ခပ်မြန်မြန်ဖွင့်ပြီး စာမျက်နှာတိုင်းကို ခပ်မြန်မြန် ဖတ်ကြည့်လိုက်၏။

သူ့ချစ်သူ ပွားမောင် ကားတိုက် သေဆုံးပြီးနောက်ပိုင်း သတင်းစာကို စောင့်ဖတ်နေတာ နှစ်ပတ်ကျော်ကျော် ရှိပြီဖြစ်သည်။

ပွားမောင်သည် သူမဖတ်သော ဝတ္ထုထဲက နောက်ဆုံး



လေးခန်းအတိုင်း ကားတိုက်သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ဝမ်းနည်းစိတ်၊ ယူကြုံးမရစိတ်တို့ဖြင့် သူ့မှာ သေလုမျောပါး ခံစားခဲ့ရကာ ထိုစာရေးဆရာဆိုသူကို အခဲမကျေနိုင်ပေ။

သူ့ချစ်သူသေဆုံးခဲ့ရတာ ထိုစာရေးဆရာဆိုသူနှင့် တစ်နည်းနည်း သက်ဆိုင်နိုင်သည်။

သူတို့ချစ်သူနှစ်ဦး သေကွဲကွဲရခြင်းသည် ထိုစာရေးဆရာ ကြောင့် ဖြစ်သည်။

သူယုံကြည်ခဲ့တဲ့အတိုင်း ပွားမောင် ယာဉ်တိုက်မှုကို စုံစမ်းစစ်ဆေးခဲ့သည့် ရဲမှူးအား အကြောင်းစုံ ဖွင့်ပြောခဲ့၏။

"သူ သေဆုံးတာ သွေးရိုးသားရိုး မဟုတ်ဘူး ဆရာ"

"ဘာဖြစ်လို့ အဲ့ဒီလို ပြောရတာလဲ"

"သူသေဆုံးတာဟာ စာရေးဆရာတစ်ယောက်ကြောင့်ပါ၊ သူ့ဝတ္ထုထဲကအတိုင်း မဖြစ်ဖြစ်အောင် အဲ့ဒီစာရေးဆရာက လုပ်တာ ပါ"

ပြောရင်းနဲ့ ပွားမောင်ကိုသတိရ၍ ငိုသံများပင် ပါလာ၏။

လွယ်အိတ်ထဲက သူတို့နှစ်ယောက်အကြောင်း ရေးထားသည့် အဲ့ဒီစာရေးဆရာစာအုပ်ကိုလည်း ထုတ်ပြကာ တစ်ခန်းချင်းစီ ရှင်းပြလိုက်သည်။

ရဲမှူးက သူမကို ပြုံးကြည့်နေပြီး အေးအေးဆေးဆေး ေးတောင်ပေးနေသည်။ ဒီလိုပုံစံကို သူမအနေဖြင့် မကျေနပ်။

www.burmeseclassic.com

www.burmeseclassic.com



သူမကို ချစ်သူတစ်ယောက် ဆုံးရှုံးထား၍ စိတ်ဂယောင်ချောက်ချား ပြောမိပြောရာ ပြောနေသည့် လူတစ်ဦးကို ကရုဏာသက်စွာ နား ထောင်ပေးနေသည့်ပုံစံ ဖြစ်နေသည်။

"ဆရာ. . . အဲ့ဒါ တကယ်ပါ"

"ကဲ. . . သမီးရယ်၊ ဆရာတို့စစ်ဆေးကြည့်တော့ ကားက ဘရိတ်ပေါက်တာပါ၊ ဘာမှ ခြေရာလက်ရာလည်း မရှိပါဘူး၊ ဆရာ တို့လည်း အတတ်နိုင်ဆုံး စီစဉ်ပေးပါ့မယ်"

"ဆရာက သမီးပြောတာတွေကို မယုံဘူးလား"

သူမက ပွင့်ပွင့်လင်းလင်းပဲ မေးချလိုက်သည်။ ရဲမှူးက စိတ်ပျက်သွားတဲ့ပုံစံဖြင့်-

"လောကမှာ တိုက်ဆိုင်မှုတွေက အများကြီးပါပဲ သမီးရယ်၊ အခုကိစ္စက ဖြစ်လေ့ဖြစ်ထရှိတဲ့ကိစ္စကြောင့် တခြားသူကို ဦးတို့က ဘယ်လိုသက်သေတွေနဲ့ စွပ်စွဲရမှာလဲ"

"ဒါဆို ကျွန်မချစ်သူ သေသွားတာဟာ အဲ့ဒီစာရေးဆရာ ကြောင့်ဆိုပြီး စွပ်စွဲလို့မရဘူးဆိုတဲ့ သဘောပေါ့"

ရဲမှူးက သူမကို ပြီးပြီးရော ခေါင်းညိတ်ပြသည်။

သူမ သဘောပေါက်လိုက်ပြီ ဖြစ်သည်။ ရဲမှူးသည် သူမ စကားကို မယုံကြည်ချေ။

သူမပြောသည့် အဖြစ်အပျက်ကိုလည်း စိတ်ကူးယဉ် ဇာတ်လမ်းတစ်ခုလို့ ထင်နေပုံရသည်။



ထို့ကြောင့် ရဲမှူးအား 'သူမပြန်လာခဲ့မည်'ဟု ပြောကာ ရုံးခန်းထဲကနေ ပြန်ထွက်လာခဲ့၏။

ရဲမှူး၏နာမည်မှာ ဦးထွန်းမောင် ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

သတင်းစာကို နောက်သို့ ပြန်လှန်လိုက်၏။ သူမ မျက်လုံးက တစ်ခုခုကို ကျော်ပြီး ဖတ်မိသည်ဟု ထင်မိသောကြောင့် ဖြစ်သည်။

စာမျက်နှာ (၁၅)၊ (၁၄)၊ (၁၃)...။

"ဟင်"

စာအုပ်ကြော်ငြာတစ်ခုကို တွေ့လိုက်ရသောကြောင့် စိတ်လှုပ်ရှားသွားလေ၏။

သူ့ချစ်သူကို သတ်ခဲ့သော စာရေးဆရာ၏ ဒုတိယစာအုပ်ထွက်ပြီ ဖြစ်သည်။

"အမွေဆိုင်"

စာအုပ်နာမည်ကို တိုးတိုးလေး ရေရွတ်လိုက်သည်။

ထို့နောက် နီးစပ်ရာ စာအုပ်အရောင်းဆိုင်သို့ ခပ်မြန်မြန်ဆင်းသွားပြီး ထိုစာရေးဆရာ၏ စာအုပ်တစ်အုပ် ဝယ်လိုက်၏။



သို့သော် သူမျှော်မှန်းခဲ့သည့်အတိုင်း မည်သည့်ထူးခြားမှုမှ မတွေ့ချေ။

ထိုထဲက ဇာတ်လမ်းကိုလည်း သူမ မသိချေ။ ထိုထဲက ဇာတ်ကောင်များနှင့်လည်း သူမ မရင်းနှီး။

မိသားစုတစ်စု၏ အမွေဆိုင် အိမ်တွင်းရေးအကြောင်းကို ဇာတ်လမ်းရေးသားထားခြင်း ဖြစ်သည်။

စာအုပ်ကို ဖတ်ပြီးနောက် စိတ်သည် နွမ်းလျသွား၏။ နောက်ထွက်မည့်စာအုပ်တွင် ထူးခြားမှုတစ်ခု ရှိနိုင်သည်ဟု ထင်မိသောကြောင့် ရဲမှူးအား 'သူမ ပြန်လာခဲ့မည်'ဟု ပြောခဲ့ခြင်း ဖြစ်သည်။

ဒါဆို သူမရဲ့ အဖြစ်အပျက်က တိုက်ဆိုင်မှု တစ်ခုလား။ တိုက်ဆိုင်မှုကလည်း အဲ့ဒီလောက်တောင် တိုက်ဆိုင်ခဲ့သလား။

လက်ထဲကစာအုပ်ကို ဖတ်ပြီးသွားသော်လည်း ဟိုလှန်ဒီလှန် ပြန်ကြည့်နေမိသည်။

ဒီစာအုပ်ထဲက ဇာတ်လမ်းသည် သူမ မသိသောသူတို့၏ အတယ့်ဇာတ်လမ်းဖြစ်နေမည်ဆိုပါက သူမ ဘယ်လိုလုပ် သိမည်နည်း။

ထိုမေးခွန်းကြောင့် အတွေးတစ်ခု ရသွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာက ဖန်တီးသည်ဟု စွဲမြဲစွာ ယုံကြည်နေ၏။

အခုလည်း ထိုစာရေးဆရာ၏ နောက်ထွက် စာအုပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရေးစာများ ပြောသံများကို သိရရန်အတွက် ထိုစာအုပ်တိုက်မှ ဝန်ထမ်းတစ်ဦးကို ချဉ်းကပ်ရမည် ဖြစ်သည်။

ထို့နောက် ပရိသတ်ကရေးထားသည့် စာပါအကြောင်းအရာများထဲက ထူးခြားမှုများကို သိရှိနိုင်အောင် ကြိုးစားရမည်။

စာအုပ်များနှင့် ပတ်သက်၍ တစ်ခုခု ထူးခြားပါက ပရိသတ်များသည် စာအုပ်ထုတ်ဝေရေးတိုက်သို့ ဖုန်းဆက်၍ လည်းကောင်း၊ စာရေး၍လည်းကောင်း ဆက်သွယ်ကြမည် ဖြစ်သည်။

သို့မှသာ ရဲမှူးအတွက် နောက်ထပ်သက်သေများ ရှာပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ပင့်ပင့်သည် မိုးကြယ်စာအုပ်တိုက် Reception မှ ကောင်မလေးကို ချဉ်းကပ်ရန် ဆုံးဖြတ်လိုက်လေသည်။

■

(၁၄)

သူမသည် မိုးကြယ် စာအုပ်တိုက်၏ မျက်နှာချင်းဆိုင် ကော်ဖီဆိုင်ကနေထိုင်ပြီး စာအုပ်တိုက်ကို လာကြည့်နေသည်မှာ ဒီနေ့နဲ့ဆို သုံးရက်ရှိပြီ ဖြစ်သည်။

စာအုပ်တိုက်ဖြစ်သောကြောင့် လူအဝင်အထွက် များသော်လည်း ရုံးဝန်ထမ်း သိပ်ရှိပုံမရချေ။


သူမြင်နေရတာကတော့ Reception (ဧည့်ကြိုဌာန)မှာ ရှိနေသည့် ကောင်မလေးတစ်ယောက်သာ မြင်နေရသည်။

ကျန်တဲ့လူများကတော့ ရုံးခန်းထဲကနေ ဝင်လိုက်ထွက်လိုက် ဖြစ်နေသည်။

ရုံးဆင်းချိန်ကတော့ ပုံမှန်အတိုင်း ၅ နာရီဆင်းတာ များပြီး ဝန်ထမ်းအချို့သာ ရုံးချိန်နောက်ပိုင်း ကျန်ခဲ့ကြသည်။

သူမသည် သူမတို့ချစ်သူနှစ်ဦး၏ ကံကြမ္မာကို ဒီတိုက်က

www.burmeseclassic.com



www.burmeseclassic.com

(၁၅)

တတိယ လုံးချင်းဝတ္ထုသစ် 'သူငယ်ချင်းတစ်ယောက် ပျောက်ဆုံး' ဆိုသည့် ဝတ္ထုဖြန့်ပြီးတစ်နေ့တွင် စာရေးဆရာမြင့်မို သည် မြို့ထဲသို့ တစ်ယောက်တည်း ထွက်လာခဲ့၏။

နောက်ထွက်မည့် စတုတ္ထလုံးချင်း ပြီးသွားတာ သိပ်မကြာ သေးသောကြောင့် မြို့ထဲသို့ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်ရန် အတွက် ထွက်လာခဲ့ခြင်း ဖြစ်သည်။

ပထမဦးဆုံး စာအုပ်တိုက်ကို ဝင်သည်။ ရေးပြီးသွားသော စတုတ္ထလုံးချင်းကို စာပြန်စီရန်အတွက် ဝင်ပေးခြင်း ဖြစ်သည်။

ထုတ်ဝေသူ ဦးဝင်းနဲ့တော့ မတွေ့။ မန်နေဂျာ မြတ်ထူးနိုင် နဲ့သာ တွေ့သည်။

ဦးဝင်းက ကိစ္စရှိ၍ အိမ်ပြန်သွားသည်ဟု ပြောသည်။ ဒီ့ကြောင့် မန်နေဂျာ မြတ်ထူးနိုင်ကိုပဲ ရေးပြီးသားစာမူထည့်ထားတဲ့ Memory Stick ကိုသာ ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာက Memory Stick ထဲထည့်ပြီး စာမူပေးတဲ့စနစ်ပြောင်းသွားပြီလား"

"ဟုတ်တယ် 'သူငယ်ချင်းတစ်ယောက်ပျောက်ဆုံး'ဆိုတဲ့ ဝတ္ထုပြီးကတည်းက ဦးဝင်းက ကွန်ပျူတာဝယ်ပေးတာနဲ့ ကွန်ပျူတာနဲ့ပဲ ရေးဖြစ်သွားတာ"

"ဆရာက ကွန်ပျူတာလက်ကွက်ကို ကောင်းကောင်း ရိုက်တတ်တယ်ပေါ့"

"အင်း. . . အရင်တုန်းက ရုံးတစ်ရုံးမှာ ကွန်ပျူတာစာရေးလုပ်ဖူးတယ်"

မြတ်ထူးနိုင်က သူ့ Memory Stick ကို လှမ်းယူပြီး စာရေးမတစ်ယောက်ကို လှမ်းပေးလိုက်၏။

"ဆရာ တစ်ခုခု စားသွားပါဦးလား"

"တော်ပြီ. . . မစားတော့ဘူး၊ မြို့ထဲ ပတ်လိုက်ဦးမယ်"

"ဆရာ အခုစာအုပ် 'သူငယ်ချင်းတစ်ယောက် ပျောက်ဆုံး' ဆိုတဲ့ စာအုပ်လည်း ပေါက်တယ်ဆရာ"

မြတ်ထူးနိုင်က လေကြောနည်းနည်း ရှည်တတ်သည်။ ထို့ကြောင့် သူ၏ Memory Stick ကို ပြန်ယူပြီး စကားစကို မြန်မြန်ဖြတ်ကာ စာအုပ်တိုက်ထဲက ပြန်ထွက်လာခဲ့၏။

■

(၁၆)

ပထမဦးဆုံး ထမင်း အရင်ဝင်စားသည်။ ထိုအခါမှပဲ သူ့တွင် ပိုက်ဆံ လုံလုံလောက်လောက် မပါလာကြောင်း သတိရ၏။

ထမင်းစားပြီးနောက် ရုပ်ရှင် ဝင်ကြည့်သည်။ ရုပ်ရှင်ရုံက ထမင်းစားသည့်နေရာနှင့် ခပ်လှမ်းလှမ်းတွင် ရှိသောကြောင့် လမ်းလျှောက်သွားကာ လက်မှတ်ဝယ် ဝင်ကြည့်သည်။ ဇာတ်ကားက သိပ်တော့ မဆိုးလှ။ ရုပ်ရှင်အပြီး နာရီကြည့်မိတော့ ၂ နာရီကျော်နေပြီဖြစ်သည်။ သွားရတာလည်း ပျင်းလာသောကြောင့် အိမ်ပြန်ရန်လက်မှတ် အိတ်ကပ်နှိုက်ပြီး ပိုက်ဆံ ရေကြည့်ရသေးသည်။

ပိုက်ဆံ သိပ်မကျန်တော့သောကြောင့် ဘတ်စ်ကား စီးရန် ဆုံးဖြတ်လိုက်သည်။

အိမ်ကို ဘတ်စ်ကား နှစ်ဆင့်စီးရမည်။

နာရီဝက်ကြာသည်အထိ ကားမှတ်တိုင်တွင် စောင့်နေ

www.burmeseclassic.com

သော်လည်း သူစီးရမည့်ကား မလာသေးချေ။

တစ်စီးပြီးတစ်စီးဆိုက်ပြီး တစ်ဦးပြီးတစ်ဦး တက်သွား သော်လည်း သူကတော့ ရပ်ကျန်ခဲ့ဆဲပဲ ဖြစ်သည်။

၄၅ မိနစ်လောက်ကျမှသာ သူစီးရမည့်ကားတစ်စီး ထိုးဆိုက် လာ၏။

ကားက သိပ်မကြပ်လှ။ ခုံလွတ်တွေ ရှိသည်။

ကောင်လေးနှစ်ယောက်ထိုင်နေသည့် ရှေ့ခုံအလွတ်တွင် ဝင်ထိုင်လိုက်သည်။

ခုံတွင်ထိုင်ပြီး ခဏအကြာတွင် အပြင်ပတ်ဝန်းကျင်ကို ငေးရင်း နောက်ရေးမည့်စာအုပ်အတွက် စဉ်းစားနေမိသည်။

"သူဟာက ဟုတ်ရောဟုတ်ရဲ့လား။ ငါတို့ကို နောက်တာလား မသိဘူး"

နောက်က ကောင်လေးနှစ်ယောက်ရဲ့ ပြောလက်စ စကား က သူ့နားထဲသို့ တိုးဝင်လာသည်။

"နောက်မယ်တော့ မထင်ဘူး။ သူက ဘယ်တုန်းက ငါတို့ကို နောက်ပြောင်ဖူးလို့လဲ"

"အဲ့ဒါတော့ ငါလည်း သိပါတယ်၊ အခုဟာက ဝတ္ထုထဲက ဇာတ်လမ်းက သူ့အဖြစ်နဲ့ တူနေတယ်ဆိုတော့ ငါက မေးရတာပေါ့"

ကြားလိုက်ရသောစကားကြောင့် မြင့်မို ဆတ်ခနဲ ဖြစ်သွား သည်။



ထို့ကြောင့် လွင့်ပျံနေသော အတွေးတို့ကို စုစည်းပြီး စိတ်ကို အနောက်ဘက်သို့ ပို့ထားလိုက်၏။

"နေပါဦး မင်းရော အဲ့ဒီဝတ္ထု ဖတ်ပြီးပြီလား"

"ဖတ်ပြီးပြီ၊ သူပြောတဲ့အတိုင်း ငါတို့နှစ်ယောက်နာမည် တွေလည်း ပါတယ်"

"ဟေ. . . ဟုတ်လား၊ မင်းမှာ အခု အဲ့ဒီဝတ္ထုပါလား"

"မပါဘူး၊ ပြန်အပ်လိုက်ပြီ၊ ဟိုကောင့်ဆီမှာတော့ အပိုင် ဝယ်ထားတယ်ပြောတယ်"

"အေးလေ. . . ဘာပဲဖြစ်ဖြစ် 'သူငယ်ချင်းတစ်ယောက် ပျောက်ဆုံး'ဆိုတဲ့စာအုပ်က ဒီကောင့်အဖြစ်အပျက်နဲ့ လာတူနေ တယ်ဆိုတော့ အံ့ဩစရာပဲ"

မြင့်မိုသည် သူ့စာအုပ်နာမည် ကြားလိုက်ရသောကြောင့် မျက်လုံးပြူးသွားလေ၏။

နောက်ဘက်ကို မသိမသာလေး လှည့်ကြည့်မိသည်။ လူငယ် နှစ်ယောက် သူတို့ဘာသာ သူတို့ တိုးတိုးတိတ်တိတ် ပြောနေကြခြင်း ဖြစ်သည်။

သူတို့ပုံစံတွေက မိမိကိုသိ၍ တမင်တကာ ပြောနေခြင်း မဟုတ်ဘဲ သူတို့ဘာသာသူတို့ ပြောလာသည့်စကားကို မိမိက ကြားနေခြင်း ဖြစ်သည်။

သူ့ကို အပြင်မှာမြင်လျှင် စာရေးဆရာ မြင့်မိုဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



သိသူ၊ မှတ်မိသူ ရှိမည်မထင်ချေ။

ဂျာနယ်မှာ နှစ်ခါလောက်သာ အင်တာဗျူးပါဖူးသော သူ့ကို ဘယ်သူကမှလည်း အရေးတယူ မှတ်မိမည် မဟုတ်။

ထို့ကြောင့် နောက်က ကောင်လေးနှစ်ယောက်သည် သူ့ကို သိ၍ပြောသည်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။

သို့သော် ယခု မိမိဝတ္ထုနှင့် သူတို့၏ အဖြစ်အပျက်များ တူသည်ဟု ကြားဖူးတာ အခုနဲ့ပါဆို သုံးအုပ်၊ သုံးခါက်ရှိပြီ ဖြစ်သည်။

ဒါဟာ တိုက်ဆိုင်မှု ဟုတ်မဟုတ်ဆိုတာကို သူ သံသယ ရှိလာသည်။

တစ်ကယ်ပဲ သူရေးခဲ့တဲ့ဝတ္ထုတွေက အပြင်ကလူတွေရဲ့ အကြောင်းအရာတွေနဲ့ တိုက်ဆိုင်စွာ တူနေခဲ့တာလား။

"နေဦးကွ၊ သူ့ဟာက နောက်အခန်းအချို့ မတူဘူးဆို"

"အေး. . . အရင်တုန်းကတော့ မတူဘူး။ အခု တူသွားလို့ ငါတို့ကို လှမ်းခေါ်နေတာပေါ့။ နို့မို့ဆိုရင် သူ့သူငယ်ချင်း ကောင်မလေးနဲ့ နှပ်နေလောက်ပြီပေါ့"

မြင့်မိုသည် ထူးခြားမှုတစ်ခုကို သတိထားမိလိုက်ပြီ ဖြစ်သည်။

ရှေ့က ကြားခဲ့ဖူးသည့်အတိုင်း နောက်ဆုံးအခန်းအချို့ သည် စာအုပ်ထွက်ချိန်တွင် မဖြစ်ပျက်သေးချေ။ သို့သော် သိပ်



ကြာခင်အချိန်တွင် ဖြစ်ပျက်ခဲ့လေသည်။

"မှတ်တိုင်ပါတယ်"

နောက်က ကောင်လေးနှစ်ယောက်၏ လှမ်းအော်သံ ဖြစ်သည်။

ခဏအကြာ ကားရပ်သွားတဲ့အထိ သူ တွေဝေနေဆဲ ဖြစ်သည်။ သူ့နောက်က ကောင်လေးနှစ်ယောက် ပြေးဆင်းသွား၏။

ထို့နောက် သူလည်း အချိန်ဆွဲမနေတော့ဘဲ ကားပေါ်မှ ပြေးဆင်းကာ ထိုကောင်လေးနှစ်ယောက်၏ နောက်ဘက် ခပ်လှမ်း လှမ်းကနေ လိုက်လာခဲ့၏။

မကြာမီအချိန်တွင် ဆိုင်တစ်ဆိုင်ထဲတွင် ထိုင်နေသော ကောင်လေးတစ်ယောက်က သူ့ရှေ့က ကောင်လေးနှစ်ယောက်ကို လက်ပြနှုတ်ဆက်လိုက်တာကို တွေ့ရ၏။

"ဟင်"

ထိုလက်လှမ်းပြသော ကောင်လေးကို မြင်လိုက်ရသော အခါတွင် မြင့်မို၏ ခြေလှမ်းများသည် တုံ့ဆိုင်းသွားလေ၏။

မည်သို့ဆိုသော် ယခု ဆိုင်ထဲမှာ တွေ့ရသော ကောင်လေး သည် သူ နောက်ဆုံးထွက်ထားသော 'သူငယ်ချင်းတစ်ယောက် ရောက်ဆုံး'ဆိုသည့် ဝတ္ထုထဲက ဇာတ်ကောင်နှင့် အတော်လေးတူ သောကြောင့် ဖြစ်သည်။ ဆံပင်အရှည်၊ မျက်နှာချွန်းချွန်း၊ သူ အင်္ကျီနီးတိုင်း ခပ်ရေးရေးပေါ်သော ဇာတ်ကောင်နှင့် တူနေခြင်း

www.burmeseclassic.com



ဖြစ်သည်။

မဖြစ်ဘူး. . . မဖြစ်ဘူး။ ရှေ့က ဝတ္ထုတွေလည်း ဒီလိုပဲ အပြင်မှာ တကယ်ဖြစ်ပျက်ခဲ့တာလား။ ဒါဆို သူတို့က စိတ်ကူးယဉ်ပြီး ပြောခဲ့တာ မဟုတ်ဘူးပေါ့။

တကယ်လို့ သူ့ရဲ့ဝတ္ထုတွေက အပြင်ကလူတွေအတွက် တကယ်ထိခိုက်သည်ဆိုပါက သူ့တွင် တာဝန်ရှိနေသည်။

■

(၁၇)

"ကလင်. . . ကလင်"

ဖုန်းသံမြည်လာသောကြောင့် မိုးကြယ်စာအုပ်တိုက် Reception ရှိ စာရေးမလေးသည် ဖုန်းကောက်ကိုင်လိုက်၏။

"ဟယ်လို. . . မိုးကြယ်စာအုပ်တိုက်ကပါ"

"ဦးဝင်း ပြန်ရောက်ပြီလား မသိဘူး"

"မရောက်သေးဘူး ဆရာ၊ သူ့ဟန်းဖုန်း ဆက်လို့မရဘူး ဘူး"

တစ်ဖက်ကအသံမှာ စာရေးဆရာ မြင့်မိုအသံဆိုတာကို ချက်ချင်း မှတ်မိသည်။

"မရဘူး၊ ဆက်သွယ်ရေးဧရိယာပြင်ပတဲ့"

"ဟုတ်တယ်၊ ဆရာဦးဝင်းဖုန်းက တစ်ခါတစ်ခါ အဲဒီလိုပဲ"

ဘစ်ဖက်က ဦးဝင်းကို မတွေ့ရသောကြောင့် နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



လေး စိတ်ပျက်သွားပုံရသည်။

အသံကို ကြည့်ခြင်းအားဖြင့် အရေးကြီးကိစ္စတစ်ခုခုရှိမှန်း သိသာနေသည်။

"ဘာကူညီပေးရမလဲ ဆရာ၊ ဒါမှမဟုတ် ဆရာဦးဝင်း လာရင် ဘာပြောပေးရမလဲ"

"အစ်ကို တစ်ခုသိချင်လို့"

"ဟုတ်ကဲ့"

"ဒုတိယစာအုပ်ထွက်တုန်းက အစ်ကို့စာအုပ်ဟာ သူတို့ အိမ်ဘေးနားက မိသားစုအကြောင်းနဲ့ တူနေတယ်ဆိုပြီး ဖုန်းဆက်တဲ့ ကောင်လေးကို မှတ်မိလား မသိဘူး"

"ဪ. . . သိတယ်လေ၊ အဲ့ဒီတုန်းက ကျွန်မက ဆရာ ဦးဝင်းကို ဖုန်းပေးလိုက်တာ၊ ဖုန်းပြောပြီးပြီးချင်း အဲဒီ ကောင်လေး အကြောင်းကို ဆရာက ပြောပြတော့ ကျွန်မကတောင် ကောင်လေး ရူးနေလား မသိဘူးဆိုတဲ့အကြောင်းကို ပြောဖြစ်လိုက်သေးတယ်"

"ဟုတ်တယ်. . . အဲ့. . . အဲ့ဒီကောင်လေးရဲ့ ဖုန်းနံပါတ် များ ရှိသေးလားလို့ မေးကြည့်တာ"

"အဲ. . . အဲ့ဒါတော့ မမှတ်ထားမိဘူးလေ၊ ဆက်တဲ့လူရှေ့ ကလည်းများတော့ တစ်ခုချင်းစီ မမှတ်မိဘူး"

"ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲဆရာ"



ဆရာမြင့်မိုက အတန်ကြာတဲ့အထိ ဘာမှပြန်မပြောသေးဘဲ ဖုန်းကိုင်ထား၏။

"တစ်ခုတော့ ရှိတယ်ဆရာ"

"ဘာများလဲ"

"ဆရာ့နာမည်နဲ့ စာတွေ မနက်က ရောက်လာသေးတယ်"

"ဟင်. . . ကျွန်တော်လည်း မနက်က လာသေးတယ်လေ၊ ဘာဖြစ်လို့ မပြောတာလဲ"

"မဟုတ်ဘူး၊ ကျန်တဲ့လူတွေကို မမှာခဲ့ဘူး၊ ဆရာဦးဝင်းက ကျွန်မကိုပဲ မှာခဲ့တာ၊ မနက်ကလာတုန်းက ဆရာနဲ့ ကျွန်မ လွဲသွားတာပါ"

"ဪ. . . ဟုတ်သားပဲ၊ မနက်ကလာတုန်းက မရှိဘူး"

"ဆရာဦးဝင်းက ဆရာ့ရဲ့စာတွေကို ကျွန်မဆီ အပ်သွားတုန်းက နင်ပြောတဲ့ ဟိုအရှူးလေးစာ ပါတယ်ဆိုပြီး ပြောသွားသေးတယ်၊ အဲဒီတော့ အဲ့ဒီ ဖုန်းဆက်တဲ့ ကောင်လေးရဲ့စာ ပါမယ် ထင်တယ်"

"ဟင်. . . ဟုတ်လား"

"အရေးကြီးရင် ပို့ပေးလိုက်မယ်လေ ဆရာ"

"အေး. . . ရုံးကတစ်ယောက်ယောက်ကို မြန်မြန် ပို့ခိုင်းလိုက် အရေးကြီးလို့ပါ"

"ဟုတ်. . . ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဖုန်းချသွားပြီးချိန်တွင် ပခုံးကို အနည်းငယ်တွန့်လိုက်၏။ ပရိသတ်ရဲ့ စာတစ်စောင်ကို အရေးတကြီးနဲ့ ပို့ခိုင်းနေသော အနုပညာသမားတွေရဲ့စိတ်ကို အံ့သြမိသည်။

ထို့နောက် အံဆွဲကိုဖွင့်ပြီး ဆရာဦးဝင်း ပေးခဲ့သော စာအိတ်အထပ်လိုက်ကြီးကို ဆွဲထုတ်လိုက်သည်။

ဘာများထူးခြားတာပါလဲဆိုပြီး စပ်စုချင်လာသောကြောင့် ခုနက သူပြောခဲ့သည့် အရွှေလေး၏စာကို ရှာဖွေကြည့်မိသည်။

သို့

ဆရာမြင့်မို ခင်ဗျား။

အရင်တစ်ခေါက်တုန်းက ဆရာတို့စာအုပ်တိုက်ထို ဖုန်းဆက်ဖူးပါတယ်။ ဆရာ့ရဲ့ ဒုတိယဝတ္ထု အမွေဆိုင်ဆိုတဲ့ စာအုပ်ဟာ ကျွန်တော်တို့ အိမ်ဘေးနားက မိသားစုတစ်စုရဲ့ အဖြစ်နဲ့ လွန်စွာ တူနေတယ်လို့ ပြောပြဖြစ်ခဲ့ပါသေးတယ်။ သို့သော် ဝတ္ထုထဲကလိုမျိုး အဲ့ဒီအိမ်ဟာ မီးလောင်ခြင်း မရှိသေးပါဘူး။ ဝတ္ထုထဲကအတိုင်း 'အမွေကိစ္စ လုနေကြတုန်းပဲ' ရှိပါသေးတယ်။

ဆရာတို့ စာအုပ်တိုက်ဆီ ဖုန်းဆက်ပြီး တစ်လ အကြာမှာ ဆရာ့ဝတ္ထုထဲကအတိုင်း အိမ်ဟာ မီးလောင်သွားခဲ့ပါတယ်။ အိမ်ပိုင်ရှင် အဘိုးကြီးလည်း သေဆုံးသွားခဲ့ပါတယ်။



မီးဟာ ရှိမီးလို့ အားလုံး ယူဆခဲ့ကြပါတယ်၊ အခုထိ စုံစမ်း စစ်ဆေးနေတုန်းပဲ ဖြစ်နေပါတယ်။

ကျွန်တော်က ဒီစာကို တအံ့တသြနဲ့ ရေးသားလိုက်ရတာပါ။ ဘာကြောင့် ဆရာ့ဝတ္ထုထဲကအတိုင်း အဲ့ဒီအိမ်ဟာ ဖြစ်ပျက်ခဲ့ရတာလဲ၊ ဒါမှမဟုတ် အဲ့ဒီအိမ်က မိသားစုဝင်ဟာ ဆရာလား၊ ဒါမှမဟုတ် အဲ့ဒီမိသားစုဝင် တစ်ယောက်ယောက် ပြောပြလို့ ဆရာက ဒီဝတ္ထုကို ရေးသားခဲ့တာလားဆိုတာ ဒွိဟ ဖြစ်နေလို့ပါ။

ဖြစ်နိုင်ရင် စာလေး ပြန်စေချင်ပါတယ်။

ခင်မင်စွာဖြင့်
ကျော်ဖြိုး

■

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ရဲမှူး ဦးထွန်းမောင်သည် သူ၏အလုပ်စားပွဲတွင် အမှုတွဲ လက်ကျန်များနှင့် အလုပ်ရှုပ်နေစဉ်တွင် ရဲသားလေးတစ်ယောက်က-

"ဆရာ. . . ဆရာ့ကို ဧည့်သည်တစ်ယောက်က တွေ့ချင် လို့ပါတဲ့"

"ဘယ်သူလဲ"

"အမျိုးသမီးတစ်ဦးပဲ ဆရာ၊ ဆရာနဲ့ အရင်တုန်းက ပြောဖူးတဲ့ အမှုကိစ္စလေး ပြောချင်လို့ပါတဲ့"

"အေး. . . အေး လွှတ်လိုက်"

ဦးထွန်းမောင်သည် သူ၏ဖိုင်များကို အနည်းငယ် ရှင်းထား လိုက်ပြီး ဝင်လာသော အမျိုးသမီးကို တစ်ချက်ကြည့်လိုက်၏။

ချက်ချင်းဆိုသလိုပင် မှတ်မိလိုက်သည်။ သူချစ်သူ ကောင် လေး ကားမှောက်သေဆုံးတုန်းက သွေးရူးသွေးတန်း စကားတွေ ပြောခဲ့သည့် ကောင်မလေး ဖြစ်သည်။



အခုလည်း ဘာကိစ္စနဲ့ လာသည် မသိ။

"ထိုင်. . . သမီး"

သူ့ရှေ့ကခုံတွင် ဝင်ထိုင်သည်။ လက်ထဲမှာလည်း စာအုပ် ထူထူအုပ် ကိုင်ထား၏။

မျက်နှာကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိနေ သည့်ပုံ ဖြစ်သည်။

"ပြော. . . ဆရာ ဘာကူညီရမလဲ"

"သမီးကို မှတ်မိတယ်မှတ်လား"

"အင်း. . . မှတ်မိပါတယ်၊ ကားမှောက်တဲ့ကောင်လေးရဲ့ ချစ်သူမှတ်လား"

"ဟုတ်ပါတယ်"

"ပြောလေ. . . ဘာလုပ်ပေးရမလဲ"

"သမီးထင်တာ မှန်ကန်ကြောင်း ဆရာ့ကို လာရှင်းပြ တာပါ"

ဦးထွန်းမောင် နည်းနည်းတော့ စိတ်ပျက်သွားသည်။ အလုပ် ရှုပ်နေတဲ့အချိန်မှာ မဟုတ်တာတွေ နားထောင်ရဦးမယ်ဟု တွေး ပြီး သက်ပြင်းချမိသည်။

ထို့နောက် ကောင်မလေးသည် စာအုပ်လေးတစ်အုပ်ကို စားပွဲပေါ်သို့ တင်လိုက်၏။

"ဒါက သမီးပြောတဲ့ စာရေးဆရာရဲ့ ဒိုင်ယာစာအုပ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းမောင်က စာအုပ်ကို ယူကြည့်လိုက်သည်။

ထူးခြားလှတဲ့ စာအုပ်မဟုတ်ဘဲ သာမန်စာအုပ်တစ်အုပ်သာ ဖြစ်သည်။ စာရေးဆရာနာမည်မှာ မြင့်မိုဖြစ်ပြီး စာအုပ်နာမည်ကတော့ အမွေဆိုင် ဖြစ်၏။

"သမီး အဖြစ်အပျက်လိုပဲ အဲ့ဒီဝတ္ထုထဲက မိသားစုတစ်စုကလည်း ကြုံနေရတယ် ဆရာ"

"ဘာတွေ ကြုံရတာလဲ"

"ဒီဝတ္ထုက မိသားစုတစ်စု အမွေကိစ္စအကြောင်းကို ရေးထားတာပါ"

"အင်း"

"အဲဒီဝတ္ထုထဲကအတိုင်း အပြင်မှာ တကယ်ရှိနေတယ် ဆရာ"

ရဲမှူးဦးထွန်းမောင်သည် မျက်မှောင်ကြုတ်လိုက်၏။

"သမီးတို့ဖြစ်ခဲ့သလိုပဲ နောက်ပိုင်းအခန်းတော့ မတူသေးဘူးဆရာ၊ နောက်တစ်ပတ်လောက်ကြာမှသာ ဝတ္ထုထဲကအတိုင်း ဖြစ်သွားတာဆရာ"

"ဘယ်လို ဖြစ်သွားတာလဲ"

"ဒီဝတ္ထုထဲကအတိုင်း အဲ့ဒီအမွေဆိုင်အိမ်က မီးလောင်သွားတယ်"

"ဘယ်လို"



"ဟုတ်တယ် ဆရာ၊ တတိယစာအုပ် 'သူငယ်ချင်း တစ်ယောက် ပျောက်ဆုံး'ဆိုတဲ့ ဝတ္ထုလည်း အခု အဲ့ဒီလိုပဲ ဖြစ်နေတယ်၊ စာအုပ်ထဲကအတိုင်း အခု ဖြစ်ပျက်သွားပြီ"

"သမီးမှာ သက်သေရှိလို့လား၊ ဦးက ဒီအတိုင်း စာအုပ်ကြီးလာပြပြီး ပြောတာကို လက်ခံလို့ မရဘူး"

"သမီးပြနိုင်ပါတယ်၊ ဒီဝတ္ထုထဲကပါတဲ့ အပြင်လူတွေကိုလည်း သက်သေအဖြစ် ခေါ်လာခဲ့ပါမယ်၊ ဆရာသာ အဲ့ဒီစာရေးဆရာကို ဖမ်းဖို့လုပ်ပေးပါ"

"ဆရာက ဘာအမှုနဲ့ ဖမ်းရမှာလဲ"

"လူသတ်မှု၊ အိမ်မီးရှို့မှုနဲ့ ပြန်ပေးဆွဲမှု. . . ဆရာယုံကြည်အောင်လို့ အဲ့ဒီလို ခံရတဲ့သူတွေကို သမီး ခေါ်လာခဲ့ပါမယ်"

ရဲမှူးသည် ကောင်မလေး၏ ခိုင်ခိုင်မာမာ ပြောဆိုလိုက်သည့် စကားကြောင့် နည်းနည်းတော့ တွေဝေသွား၏။

ရှေ့ရှိ စာအုပ်သုံးအုပ်ကိုလည်း ကြည့်နေမိသည်။ ကောင်မလေးသည် မိကောင်းဖခင် သားသမီးတစ်ဦး ဖြစ်ပုံရသည်။ ပညာတတ်ပြီး ဉာဏ်ထက်မည့်ပုံလည်း ဖြစ်သည်။

ယခု သူမလာပြောနေသည့်ကိစ္စသည် သူ့ချစ်သူ သေဆုံးသောကြောင့် သွေးရူးသွေးတန်း လာပြောနေသည့်ပုံ မဟုတ်ဘဲ သေချာစုံစမ်းပြီးမှ လာပြောနေပုံပေါက်သည်။

"ဆရာက သမီးပြောတာတွေကို မယုံဘူးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးဦးထွန်းမောင်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး-

"ကောင်းပြီလေ. . . သမီးက အဲ့ဒီလောက်အထိ အတိအကျပြောနေမှတော့ ဒီစာအုပ်ထဲက ပါဝင်တယ်လို့ ပြောထားတဲ့ သက်သေတွေကို ခေါ်ခဲ့ပါ။ ဆရာ စစ်ဆေးပြီး လိုအပ်သလို ဆောင်ရွက်ပေးပါ့မယ်"

"တကယ်နော်. . . ဆရာ"

ကောင်မလေး၏ ပျော်သွားသည့် ဟန်ပန်ကြောင့် ဦးထွန်းမောင်ပင် အနည်းငယ် ပြုံးမိလိုက်သည်။

ဘာပဲပြောပြော သံသယရဲ့ အကျိုးကိုတော့ ကောင်မလေးမှာ ခံစားခွင့်ရှိပါသည်။

ခဏကြာသောအခါ ကောင်မလေးသည် သူ၏ရုံးခန်းထဲမှ ထွက်သွားလေ၏။

ထိုကောင်မလေး ပြန်ထွက်သွားသောအခါ စားပွဲပေါ်ရှိ စာအုပ်သုံးအုပ်ကို ကောက်ယူကြည့်လိုက်သည်။

**တဝမ်းပူလေး**

**အမွေဆိုင်**

**သူငယ်ချင်းတစ်ယောက် ပျောက်ဆုံး**

■

(၁၉)

စာအိတ်ပေါ်က လိပ်စာကို တစ်ချက်ကြည့်လိုက်သည်။ လိပ်စာထဲက နံပါတ်အရ ဒီအိမ်သည် သူရှာနေသောအိမ် ဖြစ်သည်။

သို့သော် အိမ်ထဲဝင်ပြီး 'ဘာကိစ္စရှိလို့လဲ' မေးပါက ဘာပြန်ပြောရမယ်မှန်း မသိ။

ထို့ကြောင့် ထိုအိမ်ကိုကျော်သွားပြီး နီးစပ်ရာ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လိုက်သည်။

သူရှာသည့်အိမ်နှင့် လက်ဖက်ရည်ဆိုင်မှာ မျက်စောင်းထိုးသာသာလေးတွင် ရှိသည်။

"လက်ဖက်ရည် ကျစိမ့်တစ်ခွက်"

စားပွဲထိုးတစ်ယောက်မှ မတွေ့သောကြောင့် ကောင်တာကိုပဲ လှမ်းမှာလိုက်သည်။

"ကျစိမ့် ဝမ်း. . . ရှယ်"

www.burmeseclassic.com

www.burmeseclassic.com



ကောင်တာရှိ ဦးလေးကြီးက အဖျော်ဆရာကို လှမ်းအော်၏။

ခဏကြာတော့ လက်ဖက်ရည် လာချသည်။ လက်ဖက်ရည်ကို တစ်ငုံသောက်ရင်း တစ်ဖက်အိမ်သို့ လှမ်းကြည့်လိုက်ပြန်၏။

ခြံတံခါးပိတ်ထားပြီး အိမ်ထဲတွင်လည်း တစ်ယောက်မှ ရှိနေသည့်ပုံ မပေါ်ချေ။

သူ၏စိတ်သည် ဂယောက်ဂယက်ဖြစ်နေကြောင်း သတိထားမိလေသည်။ ယခုလည်း သူ့ ပထမဆုံးဝတ္ထုအား စွပ်စွဲထားသည့် ကောင်မလေးအိမ်နားကို ရောက်နေခြင်း ဖြစ်သည်။

ထို့ပြင် ဝတ္ထုထဲရှိသူ၏ ထွက်ပြီးသမျှ ဝတ္ထုသုံးအုပ်စလုံးသည် အပြင်က အဖြစ်အပျက်များနှင့် တူညီနေသည်ဟု စွပ်စွဲခံခဲ့ရသည်။

ဇာတ်သိမ်းခန်း (၄)ခန်းသည် စာအုပ်ထွက်ပြီး (၂)ပတ်ခန့်ကြာမှသာ အပြင်တွင် ဖြစ်ပွားလေ့ရှိသည်ဟု သိထား၏။

ဒါတွေဟာ တကယ်လား၊ ပရိသတ်တွေက စိတ်ကူးယဉ်ဆန်ဆန် လုပ်ကြံပြောသည့် ဇာတ်လမ်းတွေလားဆိုတာ သူ သဲသဲကွဲကွဲ မသိချေ။

မထင်မှတ်ဘဲ ဘတ်စ်ကားပေါ်ကနေ ကြားခဲ့ရသည့် သူ့ရဲ့ နောက်ဆုံးစာအုပ် 'သူငယ်ချင်းတစ်ယောက် ပျောက်ဆုံး'ဆိုသည့် ဝတ္ထုသည်လည်း အပြင်တွင် သူငယ်ချင်းကောင်မလေးတစ်ယောက် ပျောက်ဆုံးနေတာနှင့် ထပ်တူဖြစ်နေသည်။



ထူးဆန်းတာက ပျောက်သွားသည့် ကောင်မလေး၏ သောက်ျားလေးသူငယ်ချင်းသည် သူ့ဝတ္ထုထဲက ဇာတ်ကောင်နှင့် ပုံစံတူနေသည်။

ထို့ကြောင့် သူ၏ဝတ္ထုများနှင့် ပတ်သက်သည့်ကိစ္စများကို စုံစမ်းရန်အတွက် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

"ဦးသင်းသော်. . . ဒီမှာ ဟိုနေ့က အကြွေး"

သူ၏ခန္ဓာကိုယ်သည် ရုတ်တရက် ဆတ်ခနဲဖြစ်သွား၏။

အသံလာရာဆီသို့ကြည့်လိုက်ရာ လူတစ်ဦးက ကောင်တာရှိ ဦးလေးကြီးအား ပိုက်ဆံအချို့ ပေးနေတာကို တွေ့ရသည်။

ဒါဆို ဆိုင်ပိုင်ရှင်ဦးလေးကြီးနာမည်က ဦးသင်းသော်ပေါ့။ မြင့်မို၏ တစ်ကိုယ်လုံးသည် အံ့သြခြင်း၊ တွေဝေခြင်းတို့ဖြင့် ပြည့်နှက်သွားကာ ကောင်တာက ဦးလေးကြီးကို စိုက်ကြည့်နေမိသည်။

မည်သို့ဆိုသော် သူ၏ ပထမဆုံးဝတ္ထုဖြစ်သည့် 'တဝမ်းပူလေး' ဝတ္ထုတွင် ပင့်ပင့်နှင့် ပွားမောင်အား တစ်ဦးနှင့်တစ်ဦး စာအပေးအယူ လုပ်ပေးသော ဆိုင်ရှင်တစ်ဦး၏ နာမည်မှာလည်း ဦးသင်းသော်ဆိုသည့် အမည်နှင့်လူ ဖြစ်သည်။

ဒါဆို ဒီလူကြီးက ငါ့ဝတ္ထုထဲက ဇာတ်ကောင်ကြီးလား၊ သူက တကယ်ပဲ ငါရေးထားသလို ပင့်ပင့်နှင့် ပွားမောင်တို့ကို စာအပေးအယူ ကိစ္စတွေ လုပ်ဆောင်ပေးခဲ့တဲ့ လူကြီးလား။

ထိုင်နေရာမှ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်တာဆီကို တစ်လှမ်းချင်း လှမ်းသွားလိုက်သည်။

"ဦးလေး"

"ဟေ"

ပိုက်ဆံရေနေရင်းမှ သူ့ကို မော့ကြည့်သည်။

"ဦးလေးဆီမှာ မောင်ပွားမောင်က ပင့်ပင့်အတွက် စာလေးတွေ လာထားလေ့ရှိလား"

"ဟင်. . . မောင်ရင်က ဘယ်သူလဲ"

ဦးလေးကြီး၏ မျက်နှာကို ကြည့်ခြင်းအားဖြင့် သူ့အတွေး မှန်သွားပြီ ဖြစ်သည်။

■

(၂၀)

ရှေ့ဆက်ရမည့် ခြေလှမ်းများသည် တဖြည်းဖြည်း ယိုင်နဲ့နေ၏။ လက်ထဲက စာအိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ခြေလှမ်းကိုသာ ခပ်မှန်မှန် လှမ်းနေမိသည်။

ဘယ်လောက်ထိ လမ်းလျှောက်နေမှန်း မိမိကိုယ်ကို မသိတော့။ ခြေထောက်များ နာကျင်နေမှသာလျှင် ခဏရပ်လိုက်သည်။

လမ်းတွင် တွေ့ခဲ့သော လူတစ်ဦး၏ ပြောစကားအရ ရှေ့လမ်းကျော်လျှင် သူသွားချင်သောအိမ် ရောက်ပြီဖြစ်သည်။

"ဘာသွားလုပ်မလို့လဲ၊ အဲ့ဒီအိမ်က မီးလောင်သွားပြီ၊ အချင်းချင်း မညီညွတ်ဘဲ အမွေလုကြတာကိုးဗျ၊ သူ့အဖေကြီးတော့ သနားစရာဗျာ၊ မီးထဲပါသွားတယ်"

ထိုလူ၏စကားများကို ပြန်ကြားယောင်ရင်း စိတ်များ လေးလံလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမီးလောင်သည့်အိမ်ကို မကြည့်ချင်သော်လည်း မိမိဝတ္ထုထဲက အဖြစ်အပျက်တစ်ခုကို အပြင်မှာ ပြန်မြင်ချင်သေးသည်။

အိမ်မီးလောင်သွားသော်လည်း အိမ်ရဲ့ ခြံစည်းရိုးလေးတော့ ရှိနိုင်ကောင်းရဲ့။

မိမိဝတ္ထုထဲက ခြံစည်းရိုးမှာ ပုဏ္ဏာရိပ်ပင်လေးတွေ ရှိသည်။ ယခု အပြင်က အိမ်မှာရော ပုဏ္ဏာရိပ်ပင်လေးတွေ ရှိသလား။ သူ အရမ်းသိချင်နေသည်။

လှမ်းနေသော ခြေလှမ်းများကို လမ်းချိုးတစ်ခုထဲ ချိုးဝင်လိုက်သည်။ ခေါင်းကို အောက်ငုံ့ထားကာ လမ်းလျှောက်နေမိ၏။

သူ မကြည့်ရဲ။ သူ့ဝတ္ထုထဲက ပုဏ္ဏာရိပ်ပင်လေးတွေ မရှိပါစေနဲ့။ မီးလောင်သွားတဲ့အိမ်ကလည်း သူ့ဝတ္ထုထဲကအိမ်လေး မဖြစ်ပါစေနဲ့။ သုံးအိမ်မြောက် လှမ်းပြီးချိန်တွင် ရပ်လိုက်သည်။ ခေါင်းကို တဖြည်းဖြည်းမော့ရင်း ရှေ့တည့်တည့်ရှိ ခြံစည်းရိုးကို ကြည့်လိုက်မိသည်။

"ဟာ. . ."

ခေါင်းသည် မိုက်ခနဲ ဖြစ်သွား၏။

ပုဏ္ဏာရိပ်ပင်လေးတွေ။ သူ့ဝတ္ထုထဲမှာပါသည့်အတိုင်း ခြံစည်းရိုးကို ပတ်လည်ဝိုင်းထား၏။

နောက်ဘက်တွင်တော့ မီးလောင်ထားသည့် အိမ်တစ်ပိုင်းတစ်စကို တွေ့ထားသည်။



ခြေထောက်များ ခွေကျသွား၏။ ဒါဆို သူ့ဝတ္ထုသုံးအုပ်လုံးဟာ အပြင်မှာ တကယ် ဖြစ်ပျက်သွားခဲ့တာပဲ။

ဆိုးရွားလှတဲ့ နောက်ပိုင်းအဖြစ်အပျက်တွေကတော့ သူ့ဝတ္ထုထွက်ပြီးမှသာ ဖြစ်ပျက်ခဲ့ကြသည်။

တကယ်လို့ သူ့ဝတ္ထုထဲမှာ ဒီအိမ်ကြီးဟာ မီးမလောင်ဘဲ မောင်နှမအချင်းချင်း ညီညွတ်ကာ အတူတကွ နေသွားကြတယ်လို့ ရေးရင် အပြင်မှာလည်း ဒီအတိုင်း ဖြစ်မှာလား။

တွေးရင်းနဲ့ပင် လက်များ တဆတ်ဆတ်တုန်လာသည်။

ဘာဖြစ်လို့ ငါ့ဇာတ်ကောင်တွေဟာ အပြင်မှာရှိတဲ့လူတွေ ဖြစ်နေရတာလဲ။

တိုက်ဆိုင်တာလား။ ဒါမှမဟုတ် ငါက ဘာဖြစ်နေတာလဲ။

မဖြစ်ဘူး။ သူတို့တွေ တစ်ခုခုဖြစ်သွားကြတာ ငါ့မှာ တာဝန်ရှိတယ်။

ထိုစဉ် စာအုပ်တိုက်ကို နောက်ဆုံးထုတ်ဖို့ ဝင်ပေးခဲ့သည့် စတုတ္ထမြောက်စာအုပ်ကို သတိရလိုက်လေသည်။

www.burmeseclassic.com

## (၂၁)

ဖုန်းကို အိတ်ထဲမှ ထုတ်လိုက်သည်။ ဂဏန်းအချို့ကို ခပ်သွက်သွက်နှိပ်လိုက်ရင်း တစ်ဖက်က ဖုန်းသံကို နားထောင်နေလိုက်သည်။

စိတ်လှုပ်ရှားနေသောကြောင့် လက်က ခုနအတိုင်းပဲ တုန်နေ၏။ ဖုန်းဝင်သွားသော်လည်း ဖုန်း မကိုင်ချေ။

နောက်တစ်ခေါက် ထပ်ခေါ်လိုက်သည်။

"တူ. . . တူ. . . တူ. . . တူ"

"ဟယ်လို"

"ဟယ်လို. . . ဦးဝင်းလား၊ ကျွန်တော် မြင့်မိုပါ"

"အေး. . . မောင်မြင့်မို ပြော၊ ဦး ရေချိုးခန်းထဲ ရောက်နေလို့. . . ပြောလေ ဘာကိစ္စလဲ"

"ဦး. . . ကျွန်တော့်ရဲ့ နောက်ဆုံးစာအုပ်ကို မထုတ်ပါနဲ့တော့"



"ဟေ. . . ဘာပြောလိုက်တာ"

စိတ်လောနေသောကြောင့် စကားတွေသည် အစီအစဉ်မကျတော့။

ဘယ်ကစပြောလို့ ပြောရမှန်းပင် မသိဖြစ်နေသည်။ စိတ်ထဲတွင် သူ့ရဲ့ နောက်ဆုံးရေးထားတဲ့စာအုပ်ကို မထုတ်ရန်အတွက် တားမြစ်ဖို့သာ ခေါင်းထဲ စွဲနေသည်။

"ကျွန်တော် နောက်ဆုံးရေးထားတဲ့စာအုပ်ကို မထုတ်ဖို့ ပြောတာပါ"

"ဟင်. . . မနက်ဖြန်ဆို စာအုပ်ဖြန့်ပြီကွ၊ ဘယ်လိုလုပ်ရတော့မှာလဲ၊ နေပါဦး. . . မောင်မြင့်မို မင်း ဘာတွေဖြစ်နေတာလဲ"

"ဦး. . . ကျွန်တော့်ဝတ္ထုထဲကလို ကောင်လေးတစ်ယောက် သေသွားတယ်ဆိုပြီး ဦးဆီ စာရေးတဲ့ ကောင်မလေးကို မှတ်မိလား"

ဦးဝင်းက နည်းနည်း ပြန်စဉ်းစားနေပုံရသည်။

ပြီးမှ-

"ဪ. . . အေး မှတ်မိပြီ မင်းကိုတောင် ရန်တွေ့ထားသေးတယ်လေ"

"ဟုတ်တယ် ဦး၊ အဲ့ဒီကောင်မလေး ရေးထားတာ အမှန်ပဲ"

မြင့်မိုသည် သူတွေ့ခဲ့၊ စုံစမ်းခဲ့သည့် အရာများကို ဦးဝင်းအား တစ်ခုမကျန် ပြောပြလိုက်၏။

တစ်ဖက်က နားထောင်နေသော ဦးဝင်းသည် မြင့်မို၏

www.burmeseclassic.com

www.burmeseclassic.com



အခြေအမြစ်မရှိသည့် စကားများကို ကြားနေရသောကြောင့် နည်းနည်းလေး စိတ်ညစ်နေလေသည်။

အဲ့ဒါကြောင့် အနုပညာသမားတွေနဲ့ မပတ်သက်ချင်တာ ဟုလည်း တွေးနေမိသည်။

သူတို့တွေက ထင်မြင်ရာ၊ စိတ်ကူးယဉ်ရာလေးတွေကို တကယ် အဟုတ်ပုံစံနဲ့ လျှောက်ပြောတတ်သည်။

အခုလည်း မြင့်မိုတစ်ယောက် တကယ် မဟုတ်သည်များကို တကယ်ဟုတ်သည်ထင်သည့် စိတ်ရောဂါများ ဖြစ်နေလားမသိ ဆိုပြီးတောင် တွေးနေမိသည်။

"အဲ့ဒါ ကျွန်တော့်နောက်ဆုံးစာအုပ်ကို ဦးကို မထုတ်နိုင် လှမ်းပြောတာပါ"

"ဘယ်ဖြစ်မလဲ မောင်မြင့်မိုရဲ့၊ စာအုပ်တွေက အထုပ် ရိုက်ပြီးပြီ၊ ဦးအကြောင်းလည်း မင်းသိတာပဲ၊ မင်းစာမူအပ်ပြီး သိပ်မကြာတဲ့ရက်အတွင်း ခပ်မြန်မြန် စာအုပ်ဖြစ်အောင် ရိုက်တယ် ဆိုတာ"

မြင့်မိုမှာ ဇောချွေးပြန်နေလေသည်။ ဦးဝင်းသည် သူပြော သည့် စကားများကို နားဝင်သည့်ပုံ မပေါ်ချေ။ စာအုပ်မထွက်ရပါက ဆုံးရှုံးရမည့် ငွေပမာဏကိုသာ သိသောသူဖြစ်သည်။

"မောင်မြင့်မို အခု ဘယ်ရောက်နေတာလဲ၊ ဦးရုံးကို ဝင်ခဲ့ ဦးလေ၊ တစ်ခုခု သွားစားကြမယ်"



"မလာတော့ပါဘူး ဦး၊ ကျွန်တော့်မှာ ကိစ္စလေးတွေ ရှိနေလို့"

ထိုသို့ပြောပြီး ဖုန်းကို ခပ်မြန်မြန် ချလိုက်သည်။

ကမ္ဘာကြီးသည် ချာချာလည်နေသည်ဟု ထင်မိသည်။ ဘာလုပ်ရမလဲ။ ယခု ထွက်ရှိလာမည့် စာအုပ်ကြောင့် သက်ဆိုင်သူ တစ်ဦးဦး ဒုက္ခဖြစ်သွားမှာကို သူ မလိုလားချေ။

ပြီးတော့ ယခုထွက်မည့်စာအုပ်သည် သာမန် သမီးရည်းစား၊ အမွေကိစ္စတွေမဟုတ်ဘဲ ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ခု ဖြစ်သွားနိုင်တာ ကိုလည်း သူကိုယ်သူ သိနေသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူ၏ဝတ္ထုသည် စာအုပ်အဖြစ် မဖြစ် စေနေ ထွက်လာတော့မည် ဖြစ်သည်။

ထိုအခါ ရှေ့က စာအုပ်များအတိုင်း ဖြစ်လာပါက မိမိ စာရေးသူတွင် တာဝန်ကင်းမည် မဟုတ်ချေ။

ထိုသို့ မဖြစ်လာအောင်လုပ်ဖို့ ကြိုးစားရန် တစ်ခုသာ ရှိတော့သည်။

လက်က ကိုင်ထားသောဖုန်းကို ဘောင်းဘီအိတ်ထဲ ထည့် လိုက်၏။

"ခွမ်း"

"ဟင်. . ."

လက်က ချွေးစေးများကြောင့် ဖုန်းမှာ ဘောင်းဘီအိတ်ထဲ မရောက်ဘဲ လွတ်ကျသွားသည်။ အချိန်မီ လိုက်ဖမ်းသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မမိဘဲ အောက်ပြုတ်ကျသွား၏။

ဖုန်းတစ်ခုလုံး ရစရာမရှိအောင် ဖြစ်သွားလေသည်။

သို့သော်လည်း ယခုအချိန်တွင် သူခေါင်းထဲ၌ သူ၏ နောက်ဆုံးဝတ္ထုနာမည်ကိုသာ ရေရွတ်နေမိသည်။

■




www.burmeseclassic.com

www.burmeseclassic.com

(၂၂)

ရဲမှူးဦးထွန်းမောင်သည် သူ့ရှေ့က လူများကိုကြည့်ရင်း အနည်းငယ် စိတ်အိုက်နေလေ၏။

သူချစ်သူသေသွားသော ကောင်မလေး ပင့်ပင့်အပါအဝင် ငါးဦးတိတိ ဖြစ်သည်။

သူ့ရှေ့တွင် စာအုပ်သုံးအုပ် ချထားသည်။ သူတို့၏ အဆိုအရ ဒီစာအုပ်သုံးအုပ်ကြောင့် သူတို့၏ဘဝတွေသည် တစ်ဆစ်ချိုး ပြောင်းခဲ့ရသည်။

ထိုစာအုပ် စာရေးဆရာသည် မရိုးသားသူတစ်ယောက် ဖြစ်သည်။ အပြင်က ရှိနေသော သူများကို အကွက်ကျကျ လေ့လာပြီး ဝတ္ထုဇာတ်သိမ်းနှင့် မတူတူအောင် လုပ်ကြံဖန်တီးလေ့ရှိသည်ဟု ရေးဖွဲ့ထားလေသည်။

"ကျွန်မက အမွေဆိုင်ဆိုတဲ့ စာအုပ်အထဲမှာပါတဲ့ မဒါ သူပါ။

www.burmeseclassic.com

www.burmeseclassic.com



အစကတော့ မသိပါဘူး၊ အိမ်ဘေးနားက မောင်လေးတစ်ယောက် လာပြောမှ သိရတာပါ။ ဒီဝတ္ထုက ဒေါ်သူကလည်း ကျွန်မအတိုင်း ပါပဲ။ အိမ်မီးလောင်သွားတာလည်း ဒီဝတ္ထုထွက်ပြီး တစ်ပတ်အကြာ မှာ လောင်သွားတာပါ။ ရှို့မီးပါ။ ဒီစာရေးဆရာ လုပ်ကြံတာပဲ ဖြစ်ရပါ့မယ်။ ရဲကြီးရယ် ကျွန်မ အဖေလည်း မီးထဲမှာ ပါသွား ပါတယ်"

တရှုံ့ရှုံ့ငိုနေလေ၏။

သူတို့၏ စာရွက်စာတမ်း အထောက်အထားများကို ကြည့် ခြင်းအားဖြင့် သူတို့၏ နာမည်များက ဝတ္ထုထဲကအတိုင်း တူညီ နေတာကိုတော့ အံ့ဩစွာ တွေ့ရသည်။

သို့သော် သူတို့အဖြစ်အပျက်သည် တကယ်ဖြစ်ပျက်ခဲ့ တာလား ဆိုတာကိုတော့ သူတို့နေသည့် ရဲစခန်းမှတစ်ဆင့် သူ တပည့်တစ်ယောက်ကို စုံစမ်းခိုင်းထားသည်။

ခဏနေရင် အဖြေသိရမည် ဖြစ်သည်။

"ပျောက်သွားတာကတော့ ကျွန်တော့်သူငယ်ချင်းပါ၊ ကျွန်တော်က ရည်းစားစကား ပြောထားတဲ့ ကောင်မလေး တစ်ယောက် ပါ။ အခုတော့ဗျာ ဘယ်ပျောက်နေပြီလဲ မသိဘူး။ သူ့အိမ်ကိုလည်း ပြန်မလာဘူးတဲ့။ ကျွန်တော့်မှာ မအိပ်နိုင်၊ မစားနိုင် ဖြစ်နေရတယ်။ အဲဒီစာရေးဆရာ ဖမ်းတားတာ မဟုတ်ရင်လည်း ဘယ်သူ ဖမ်းထား လဲဆိုတာ ပြောမှဖြစ်မယ်။ သူ့ဝတ္ထုထဲမှာ ဘယ်သူ ဖမ်းထားပါတယ်



ဆိုတာ မပါဘူးဗျ။ ဘယ်လိုပဲဖြစ်ဖြစ် အခုတော့ ဒီစာရေးဆရာရဲ့ လက်ချက်ပဲ ဖြစ်မယ်ထင်တယ်၊ သူ့ကို မတွေ့တွေ့အောင် ရှာမှဖြစ် မယ်၊ ရဲမှူးရယ် ကူညီပါဦး။ ဒီက ကောင်မလေး ပင့်ပင့် ပြောပြလို့ ဒီတိစ္စတွေကို သိရတာပါ၊ နို့မို့ဆို သိမှာ မဟုတ်ပါဘူး"

ညညှ အိပ်မပျော်သည့်ပုံစံဖြင့် လူငယ်လေးက တတွတ်တွတ် ပြောနေလေ၏။

"နေကြပါဦးဗျာ၊ ခဏစောင့်ပါဦး၊ ပြီးရင် ကျွန်တော် ဆုံး ဖြတ်ပေးပါ့မယ်"

သိပ်ကြာကြာ မစောင့်လိုက်ရပါဘူး။ သူ့တပည့်သည် ဖိုင် အစ်ထပ်လိုက်ကြီးနှင့် ပြန်ရောက်လာလေ၏။

"အခြေအနေ ဘယ်လိုလဲ"

"ဒါက အမှုတွဲတွေပါ ဆရာ၊ သက်ဆိုင်ရာ ရဲစခန်းတွေဆီက မိတ္တူကူးလာတာပါ၊ သူတို့ပြောတာတွေက အမှန်တွေချည်းပါပဲ ဆရာ"

"ဟင်. . ."

ရဲမှူးဦးထွန်းမောင်၏ မျက်နှာသည် တအံ့တဩ ဖြစ်သွား သလေ၏။

သူ့တပည့်လက်ထဲက ဖိုင်များကို ဆွဲယူကာ ခပ်မြန်မြန် ကြည့်ရှုလိုက်လေသည်။

ဟုတ်ပါသည်။ သူ့ရှေ့တွင် ထိုင်နေသော သူများ၏ ပြော

www.burmeseclassic.com



စကားများသည် အမှန်တွေ ဖြစ်နေ၏။

ဒါဆို ဒီစာရေးဆရာက တရားခံပေါ့။ သူ့ဝတ္ထုကို အပြင်က ဇာတ်ကောင်များဖြင့် ပုံဖော်ကာ သူ့ဝတ္ထုထဲက ဇာတ်သိမ်းအတိုင်း အပြင်မှာလည်း ဇာတ်သိမ်းအောင် လိုက်လံဖန်တီးနေတဲ့ လူသတ်သမား စာရေးဆရာ ဖြစ်နေတာပေါ့။

ဘာပဲပြောပြော ဝတ္ထုထဲက အဖြစ်အပျက်ဟာ အပြင်မှာ တူဖို့ဆိုတာ မလွယ်ကူချေ။ တိုက်ဆိုင်သည်ဆိုပါက တစ်အုပ်မက သုံးအုပ်တိတိတူနေသောကြောင့် တိုက်ဆိုင်သည်ဟုလည်း ပြောရခက်နေသည်။ အခု အခြေအနေတိုင်းဆိုပါက စာရေးဆရာသည် သံသယအရှိဆုံးလူ ဖြစ်နေလေသည်။

ရဲမှူးသည် ဖိုင်များကို ပိတ်ချလိုက်ပြီး ပင့်ပင့်ဘက်သို့ မျက်နှာမူလိုက်၏။

"ဒီစာရေးဆရာ ထွက်ထားတဲ့ စာအုပ်က သုံးအုပ်တည်းလား"

"မနေ့ကအထိတော့ ဟုတ်နေပါသေးတယ်"

"ဘယ်လို"

ရဲမှူးက မျက်မှောင်ကြုတ်လိုက်၏။

"ဟုတ်ပါတယ်၊ မနေ့ကအထိတော့ အဲ့ဒီစာရေးဆရာ ရေးထားတဲ့ နောက်ဆုံးစာအုပ်က သူငယ်ချင်းတစ်ယောက် ပျောက်ဆုံးဆိုတဲ့ စာအုပ်ပါ၊ ဒါပေမယ့် ဒီမနက်သတင်းစာမှာ သူ့ဝတ္ထုအသစ်



ကြော်ငြာထားတာတွေ့လို့ ယူလာပါတယ်"

"ပြစမ်း"

ပင့်ပင့်က ရဲမှူးဦးထွန်းမောင်အား ကြော်ငြာပါသည့် နေရာအား ပြကာ လှမ်းပေးလိုက်၏။

ရဲမှူးက ကြော်ငြာကို ဖတ်ကြည့်လိုက်သည်။

"ဟင်. . ."

■

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ"

"ဘာလဲ"

"အပြင်မှာ ရဲတွေနဲ့ လူတချို့ ရောက်နေတယ် ဆရာ"

"ဘာ . . ."

■

## (၂၃)

ဦးဝင်းသည် သူ့လူများကို အော်ကြီးဟစ်ကျယ် ကြိမ်းမောင်းနေလေ၏။

"လုပ်လိုက်ရင် အသုံးကို မကျဘူး၊ အခု ဘယ်လိုလုပ်မလဲ"

မန်နေဂျာ မြတ်ထူးနိုင်အပါအဝင် အားလုံးက ငြိမ်သက်နေ၏။

"စာရေးဆရာပေးတဲ့အတိုင်း ရိုက်လိုက်တာပါပဲ ဆရာ"

"ဟ. . . သူပေးတာက အကောင်း၊ မင်းတို့ ပြန်ပြင်သေးတယ်ဆို"

"ဟုတ်ပါတယ်. . . စာမျက်နှာပုံစံတွေ ပြန်ပြင်ရပါတယ် ဆရာ"

ထိုအချိန်တွင် Reception က ကောင်မလေးသည် ရုံးခန်းထဲသို့ ဝင်လာပြီး-

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၂၄)

ရဲမှူး၏ ပြောစကားများ ပြီးသွားသောအချိန်တွင် ဦးဝင်းမှာ အဖြစ်အပျက်များကို ယုံတစ်ဝက်၊ မယုံတစ်ဝက် ဖြစ်နေသေး၏။

သို့သော် သက်ဆိုင်ရာက လာရောက်ပြောနေသောကြောင့် မယုံ၍လည်း မဖြစ်ချေ။ ကာယကံရှင်များ ကိုယ်တိုင်ကိုယ်ကျ ပါလာသောကြောင့် ဦးဝင်းမှာ မြင့်မိုစကားများကို ပြန်ကြားယောင်လာ၏။

"မြင့်မိုလည်း ကျွန်တော့်ကို အဲဒီလိုပြောပြီး ယခုစာအုပ်ကို မထွက်ဖို့ တားသေးတယ်"

ရဲမှူးမှာ ဦးဝင်းစကားကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး-

"ကျုပ်တို့ လိုက်နေတာကို သိသွားလို့လား"

"အဲဒါတော့ မပြောတတ်ဘူးခင်ဗျာ"

"ဘာပဲပြောပြော ခင်ဗျားတို့တိုက်က စာရေးဆရာဟာ ဥပဒေ ချိုးဖောက်မှုတွေ ပြုလုပ်တဲ့ လူဖြစ်နေတယ်၊ အခုလည်း



နိုင်ငံတော် လုပ်ကြံမှုတစ်ခုဖြစ်ဖို့ နီးစပ်နေတယ်၊ အခု သူ ဘယ်မှာလဲ"

"ခဏလေးနေပါဦး ဆရာရယ်၊ ကျွန်တော်တို့လူက အဲ့ဒီလို သူတော့ မဟုတ်လောက်ပါဘူး"

ဦးဝင်းသည် မြင့်မိုဘက်က ကာပြီး ငြင်းနေသေး၏။

သို့သော်လည်း တစ်အုပ်တလေတူတာက တိုက်ဆိုင်မှုဟု ဆိုလို့ရသော်လည်း အခုဟာက ထွက်သမျှ စာအုပ်အားလုံး တူနေတာဆိုတော့ သူပင် ယောင်ဝါးဝါး ဖြစ်နေသည်။

စားပွဲပေါ်ကဖုန်းကို ကောက်ယူလိုက်ပြီး ဂဏန်းအချို့ နှိပ်လိုက်သည်။ မြင့်မိုကို သူပေးထားသည့်ဖုန်းအား လှမ်းဆက်ခြင်းဖြစ်သည်။ ဖုန်းမှာ စက်ပိတ်ထားလေ၏။

"သူ့ဖုန်းကတော့ စက်ပိတ်ထားတယ်"

"သေချာနေပြီ"

ပင့်ပင့်ဆိုသည့် ကောင်မလေးက ဝင်ရောက်ပြောခြင်း ဖြစ်သည်။ ရဲမှူးက-

"ကျုပ်တို့ကို သူ့အိမ် လိုက်ပြပါ"

"ရပါတယ်"

"ပြီးတော့ နောက်ဆုံးထွက်ထားတဲ့ သူ့ဝတ္ထုတစ်အုပ်လည်း ...ချင်တယ်၊ ဒါမှ ဘာတွေရေးထားလဲ သိပြီး သူ့နောက်ကို လိုက်လို့ ...မှာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ အခု ဒုက္ခဖြစ်နေတာပေါ့ဆရာ"

"ဟင်. . . ဘာဖြစ်နေလို့လဲ"

"ဈေးကွက်ထဲ ဖြန့်ထားတဲ့ စာအုပ်တွေကို အခု ပြန်သိမ်းခိုင်းထားရတယ်"

"ဘာဖြစ်လို့လဲ"

"စာအုပ်ထဲမှာ အခန်း (၁၃)၊ (၁၄)နဲ့ ဇာတ်သိမ်းခန်း မပါဘူး ဖြစ်နေတယ်"

"ဟင်. . ."

■

BURMESE CLASSIC .com

## (၂၅)

"သူပေးတဲ့ မူရင်းမှာရော မပါဘူးလား"

"အဲ့ဒါတော့ မသိဘူး၊ အရင်တုန်းက သူက စာမူကို လက်ရေးနဲ့ပေးတာ၊ အခု ဒီစာအုပ်မရေးခင် ကွန်ပျူတာ ဝယ်ထားတော့ သူဘာသာသူ ကွန်ပျူတာနဲ့ရေးပြီး Memory Stick နဲ့ပေးတာ"

"ကွန်ပျူတာထဲမှာတော့ ရှိဦးမှာပေါ့"

"တိုက်ဆိုင်တာပဲ ပြောမလား မသိဘူး ဆရာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်ပြောရင် ဆရာ ယုံမှာမဟုတ်ဘူး၊ ကျွန်တော့်ဆီက ကွန်ပျူတာစာစီ ကောင်မလေးကို ခေါ်ပေးပါ့မယ်"

ဦးဝင်းသည် မန်နေဂျာမြတ်ထူးနိုင်အား ကွန်ပျူတာစာစီ ကောင်မလေးကို ခေါ်ခိုင်းလိုက်၏။

ခဏကြာသောအခါ ကောင်မလေးမှာ ဦးဝင်းအခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာ၏။

"ကဲ. . . သမီး ဒီကရဲမှူးကို သမီးဖြစ်တဲ့ အဖြစ်အပျက်ကို ပြန်ပြောပြလိုက်ပါဦး"

ကောင်မလေးက ရဲမှူးအပါအဝင် အခြားလူများကို တစ်ချက်ကြည့်ကာ-

"သမီးက ဒီမှာ ကွန်ပျူတာစာစီတဲ့အလုပ် လုပ်ပါတယ်၊ ဒီတိုက်က ထွက်တဲ့စာအုပ်တိုင်းကို သမီးက စာစီပေးရပါတယ်၊ အခု ဆရာမြင့်မိုရဲ့စာအုပ်က အခြားစာအုပ်တွေကို ရိုက်သလို မဟုတ်ပါဘူး"

"အင်း. . . သူ့စာအုပ်က ဘာဖြစ်နေလို့လဲ"

"သူ့စာအုပ်ကို စာစရိုက်ရင် ကွန်ပျူတာက သုံးလေးခါလောက် ပိတ်ကျသွားတယ်၊ ရုံးမှာက ကွန်ပျူတာသုံးလုံးရှိတော့ သုံးလုံးလုံး ပြောင်းရိုက်ကြည့်လည်း အဲ့ဒီလိုပဲ Shut down ကျသွားပါတယ်"

"အခြားစာအုပ်တွေရော"

"အဲ့ဒီလိုအချိန်မှာ သူ့စာအုပ်မရိုက်ဘဲ အခြားစာအုပ် ဖြတ်ပြီး ရိုက်ကြည့်ရင် အဲ့ဒီလို ကွန်ပျူတာ ပိတ်မကျသွားပါဘူး"

"အင်း. . . ဆက်ပြောပါဦး"

"အကြိမ်ကြိမ် ကွန်ပျူတာကို ပြန်ဖွင့်၊ ပြန်ရိုက်မှပဲ နောက်ပိုင်း ဆက်ရိုက်လို့ရပါတယ်၊ အဲ့ဒါ ဆရာမြင့်မို ထွက်ခဲ့တဲ့ စာအုပ်တိုင်း



အဲ့ဒီလို ဖြစ်ခဲ့တာပါ၊ အခု နောက်ဆုံးစာအုပ်ကိုတော့ သူက Memory Stick နဲ့ ပေးပါတယ်"

"အဲ့ဒါကျတော့ရော"

"အဲ့ဒါကျတော့ မဖြစ်ဘူးဆရာ၊ သူရိုက်ထားတဲ့စာတွေကို စာခွင်ပြန်ပြင်ပေးပြီး ကွန်ပျူတာပလိတ်ထုတ်ဖို့ ပေးပြီးမှသာ ကွန်ပျူတာ Shut down ကျသွားပြီး အဲဒီစက်ကို ပြန်ဖွင့်လို့ ရတော့တာ အခုထိပါပဲ ဆရာ"

"ကွန်ပျူတာပလိတ်ဆိုတာ"

ရဲမှူးက စာအုပ်ပုံနှိပ်တဲ့အကြောင်းကို သိပ်နားမလည်သောကြောင့် ဦးဝင်းအား ကြည့်ပြီး ပြန်မေးလေ၏။

"ဒီလိုပါဆရာ၊ စာအုပ်လုပ်တဲ့နေရာမှာ စာရေးဆရာ ရေးထားတဲ့စာမူကို ကွန်ပျူတာစာစီရပါတယ်၊ စာအုပ်ပုံစံ စာခွင်နဲ့ပေါ့ ဆရာ"

"အင်း. . . ဟုတ်ပြီ"

"ပြီးရင်. . . ဖလင်လုပ်ရပါတယ်ဆရာ၊ ဖလင်လုပ်တဲ့ နေရာမှာလည်း လက်ခွဲနဲ့ စက်ခွဲဆိုပြီး ရှိပါတယ်၊ လက်ခွဲဆိုတာက ကွန်ပျူတာထဲက စာတွေကို Print ထုတ်ပြီး ဖလင်လုပ်တာပါ၊ အဲ့ဒီ ဖလင်ကိုမှ ပုံနှိပ်ဖို့အတွက် ပလိပ်ပြား ပြန်ကူးပြီးမှသာ ပုံနှိပ်စက်ပေါ် တင်လို့ရတာပါ"

"ဪ. . ."

www.burmeseclassic.com

www.burmeseclassic.com



"စက်ခွဲဆိုတာက လက်ခွဲမှာပါတဲ့ ဖလင်အဆင့် မပါတော့ဘဲ ကွန်ပျူတာကနေ ပုံနှိပ်တဲ့ ပလိပ်ပြားကို တိုက်ရိုက်ထုတ်တာပါ CTP လို့ ခေါ်ပါတယ်၊ အရည်အသွေးက ပိုကောင်းတဲ့အတွက် ကျွန် တော်တို့တိုက်က စာအုပ်တွေကို CTP လုပ်ပြီးပဲ ရိုက်ပါတယ် ဆရာ"

"အဲ့ဒါဆိုရင် စာအုပ်ရိုက်လို့ ရပြီပေါ့"

"ဟုတ်ပါတယ် ဆရာ၊ အဲ့ဒီ CTP နဲ့ စာအုပ်ရိုက်ပြီး ထွက် လာတဲ့စာရွက်တွေကို စာအုပ်ချုပ်တဲ့နေရာကို နောက်ဆုံး ပို့ရပါ တယ်၊ အဲ့ဒီကနေမှတစ်ဆင့် ဈေးကွက်ထဲ ဖြန့်တာပါ"

ထိုစဉ် မန်နေဂျာမြတ်ထူးနိုင်က အလောတကြီးပုံစံဖြင့် ရုံးခန်းထဲသို့ ပြေးဝင်လာလေ၏။

"ဆရာ. . . ဆရာ"

"ဟေ. . . ဘာဖြစ်လာတာလဲ"

"စာအုပ်တွေ ပြန်သိမ်းတဲ့ကား လမ်းမှာ ကားမှောက်ပြီး မီးလောင်နေတယ်တဲ့ဆရာ"

"ဘာ. . ."

ရဲမှူးအပါအဝင် အားလုံးမှာ ထိတ်လန့်သွားကြလေ၏။

"လိုက်သွားမှ ဖြစ်မယ်ဗျ"

■

(၂၆)

မြင့်မိုသည် 'လဝန်းသစ်' တည်းခိုခန်းရှေ့တွင် ရပ်လိုက် သည်။ ကျောပိုးအိတ်ကို တစ်ချက်ပင့်လိုက်ပြီး တည်းခိုခန်းထဲ သို့ ဝင်လိုက်၏။

"အခန်းတစ်ခန်း လိုချင်လို့ပါ"

ကောင်တာက အမျိုးသားက စာရင်းတစ်ချက် ကြည့်လိုက် ပြီး-

"ဘယ်နှရက်နေမှာလဲ"

"တစ်ရက်တည်းပါ"

"အခန်းနံပါတ် 18 မှာပါ"

ပြောပြောဆိုဆို သော့တစ်ချောင်းကို စားပွဲပေါ် တင်လိုက် သည်။ ပြီးနောက်-

"မှတ်ပုံတင်လေး ပေးပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုက သူ့ရဲ့မှတ်ပုံတင်ကို ထုတ်ပြီး စားပွဲပေါ်တင်ကာ-

"အခန်းနံပါတ် 13 မရဘူးလား"

ဟု မေးလိုက်၏။

ထိုလူက သော့များကို တစ်ချက်ကြည့်ရင်း-

"ဩော်. . . ရှိတယ်၊ အဲဒီအခန်းမှာပဲ တည်းမလို့လား"

"အင်း. . . ရရင်တော့ တည်းချင်တယ်"

"ရပါတယ်"

အခန်း (13) သော့နှင့် ပြန်လဲပေးသည်။

"အပေါ်တက်သွားပြီး တည့်တည့်လျှောက်ရင် အခန်း (13) ကို တွေ့ရလိမ့်မယ်"

"ဟုတ်ကဲ့"

ကျသင့်ငွေကို အရင်ရှင်းပေးပါ ဆိုသောကြောင့် ရှင်းပေးလိုက်ပြီး အပေါ်ထပ်ကို တက်ခဲ့လိုက်သည်။

အပေါ်ထပ်ကို ရောက်ရောက်ချင်း လေးခန်းမြောက်တွင် အခန်းနံပါတ် (13) ကို တွေ့ရသည်။

သော့ထိုးထည့်ပြီး အခန်းတံခါးကို ဖွင့်လိုက်၏။

"ဂျလောက်"

တံခါးပွင့်သွားပြီးနောက် အခန်းထဲကို ဝေ့ဝိုက်ကြည့်လိုက်သည်။

ခုတင်တစ်လုံး၊ ဗီရိုတစ်ခုနှင့် တီဗွီတစ်လုံးသာ ရှိသည်၊



သို့သော် ကိစ္စမရှိ။ သူနောက်ဆုံးဝတ္ထုထဲက ဇာတ်ကောင်သည် ဒီတည်းခိုခန်းတွင် တည်းသွားဖူးပြီး သဲလွန်စတစ်ခု ကျန်ခဲ့ကြောင်းကို သူဝတ္ထုထဲ၌ ထည့်ရေးထားဖူးသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

ဦးဝင်းတို့ ရောက်သွားသောအချိန်တွင် မီးသတ်ကားများနှင့် လူများ ဝိုင်းအုံနေသည်ကို တွေ့ရသည်။

ကားမှာ မီးငြိမ်းသွားပြီဖြစ်သော်လည်း ကားတစ်စီးလုံးမှာ ရစရာမရှိအောင် မီးလောင်ပြီး ဖြစ်နေသည်။

တင်လာသော စာအုပ်များမှာလည်း မီးလောင်သွားပြီး မလောင်ဘဲ ကျန်ခဲ့သော စာအုပ်များမှာလည်း ရေများကြောင့် စုတ်ပြတ်သတ်နေတာကို တွေ့ရသည်။

ဦးဝင်း ရောက်လာသည်ကို တွေ့ရသောကြောင့် တာဝန်ခံ မီးသတ်အရာရှိက ပိုင်ရှင်မှတ်တမ်း ရေးမှတ်ခြင်းများ ပြုလုပ်၏။

ဦးဝင်းနောက်က ပါလာသော ရဲမှူးဦးထွန်းမောင်ကိုလည်း မြင်လိုက်ရသောကြောင့် အလေးပြုပြီး ဖြစ်စဉ်ကို ရှင်းပြလေ၏။

"ကားက သူ့ဘာသာသူ အရှိန်လွန်ပြီး မှောက်တာလို့



ရှုတ်မြင်များက ပြောပါတယ်၊ မှောက်မှောက်ခြင်းပဲ ကားက မီး လောင်သွားတာပါ၊ အထဲက ကားမောင်းသမားကိုတော့ လမ်းမှာ ရှိတဲ့ လူတွေက ဝိုင်းဆွဲထုတ်ပြီး အခု ဆေးရုံကို ပို့ထားပါတယ်"

"ဦးသောင်းစိန်က ကားမောင်းကြမ်းတဲ့လူ မဟုတ်ဘူးဗျ၊ ဘယ်လိုဖြစ်သွားတာလဲ မသိဘူး"

ဦးဝင်းက သူ့ကားကိုကြည့်ရင်း စိတ်ပျက်လက်ပျက်နှင့် ညည်းညူလေသည်။

ထို့နောက် ရဲမှူးဘက်ကို မျက်နှာမူလိုက်ပြီးနောက်-

"ကဲ. . . ရဲမှူးလိုချင်တဲ့ စာအုပ်တွေ တစ်အုပ်မှ မရှိတော့ ဘူး"

ရဲမှူးကလည်း သူ့ရှေ့က မြင်ကွင်းကိုကြည့်ပြီး အတော် ...ကို စိတ်ပျက်နေလေ၏။

အတူပါလာသော၊ ဒီအမှုကို စခဲ့သော ပင့်ပင့်ကိုလည်း ...ကြည့်လိုက်၏။

သူမကလည်း မီးလောင်သွားသော ကားနှင့် စာအုပ် ...င်းအစများကိုကြည့်ပြီးတော့ တအံ့တသြ ဖြစ်နေလေသည်။

"တစ်ယောက်ယောက် ရှာကြည့်ပါဦး၊ ဖတ်လို့ရနိုင်မယ့် ...ပ်တစ်အုပ်တလေများ ရှိဦးမလားလို့"

ရဲမှူး ဦးထွန်းမောင်က သူ့တပည့်များကို အမိန့်ပေးလိုက်၏။

ချက်ချင်းဆိုသလိုပင် ရဲနှစ်ယောက်နှင့်အတူ ပင့်ပင့်ကပါ

www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ပုံထဲသို့ဝင်ကာ လိုက်ရှာကြည့်လေ၏။

စာအုပ်အကုန်လုံးမှာ မီးကျွမ်းနေပြီ ဖြစ်သည်။ ကျန်ခဲ့သော တချို့တလေမှာလည်း ရေများကြောင့် စာရွက်များ နူးအိနေပြီး ဘယ်လိုမှ ဖတ်လို့အဆင်မပြေ ဖြစ်နေသည်။

ကိုင်လိုက်တာနှင့် ပြိုသွားလေ၏။ အချိန်အတော် ကြာသွားသော်လည်း ဖတ်လို့ရသည့်စာအုပ် တစ်အုပ်မှ မတွေ့ချေ။

■

(၂၈)

ဗီရိုကို ဖွင့်လိုက်သည်။ အထဲမှာ ပြောင်ရှင်းနေပြီး သတင်းစာစက္ကူများ ခင်းထားတာကိုသာ တွေ့ရ၏။

သတင်းစာစက္ကူများကို လှန်လှောကြည့်မိသည်။ သူလိုချင်တဲ့အရာကို ရှာမတွေ့ချေ။

ထို့နောက် ခုတင်အောက်များ၊ ရေချိုးခန်း၊ အိမ်သာ စသည့်နေရာများပါမကျန် တစ်ခန်းလုံးကို ပိုက်စိပ်တိုက် ထပ်ရှာကြည့်သည်။

တစ်ခန်းလုံးတွင် သူလိုချင်သည့် သဲလွန်စ တစ်ခုမှ မရှိချေ။ ဘာဖြစ်တာပါလိမ့်။

သူ့ဝတ္ထုထဲက လူသတ်ဇာတ်ကောင်သည် ဒီတည်းခိုခန်းမှာ မတည်းခဲ့ဘူးလား။

မြို့နယ်တစ်ခုလုံးမှာလည်း 'လဝန်းသစ်'နာမည်နဲ့ တည်းခို

www.burmeseclassic.com

www.burmeseclassic.com



ခန်းသည် ဒီတစ်ခုသာ ရှိသည်။

အခန်းတံခါးကို ပြန်ဖွင့်လိုက်ပြီး အောက်ထပ်ကို ပြန်ဆင်းလိုက်၏။ ကောင်တာရှေ့ ရောက်သွားပြီး-

"တစ်ခုမေးချင်လို့ ခင်ဗျ"

"ဟုတ်ကဲ့"

"ဒီတည်းခိုခန်းမှာ အောင်ရဲကျော်ဆိုတဲ့လူများ တည်းခဲ့ဖူးလား သိချင်လို့ပါ"

"ဘယ်တုန်းကလဲ"

"အင်း. . ."

ဘယ်တုန်းကလဲဆိုတာ သူ မသိချေ။

သူ့ဝတ္ထုထဲတွင် ရက်အတိအကျ မပါပေ။

"အဲ့ဒါတော့ မသိဘူးဗျ"

"အဲ့ဒီလိုဆိုရင်တော့ ရှာလို့မရဘူးဗျ"

ကောင်တာမှ လူကြီးက သူ့ကို မသက်သာသလို ကြည့်နေသောကြောင့် သူလည်း အခန်းထဲသို့ ပြန်တက်လာခဲ့လိုက်သည်။

အခန်းထဲရောက်တော့ ရေချိုးပြီး ခဏလှဲနေရင်းနဲ့ပဲ အိပ်ပျော်သွားလေတော့သည်။

■

(၂၉)

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးကို ခပ်ပြင်းပြင်းလေး ခေါက်လိုက်သည်။

"ဘယ်သူမှ မရှိဘူးထင်တယ်. . . သော့လည်း ပိတ်ထား တယ်"

အတူပါလာသော ရပ်ကွက်လူကြီးက ပြောလိုက်ခြင်း ဖြစ် သည်။

"ခေါက်ကြည့်ပါဦး"

"ဒေါက်. . . ဒေါက်. . . ဒေါက်. . . ဒေါက်"

ဆူညံသံများကြောင့် ရှေ့တည့်တည့်အခန်းက ထွက် ကြည့် သည်။

"ဒီအခန်းက စာရေးဆရာမြင့်မိုးနေတဲ့ အခန်းလား"

ဦးဝင်းက ထွက်ကြည့်သော မိသားစုကို မေးလိုက်၏။

"ဟုတ်တယ်. . . အခု မရှိဘူးထင်တယ်"

"ဘယ်သွားလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ ဟိုတစ်နေ့ကတည်းက အထုပ်ဆွဲပြီး ထွက်သွားတာ၊ ညကလည်း ပြန်မအိပ်ဘူးထင်တယ်"

ဦးဝင်းက ရဲမှူးဦးထွန်းမောင်ကို တစ်ချက်ကြည့်လိုက်၏။ ဘယ်လိုလုပ်မလဲဆိုသည့်သဘော ဖြစ်သည်။

သူတို့သည် မြင့်မိုကို ဖုန်းဆက်လို့မရသည့်အဆုံး မြင့်မိုနေသည့် တိုက်ခန်းသို့ ရပ်ကွက်လူကြီးများခေါ်ကာ ရောက်ရှိလာခြင်း ဖြစ်သည်။

ရဲမှူးဦးထွန်းမောင်၊ ထုတ်ဝေသူ ဦးဝင်း၊ ရပ်ကွက်လူကြီးရဲနှစ်ယောက်နှင့်အတူ ပင့်ပင့်လည်း လိုက်ပါလာခြင်း ဖြစ်သည်။

ကျန်သည့် သက်သေများကတော့ မလိုက်ဘဲ ပင့်ပင့် တစ်ယောက်သာ လိုက်ပါလာခြင်း ဖြစ်သည်။

"တံခါးသော့ကိုဖျက်ပြီး အထဲကို ဝင်စစ်ကြည့်ရမယ်။ ဒါက နိုင်ငံတော်လုပ်ကြံမှု ဖြစ်နိုင်တဲ့အတွက် သူ့အခန်းထဲမှာ ရှာဖွေသင့်တာတွေ ရှာဖွေရမယ်"

ရဲမှူးဦးဝင်းမောင်သည် သူ၏တပည့်တစ်ဦးကို တံခါး ဖျက်ရန်အတွက် အမိန့်ပေးလိုက်လေ၏။

ထို့ကြောင့် အရှေ့အခန်းကနေ တူအချို့ ငှားရမ်းကာ တံခါးသော့ကို စတင်ဖျက်လိုက်၏။

"ဒုန်း. . . ဒုန်း"

■

(၁၀)

ဆူညံသံအချို့ကြောင့် မြင့်မို လန့်နိုးလာ၏။ ဘေးအခန်းက တစ်ခုခု ကျကွဲသံကြောင့် ဖြစ်သည်။

အချိန်ကိုကြည့်လိုက်ရာ တစ်နာရီကျော်ကျော်လာက် အိပ်ပျော်သွားကြောင်း သတိထားမိသည်။

ချက်ချင်းပင် မျက်နှာသစ်၊ ရေချိုးကာ တစ်ခုခုစားဖို့အရန်အတွက် Reception ကို လှမ်းမှာလိုက်၏။

ပြီးနောက် ဖုန်းကိုချကာ ခုတင်ပေါ်သို့ ပြန်လှဲနေလိုက်၏။ သူရေးထားသည့်ဝတ္ထုကို ပြန်စဉ်းစားနေခြင်း ဖြစ်သည်။

သူ့ဝတ္ထုထဲတွင် သမ္မတကို လုပ်ကြံသူ၏ နာမည်မှာ အောင်အောင် ဖြစ်၏။

နေရပ်မသိ၊ ဘယ်လိုလူစားလဲ မသိဘဲနဲ့ ဝတ္ထုထဲက ဇာတ်ကောင်များကိုကြည့်ပြီး ထိုလူကို လိုက်ရှာနေရတာ ကြောင်တောင်တောင်

www.burmeseclassic.com

www.burmeseclassic.com



တော့နိုင်သည်။

သို့သော်လည်း သူ့ကို ရှာမှသာ ဖြစ်မည်။ မရှာပါက သူ့ဝတ္ထု ထဲကအတိုင်း သမ္မတကြီးမှာ လုပ်ကြံခံရနိုင်သည်။

ရီမုတ်ကိုယူပြီး တီဗွီကို ဖွင့်လိုက်၏။

လိုင်းများကို ရွှေ့နေရင်း လိုင်းတစ်ခုတွင် ခဏ ရပ်လိုက်၏။ သတင်းလိုင်း ဖြစ်သည်။

တိုက်ဆိုင်စွာပင် ယခုကြည့်နေသော သတင်းတွင် သမ္မတ ကြီး၏ ခရီးစဉ်အကြောင်း ထုတ်လွှင့်နေခြင်း ဖြစ်သည်။

ခဏကြာသည်အထိ သတင်းကို စူးစူးစိုက်စိုက် ကြည့်နေ မိသည်။ ဥပမိရုပ်ရှင်းရှင်းနှင့် သန့်ပြန့်သော လူကြီးတစ်ဦးသည် သူ့ဝတ္ထုကြောင့် လုပ်ကြံခံရမည်လား။

အခြားလူ သွားပြောပါက ရယ်စရာပင် ဖြစ်နေပေလိမ့် မည်။ သူကိုယ်တိုင်လည်း ရာနှုန်းပြည့် ယုံကြည်၍ မဟုတ်ဘဲ မိမိ ကြောင့် ဖြစ်သွားမှာကို စိုးရိမ်၍သာ တားဆီးရန် ကြိုးစားနေမိခြင်း ဖြစ်သည်။

သို့သော် သူ့ဝတ္ထုထဲက ဇာတ်ကောင် ဘယ်ရောက်နေလဲ ဘယ်မှာနေလဲ။

သူ့ဝတ္ထုထဲတွင် အသေးစိတ် ရေးထားခြင်း မရှိချေ။ သေချာတာတစ်ခုတော့ ရှိသည်။

သူ့ဝတ္ထုထဲတွင် သမ္မတကြီးအား လူသတ်သမား



သေနတ်နှင့် ပစ်လိုက်ခြင်းပင် ဖြစ်သည်။

"ဒေါက်. . . ဒေါက်"

တံခါးခေါက်သံကြောင့် အတွေးများ ရပ်သွားသည်။

သူမှာထားသည့် စားစရာများ ရောက်လာပြီဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၁)

တံခါးပွင့်သွားသောအခါတွင် ရဲမှူးဦးထွန်းမောင်က ဦးဆုံး ဝင်လိုက်၏။

ကျန်တဲ့သူများက နောက်ကနေ အသီးသီးလိုက်ဝင်ကြ သည်။ အခန်းထဲတွင် စာရေးဆရာမြင့်မိုကို မတွေ့ရချေ။ စာရေး စားပွဲ အသေးတစ်လုံး၊ ခုံတစ်ခုံနှင့် စာအုပ်များကိုသာ တွေ့ရသည်။

တီဗွီသေးသေးလေးတစ်လုံးကိုလည်း စာအုပ်များဖြင့် ခုံလို လုပ်ကာ တင်ထားတာကို တွေ့ရသည်။

နံရံများတွင်လည်း Note Pad များနှင့် စာရွက်များ ကပ် ထားသည်ကို တွေ့ရ၏။ သတင်းစာ၊ ဂျာနယ်များ ပုံ့ကျဲနေပြီး စား လက်စ ပန်းကန်များကိုလည်း တွေ့ရသည်။

အိပ်ခန်းထဲတွင်တော့ အဝတ်ဗီရိုတစ်ခုနှင့် မွေ့ယာ တစ်ခု သာ ရှိ၏။ မီးအုပ်ဆောင်းလေးကတော့ မွေ့ယာနားတွင်ရှိ၏။



မီးဖိုချောင်ထဲတွင်တော့ ချက်ပြုတ်စရာပစ္စည်းများက အစုံ အလင် ရှိသည်။

သို့သော် ချက်စားသည့်ပုံစံတော့ မပေါ်ဘဲ မှောက်ထား တာ ကြာနေသောကြောင့် ဖုန်များပင် တက်နေလေသည်။

ပင့်ပင့်သည် ရဲမှူးဦးထွန်းမောင်နှင့်အတူ အခန်းတစ်ခုလုံး ကို အသေးစိတ် လိုက်ကြည့်နေမိသည်။ သူထင်ထားသလို ထူးထူး ခြားခြား မတွေ့သောကြောင့် စိတ်လည်း ညစ်သွား၏။

"ဆရာ. . . ဒီမှာ လာကြည့်ပါဦး"

ရဲမှူးဦးထွန်းမောင်၏ တပည့်တစ်ယောက်က လာခေါ်သော ကြောင့် မီးဖိုခန်းထဲတွင် လိုက်ကြည့်နေသော ရဲမှူးနှင့်အတူ ပင့်ပင့် လည်း မီးဖိုခန်းထဲက ပြန်ထွက်ကာ လိုက်ကြည့်မိသည်။

နံရံတွင် ကပ်ထားသော White board တစ်ခုအား ရဲတပ်သား က ပြသခြင်း ဖြစ်သည်။ White Board ပေါ်တွင် ရေးထားသည့် စာများဖြင့် ရှုပ်ပွေနေ၏။

"ဘာထူးခြားလို့လဲကွ"

"အနီရောင်ဆော့ပင်နဲ့ ရေးထားတဲ့စာကို ဖတ်ကြည့်ပါဦး ဆရာ"

ပင့်ပင့်သည် ရဲသားညွှန်ပြသည့်နေရာကို ကြည့်လိုက်၏။

"ဟင်. . . "

White Board ပေါ်တွင် တစ်ဖက်ပါအတိုင်း အနီရောင်

www.burmeseclassic.com

www.burmeseclassic.com



မင်ဖြင့် ခပ်ကြီးကြီးရေးထားလေ၏။

## သမ္မတကြီးကို မတ်လ ၃၀ ရက်နေ့တွင် လုပ်ကြံရမည်

ရဲမှူးသည် ချက်ချင်းဆိုသလိုပင် အခန်းထဲရှိ ပစ္စည်းများကို သိမ်းခိုင်းလေ၏။

ရပ်ကွက်အုပ်ချုပ်ရေးမှူးကိုလည်း အခန်းအား ချိတ်ပိတ်ထားရန် ညွှန်ကြားလေ၏။

ထို့နောက် ဦးဝင်းဘက်လှည့်ကာ-

"ဦးဝင်း. . . ခင်ဗျားမြင်တဲ့အတိုင်းပဲ၊ ကျုပ်တို့ အခု ထွက်ထားတဲ့ စာအုပ်ကို ရမှဖြစ်မယ်၊ အဲ့ဒါမှ သူ ဘာလုပ်မယ်၊ ဘယ်ကို သွားတယ်ဆိုတာကို သိရမှ တားလို့ရမှာ"

ဦးဝင်းလည်း သူ့တပည့် မြတ်ထူးနိုင်ကို ချက်ချင်း ဖုန်းခေါ်လိုက်၏။

"ဘာထူးသေးလဲ"

စာအုပ်ချုပ်သည့်နေရာနှင့် ပုံနှိပ်စက်များတွင် ရိုက်၍ ပျက်နေသော စာရွက်များ စုကာ စာအုပ်တစ်အုပ်တလေ ရလိုရငြား ရှာခိုင်းထားခြင်း ဖြစ်သည်။

"မရဘူးဆရာ၊ စာအုပ်ချုပ်တဲ့နေရာမှာလည်း စာရွက်ပျက် မရှိဘူးတဲ့၊ အကုန်ချုပ်ပေးလိုက်တာတဲ့၊ ဒီစာအုပ်က ထူးထူးဆန်းဆန်း



ပျက်တဲ့စာရွက် တစ်ရွက်မှ မရှိဘူးတဲ့"

"ပုံနှိပ်စက်မှာရော"

"သူတို့မှာလည်း မရှိဘူးဆရာ"

"မင်း သေချာရှာခဲ့လား"

"ရှာခဲ့ပါတယ်"

"အရင်စာအုပ်တွေဆိုရင် ပျက်လိုက်တဲ့ စာရွက်တွေ သေချာလုပ်ဖို့တောင် ပြောယူရတယ်၊ ဒီစာအုပ်ကျမှ မရှိဘူးဆိုတော့ တွေ့တော့ပါဘူး"

"ဆရာ. . . ဒါနဲ့ ကိုမြင့်မိုက တကယ်ပဲလား"

"အဲ့ဒါတော့ မသိဘူး၊ အခန်းထဲမှာတော့ သဲလွန်စတွေ တွေ့နေတယ်၊ သေချာတာကတော့ သမ္မတကြီးကို လုပ်ကြံမယ်ဆိုတဲ့ စာတော့ သူ့အခန်းထဲက White Board ပေါ်မှာ ရေးထားတာ တွေ့ရတယ်"

"ဟင်. . . တကယ်"

မြတ်ထူးနိုင်မှာ တအံ့တသြ ဖြစ်သွားလေ၏။ ဦးဝင်းမှာလည်း ဘဲတော်ကြီးကို စိတ်ညစ်နေလေ၏။ စာအုပ်တွေလည်း ဆုံးရှုံး၊ သူ့စာရေးဆရာကပါ ဥပဒေကို ကျူးလွန်ထားတယ်ဆိုတော့ ရှေ့ဆက် ပြဿနာတွေက တစ်ပုံတပင်ပဲ ဖြစ်သည်။

"ဩော်. . . တစ်ခုမေ့နေလို့ ဆရာ"

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမြင့်မိုရဲ့စာအုပ်တွေကို ဖြန့်ဖြန့်ပြီးချင်းမှာ ကျွန်တော်တို့ ပြန်သိမ်းခဲ့တာမှတ်လား"

"အေးလေ"

"ဒါပေမယ့် ဆရာ၊ ဖြန့်တဲ့အချိန်မှာပဲ စာအုပ်အငှားဆိုင် တစ်ဆိုင်က စာအုပ်လာဝယ်တာနဲ့ တိုက်ဆိုင်နေလို့ တစ်အုပ်ဝယ်သွား တယ်တဲ့"

"ဟင်. . . ဒါဆို စာအုပ်အကုန်လုံး ပြန်သိမ်းခဲ့တာ မဟုတ်ဘူးပေါ့"

"အဲ့ဒီတစ်အုပ်တော့ မပါဘူး"

"ဘယ်အငှားဆိုင်က ဝယ်သွားတာလဲ"

"အဲ့ဒါ မေးကြည့်မှ သိမယ်ဆရာ"

"ဟ. . . မေးကြည့်လေကွာ၊ တကတည်း မင်းတို့ အသုံးကို မကျဘူး၊ ပြီးရင် ငါ့ကို ပြန်ဆက်"

ဦးဝင်းက စိတ်တိုတိုနဲ့ ဖုန်းချလိုက်၏။

ထို့နောက် ရဲမှူးဦးထွန်းမောင်ကို အကြောင်းစုံ ရှင်းပြ လိုက်၏။ ထိုအချိန်တွင် ပင့်ပင့်သည် စာရေးစားပွဲပေါ်တွင်ရှိသော စာအုပ်များကို မွှေနှောက်ကြည့်ရှုရင်း မှတ်စုစာအုပ်လေးတစ်အုပ်ကို သတိပြုမိလိုက်၏။

အနည်းငယ် လှန်ကြည့်ပြီးနောက် စိတ်ဝင်စားသွားသော ကြောင့် အခန်းအတွင်းကို တစ်ချက်ဝေ့ကြည့်လိုက်ရာ အားလုံး



ကိုယ့်အာရုံနဲ့ကိုယ် အလုပ်ရှုပ်နေကြသောကြောင့် ထိုမှတ်စုစာအုပ် လေးကို အိတ်အတွင်းသို့ ခပ်မြန်မြန် ထည့်လိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

နောက်တစ်နေ့တွင် မြင့်မိုသည် ဤတည်းခိုခန်း၌ ထပ်နေရန် အကြောင်းမရှိတော့ဟု ယူဆကာ ဝတ္ထုထဲတွင်ပါသော နောက်တစ်နေရာ၌ သွားရှာရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက် အဝတ်အစားများကို အိတ်အတွင်း ထိုးထည့်ကာ အောက်ကို ဖုန်းဆက်ပြီး Check out လုပ်ရန် အကြောင်းကြား လိုက်၏။

ခဏအကြာတွင် ဝန်ထမ်းတစ်ဦး တက်လာပြီး အခန်းတွင်း စစ်ဆေးကာ ထိုဝန်ထမ်းအား သော့အပ်လိုက်သည်။

အောက်ထပ်ကိုဆင်းပြီး Reception ရောက်တော့ သူပေး ထားသည့် မှတ်ပုံတင်ကို ပြန်ပေးလေ၏။

"ကျေးဇူးပါပဲ. . . နောက်လည်း လာခဲ့ပါဦး"

"ဟုတ်ကဲ့"



ဝတ်ကျေတန်းကျေပြောပြီး ကောင်တာပေါ်မှ လိပ်စာ ကတ်လေးတစ်ခုကိုယူကာ အိတ်ထဲ ကောက်ထည့်လိုက်သည်။

ထို့နောက် သူ့အိတ်ကိုကိုင်ပြီး တည်းခိုခန်းထဲမှ ထွက်ခဲ့သည်။ သူ နောက်ထပ်သွားရမည့်နေရာသည် သူ့ဝတ္ထုထဲရှိ ဇာတ်ဝင်ခန်း ထဲမှ နေရာတစ်ခုဖြစ်သည်။

တည်းခိုခန်းမှအထွက်တွင် Taxi တစ်စီးသည် ဝင်လာတာကို တွေ့ရ၏။

သူ့ရှေ့ခပ်လှမ်းလှမ်းတွင် ရပ်လိုက်ပြီး Taxi ပေါ်မှလူက ပိုက်ဆံရှင်းနေတာကို တွေ့ရသည်။

"Taxi ငှားမလို့လား အစ်ကို"

Taxi သမားက သူ့ကို လှမ်းပြီးမေး၏။

"အင်း. . . အားလား"

"ရပါတယ်. . . ဘယ်သွားမလို့လဲ"

သွားချင်သည့်နေရာကိုပြောပြီး ကားပေါ် တက်ထိုင် လိုက်၏။

မကြာမီ Taxi သည် တည်းခိုခန်းထဲမှ ပြန်ကွေ့ကာ ကားကို အရှိန်နှင့် ပြန်မောင်းထွက်လိုက်၏။

ထိုစဉ် Taxi ပေါ်မှ ဆင်းကျန်ခဲ့သော လူ၏အထုပ်ကို တည်းခိုခန်းဝန်ထမ်းက ပြေးပြေးလွှားလွှားနှင့် လာသယ်ပေးလေ၏။

"အခန်းယူမလို့လား ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ကောင်တာအရောက်တွင်-

"ဘယ်လိုအခန်းမျိုး ယူမလဲဆရာ"

"အခန်းနံပါတ် 13 ကို လိုချင်လို့ပါ"

"ရတယ် ဆရာ၊ ခုနကလေးတင် အခန်းလွတ်သွားတာ . . . မှတ်ပုံတင်လေး တစ်ချက်လောက်"

ထိုသူသည် မှတ်ပုံတင်ကို အိတ်ထဲမှ ထုတ်ပြလိုက်၏။

ကောင်တာမှ စာရေးက မှတ်ပုံတင်ကိုကြည့်ပြီး သူ၏ စာအုပ်ထဲရှိ တည်းခိုသူအမည်နေရာတွင် 'အောင်ရဲကျော်'ဆိုသည့် နာမည်ကို ရေးသွင်းလိုက်လေ၏။

■

(၃၃)

ပင့်ပင့်သည် စားပွဲပေါ်တင်ထားသော စာရေးဆရာ၏ မှတ်စုစာအုပ်ကို လှမ်းယူလိုက်သည်။

စာအုပ်မှာ သရေဖုံး ဖုံးထားပြီး သိပ်မကြာသည့်အချိန်တမှ ဝယ်ထားခြင်း ဖြစ်ပုံရသည်။

ပင့်ပင့်သည် စာအုပ်ကိုကိုင်ထားရင်း အခန်းတံခါးကို သော့ချလိုက်သည်။

ထို့နောက် ခုတင်ပေါ်သို့တက်ကာ စာအုပ်ကို ဖွင့်ကြည့် လိုက်၏။ မြင့်မိုဆိုပြီး လက်မှတ်ရေးထိုးထားသည့် ပထမစာမျက်နှာ ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်စွဲကိုကြည့်ခြင်းအားဖြင့် လွန်ခဲ့တဲ့ တစ်လခန့်က ဝယ်ထားခြင်း ဖြစ်သည်။ မှတ်စုစာအုပ်အဟောင်း ကုန်သွား၍ အသစ်ဝယ်ထားတာလား၊ ဒါမှမဟုတ် ရေးမည့်ဝတ္ထုတစ်အုပ်အတွက် မှတ်စုအသစ်တစ်အုပ် ဝယ်ထားတာလား သူမ မသိချေ။

နောက်စာမျက်နှာနှစ်ရွက်မှာ ဒိုင်ယာရီစာအုပ်များတွင် ပါလေ့ပါထရှိသည့် အရေးကြီး ဖုန်းနံပါတ်များ၊ ရက်စွဲများကို တွေ့ရသောကြောင့် ကျော်လိုက်သည်။

ဤတွင် တတိယစာမျက်နှာ၌ တစ်ဖက်ပါ စာသားကို တွေ့လိုက်ရလေသည်။

■

၁၉၈၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့၊ တနင်္လာနေ့တွင် အမေရိကန်နိုင်ငံ၏ (၄၀)ယောက်မြောက်သမ္မတ ရော်နယ်ရီဂင်သည် ဝါရှင်တန်ရှိ ဟီတန်ဟိုတယ်တွင် လုပ်ကြံခံခဲ့ရသည်။



သမ္မတ ရော်နယ်ရီဂင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံမခံရမီ ပရိသတ်အား လက်ပြနှုတ်ဆက်နေစဉ်



သေနတ်နှင့်ပစ်ခံရပြီးနောက် ရုန်းရင်းဆန်ခတ်ဖြစ်နေပုံ

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးများ ရောက်ရှိလာစဉ်



သမ္မတကြီးအား ကာကွယ်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com

## သမ္မတရော်နယ်ရီဂင်ကို လုပ်ကြံသူ ဂျွန်ဝါးနော့စ် ဟင်တလေ (ဂျူနီယာ)





ဟင်ကလေကို ၁၉၅၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အိုကလာဟိုးမား မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းသုံးယောက်ရှိသည့်အနက် အငယ်ဆုံး သားဖြစ်သည်။ ဟင်ကလေ၏ဖခင်သည် အောင်မြင်သောလုပ်ငန်းရှင် တစ်ဦးဖြစ်ပြီး မိခင်ကတော့ အိမ်ရှင်မတစ်ဦးဖြစ်ကာ သူ၏ သား သမီးသုံးယောက်ကို တုန်နေအောင်ချစ်သောသူတစ်ဦး ဖြစ်သည်။

အထူးသဖြင့် အငယ်ဆုံးသားဖြစ်သော ဟင်ကလေသည် အခြားသားသမီးနှစ်ဦးထက် တသီးတသန့် နေတတ်သောကြောင့် ၎င်း၏ဂရုတစိုက် ချစ်ခင်ခဲ့သည်။

ဟင်ကလေ၏အစ်ကို စကော့ဟင်ကလေကတော့ ဗန်ဒါဗစ် တက္ကသိုလ်ကနေ ဘွဲ့ရရှိကာ သူ့ဖခင်ကုမ္ပဏီတွင် ဒုတိယဥက္ကဋ္ဌ ရာထူး ထမ်းဆောင်ခဲ့ပြီး သူ၏အစ်မ ဒယ်နီကတော့ အထက်တန်း ကျောင်းတွင် A အဆင့်ရ ကျောင်းသူတစ်ဦးအဖြစ် ကျော်ကြားပြီး ဒါးလတ်မှာရှိတဲ့ SMU တက္ကသိုလ်ကနေ ဘွဲ့ရရှိခဲ့သည်။

ဟင်ကလေ၏ အစောပိုင်းကာလများသည် သူ၏အစ်ကိုနှင့် အစ်မနည်းတူ အောင်မြင်ကျော်ကြားသောသူတစ်ဦးဖြစ်ရန် အရိပ် အယောင်များ ထင်ဟပ်ခဲ့သည်။

ဟင်ကလေ လေးနှစ်သားအရွယ်တွင် သူတို့မိသားစုသည် တက္ကဆက်မှာရှိတဲ့ ဒါးလတ်မြို့ကို ပြောင်းရွှေ့ခဲ့သည်။

မူလတန်းကျောင်းသားဘဝတွင် ကျောင်း၏ ဘောလုံးအသင်းနှင့် ဂီတစကတ်ဘောအသင်းများတွင် ဝင်ရောက်ကစားခဲ့ပြီး 'အကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံး ဘတ်စကတ်ဘောကစားသမား'အဖြစ် အသိအမှတ်ပြု ခံခဲ့ရသည်။

သို့သော် သူသည် အထက်တန်း ကျောင်းသားဘဝကစပြီး အခန်းအောင်းကာ တစ်ယောက်တည်း နေလာခဲ့သည်။ သူငယ်ချင်းများနှင့် လျှောက်သွားခြင်း၊ လည်ပတ်ခြင်း မရှိတော့ဘဲ သူ၏ အခန်းထဲတွင်သာ တစ်ယောက်တည်း အချိန်ဖြုန်းခဲ့သည်။ ဂီတာ တီးသည်။ သီချင်း နားထောင်သည်။ တစ်ကိုယ်တည်း အထီးကျန် ဆန်ဆန်နေခဲ့သည်။

နောက်ပိုင်းတွင် ဟင်ကလေအား သူ့မိဘများက သူ့အစ်ကို အစ်မများနည်းတူ ဘွဲ့ရတစ်ယောက်ဖြစ်ရန် မျှော်လင့်ခဲ့သော်လည်း ၁၉၇၆ ခုနှစ်၊ ဧပြီလတွင် တက္ကသိုလ်ကျောင်းမှ ထွက်ခဲ့ပြီး ကယ်လီဖိုးနီးယားသို့သွားကာ သူ၏ အိပ်မက်ဖြစ်သည့် သီချင်းရေးဆရာတစ်ယောက်ဖြစ်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် မအောင်မြင်ခဲ့ပေ။

တစ်နေ့တွင် သူ၏မိဘများသည် ဟင်ကလေဆီမှ စာတစ်စောင် လက်ခံရရှိခဲ့သည်။ စာထဲတွင် ရုပ်ရှင်သရုပ်ဆောင် Lynn Collins အား သူ၏ရည်းစားအဖြစ် စိတ်ကူးယဉ် ရေးသားထားလေသည်။

ထူးခြားမှုတစ်ခုအနေနဲ့ ဟင်ကလေသည် ဟောလိဝုဒ်ရှိ တိုက်ခန်းတစ်ခုတွင် နေစဉ်အခါက Taxi Driver ဆိုသည့် ဇာတ်ကားအား ၁၅ ကြိမ်ထက်မနည်း ကြည့်ရှုခဲ့လေသည်။

ထိုဇာတ်ကားမှာ သမ္မတလောင်းတစ်ဦးကို စိတ်ဝေဒနာရှင်



လူတစ်ဦးက လုပ်ကြံဖို့ ကြိုးစားသည့်ဇာတ်လမ်း ဖြစ်သည်။

နောက်ပိုင်းတွင် ဟင်ကလေသည် ထိုဇာတ်ကားထဲက ဇာတ်ဆောင်မင်းသား ဘိုင်ကယ်၏ အမူအရာ၊ အပြုအမူအတိုင်း နေထိုင်လေတော့သည်။

ဘိုင်ကယ်ဝတ်သည့် အဝတ်အစားပုံစံအတိုင်း အပြင်မှာ သူလိုက်ဝတ်သည်။ ဂျက်ကတ်နှင့် ဘုဖိနပ်အရှည်ကြီးများ စီးသည်။ ရာနယ် တကိုင်ကိုင်နှင့် မက်မွန်သီး ဘရန်ဒီကိုလည်း သောက်လေ့ရှိသည်။

သည်လိုနဲ့ ဟင်ကလေသည် ကယ်လီဖိုးနီးယားနှင့် တက္ကဆတ်မှာ တစ်လှည့်ဆီနေထိုင်ရင်း ကောလိပ်ကျောင်းကိုလည်း ဝင်လိုက်ထွက်လိုက်နဲ့ ဖြစ်နေခဲ့သည်။

၁၉၈၀ ခုနှစ်၊ မေလတွင် Taxi Driver ထဲက မင်းသမီး ဂျိုဒီဖော်စတာသည် ယေးလ်တက္ကသိုလ်တွင် ဝင်ခွင့်လျှောက်ထားသည်ဟု ကြားရသောအခါတွင် သူမနှင့် နီးစပ်စေရန်အတွက် ထိုတက္ကသိုလ်ရှိ စာရေးခြင်းအတန်းတွင် ဝင်ခွင့်လျှောက်ထားခဲ့သည်။

Taxi Driver ဇာတ်ကားထဲကလို သူမ၏ အထင်ကြီးလေးစားမှုကို ရရှိစေရန်အတွက် သူမနှင့် အနီးကပ်ဆုံးဖြစ်အောင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ယေးလ်တက္ကသိုလ်ရောက်သောအခါတွင် ဟင်ကလေသည် သူမနှင့် ခင်မင်ခွင့် ရရှိရန်အတွက် စာများပို့ခြင်း၊ ကဗျာများ ရေးသား

www.burmeseclassic.com

www.burmeseclassic.com



ပေးပို့ခြင်း၊ တယ်လီဖုန်းများဆက်ကာ မိတ်ဆက်ခွင့် ရရှိရန် ပြုလုပ်ခြင်းဖြင့် ကြိုးစားခဲ့လေသည်။

သို့သော် သူမက သူ့ကို ယဉ်ကျေးစွာပင် ငြင်းပယ်ခဲ့လေသည်။ နောက်ပိုင်းတွင် ဟင်ကလေသည် ဂျိုဒီကို အရူးအမူးစွဲလမ်းကာ သူမ၏ စိတ်ဝင်စားမှုနှင့် လေးစားမှုကို ရရှိရန်အတွက် ဟင်ကလေသည် အမေရိကန်ပြည်ထောင်စု သမ္မတကို လုပ်ကြံရန်အတွက် စတင်ကြိုးပမ်းခဲ့လေသည်။

ထိုအချိန်တွင် ဟင်ကလေအား သူ့မိဘများက စိတ်ရောဂါကုဆရာဝန်နှင့် ပြသနေချိန် ဖြစ်သည်။ ဆရာဝန်က ဟင်ကလေ၏ ပြဿနာသည် မရင့်ကျက်တဲ့ စိတ်ခံစားမှုကြောင့် ဖြစ်ပေါ်လာကြောင်း ပြောဆိုပြီး ဟင်ကလေအား မိဘများက ငွေကြေးထောက်ပံ့နေမှု ရပ်ဆိုင်းကာ သူ့ကိုယ်ပိုင် ဝင်ငွေဖြင့် ရပ်တည်နိုင်အောင် ပြုလုပ်ခိုင်းရမည်ဟု အကြံဉာဏ် ပေးခဲ့သည်။ (နောက်ပိုင်းတွင် ထိုအကြံပေးချက် မှားယွင်းခဲ့ကြောင်း ပြန်လည်ဖွင့်ဟ ဝန်ခံခဲ့သည်။)

ဟင်ကလေသည် မိဘများအား ကတိပေးထားသည့်အတိုင်း အလုပ်ရှာသော်လည်း အလုပ်မရဘဲ ဖြစ်နေသောကြောင့် မိဘများနှင့် အတူမနေဘဲ တစ်ဦးတည်း နေထိုင်ခဲ့သည်။

၁၉၈၁ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ဟင်ကလေသည် ဝါရှင်တန်သို့ Greyhound Lines ဘတ်ကားဖြင့် ရောက်ရှိလာပြီး



The Park Central ဟိုတယ်တွင် တည်းခိုခဲ့သည်။

နောက်တစ်နေ့နံနက် မတ်လ ၃၀ ရက်နေ့တွင် Mc Donolol ဆိုင်၌ မနက်စာစားနေစဉ် Washington Star သတင်းစာ၌ သမ္မတရော်နယ်ရီဂင်၏ မိန့်ခွန်းပြောမည့် အစီအစဉ်ကို တွေ့ရှိကာ သမ္မတအား လုပ်ကြံရန် အချိန်ကောင်းဟု ဆုံးဖြတ်ခဲ့လေသည်။

ထို့ကြောင့် သူ၏လုပ်ကြံမှုတွင် သူကိုယ်တိုင် အသက်ရှင်ရန် မသေချာသောကြောင့် ဂျိုဒီဆီသို့ လိပ်မူ၍ စာတစ်စောင် ရေးသားခဲ့သည်။

ထိုစာထဲတွင် သမ္မတကြီးအား လုပ်ကြံမည့်အစီအစဉ်များကို ရေးသားထားပြီး သူ၏ သမိုင်းဝင် လုပ်ဆောင်ခြင်းအတွက် သူမ၏ အထင်ကြီးလေးစားမှုကို ရရှိလိမ့်မည်ဟု ထင်ကြောင်းလည်း ရေးသားထားခဲ့သည်။

ထို့နောက် ထိုစာကို ဟိုတယ်၏ အခန်းထဲတွင် ထားခဲ့ကာ သမ္မတ ရော်နယ်ရီဂင် မိန့်ခွန်းပြောမည့် Washingtion Hilton ဟိုတယ်သို့ အငှားယာဉ်တစ်စီးဖြင့် ထွက်လာခဲ့သည်။

1:30 PM အချိန်တွင် ဟင်ကလေသည် သတင်းသမားများ၊ သူအုပ်များကို ဖြတ်ကျော်ပြီး လက်ပြနှုတ်ဆက်နေသော သမ္မတရော်နယ်ရီဂင်အား သေနတ်ဖြင့် ခြောက်ချက်တိတိ ပစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျိုဒီဖို့စတာ

၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့တွင် မွေးဖွားခဲ့သည်။ Taxi Driver ရုပ်ရှင်ကားတွင် မင်းသမီးအဖြစ် သရုပ်ဆောင်ခဲ့သည်။ သူမ၏ အထင်ကြီးလေးစားမှုရရှိစေရန် ဟင်ကလေက သမ္မတ ရော်နယ်ရီဂင်အား လုပ်ကြံရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။



**Dr. John Hopper**

ဟင်ကလေ၏ စိတ်ရောဂါကု ဆရာဝန်ဖြစ်သည်။ လုပ်ကြံသတ်ဖြတ်ခြင်းမတိုင်မီ (၅) လ တိတိ တာဝန်ယူကုသပေးခဲ့သော ဆရာဝန်တစ်ဦးဖြစ်သည်။



**Vincent Fuller**

ဟင်ကလေဘက်က လိုက်ပါဆောင်ရွက်ပေးသော ဝါရင့်ရှေ့နေ။



**Roger Adelman**

ဟင်ကလေ အမှုတွင် အစိုးရဘက်က လိုက်ပါဆောင်ရွက်သော အစိုးရရှေ့နေ။



**Dr William Carpenter**

ပါမောက္ခ
(University of Marglard Medical School)

ဟင်ကလေအမှုတွင် လေ့လာသူတစ်ဦးဖြစ်ပြီးနောင်တွင် ဟင်ကလေအမှုအကြောင်းကို စာအုပ်ထုတ်ဝေရေးသားသည့် စာရေးဆရာတစ်ဦး ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

ရေးထားသည့် မှတ်စုများမှာ ထိုနေရာတွင် ပြီးဆုံးသွားလေသည်။ ပင့်ပင့်သည် စာအုပ်ကိုဖွင့်ထားပြီး ထိုမှတ်စုများကို ဘာကြောင့် ရေးမှတ်ထားသလဲဆိုတာကို မတွေးတတ်အောင် ဖြစ်နေမိသည်။

သိချင်လို့လား။ ဒါမှမဟုတ် 'သမ္မတကြီးအား လုပ်ကြံခြင်း' ဆိုတဲ့ စာအုပ်ထဲမှာ ထည့်ရေးဖို့အတွက် မှတ်ထားတာလား။

သေချာမသိသော်လည်း တစ်ခုခုတော့ ထူးခြားသည်ဟု ထင်မိ၏။ စာအုပ်ကိုပိတ်ပြီး စားပွဲပေါ် ပြန်တင်လိုက်သည်။ ခုတင်ပေါ်မှ ဆင်းပြီးနောက် အခန်းထဲတွင် ဟိုဟိုဒီဒီ ဦးတည်ရာမဲ့ လျှောက် နေမိသည်။

ရေဆာလာ၏။ တံခါးကိုဖွင့်ပြီး အောက်ထပ်ဆင်းကာ ရေသောက် ယူပြီး အပေါ်ပြန်တက်လာခဲ့သည်။

လှေကားပေါ်အတက်တွင် သူ့အဖေ ရေးမှတ်လေ့ရှိသည့်



လှေကားနားက White Board ကို သတိပြုမိပြီး တစ်စုံတစ်ခုကို သတိရသွားလေသည်။

စာရေးဆရာတိုက်ခန်းတွင် ချိတ်ထားသော White Board...။ ပြီးတော့ စာသားတစ်ခု။

**သမ္မတကြီးကို မတ်လ ၃၀ ရက်နေ့တွင် လုပ်ကြံရမည်**

လှေကားထစ်များကို ကျော်တက်ပြီး အခန်းထဲသို့ ပြေးဝင်လိုက်သည်။ ရေပုလင်းကို နီးစပ်ရာတွင် တင်ထားလိုက်ပြီး စားပွဲပေါ်ရှိ စာရေးဆရာ၏ မှတ်စုစာအုပ်ကို ခပ်မြန်မြန်ဖွင့်ပြီး သမ္မတရော်နယ်ရီဂင် လုပ်ကြံခံရသည့် ရက်စွဲကို ကြည့်လိုက်မိသည်။

"ဟင်. . . တူနေပါလား"

သမ္မတရော်နယ်ရီဂင် လုပ်ကြံခံရသည့် ရက်စွဲနှင့် White Board ပေါ်ရှိ သမ္မတကြီးအား လုပ်ကြံရမည်ဟု ရေးထားသော ရက်စွဲက တူညီနေလေသည်။

မှတ်စုစာအုပ်ထဲက ရက်စွဲကိုပဲ ရေးထားသလားဟု ထင်မိသည်။ သူ၏မျက်လုံးများသည် မှတ်စုစာအုပ်၏ တစ်နေရာရှိစာကြောင်းလေး တစ်ကြောင်းကို သတိထားမိလိုက်လေသည်။

ပထမအကြိမ် ဖတ်တုန်းက မတွေ့မိဘဲ အခုမှသာ သတိထားမိခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းနီဖြင့် ရေးသားထားလေ၏။

သမ္မတရော်နယ်ရီဂင် မွေးဖွားသည့် ခုနှစ်၊ လ၊ ရက်

၁၉၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့

နိုင်ငံတော် သမ္မတကြီး မွေးဖွားသည့် ခုနှစ်၊ လ၊ ရက်

၁၉. . ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့

"ဟင်. . ."

ကိုင်ထားသော လက်ထဲကစာအုပ် ပြုတ်ကျသွားသည်။

စိတ်လှုပ်ရှားပြီး တဒုံးတဒြဖြစ်နေသောကြောင့် ဟုတ်မှ ဟုတ်ပါ့မလားဟု သံသယ ဖြစ်နေမိသည်။

စာအုပ်ကို ပြန်ကောက်ကိုင်လိုက်သည်။ ခုနက မင်းနီဖြင့် ရေးထားသည့်စာကို ပြန်ဖတ်ကြည့်မိ၏။

သေသေချာချာ ရေးသားထားသည့် စာဖြစ်သည်။ မိမိတို့နိုင်ငံ၏ သမ္မတကြီးရဲ့ မွေးနေ့က သမ္မတရော်နယ်ရီဂင်ရဲ့ မွေးနေ့နဲ့ တူနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ လုပ်ကြံပြီး ရေးသားထားတာလား။

ပင့်ပင့်သည် သူ၏ စာကြည့်စားပွဲပေါ်ရှိ ကွန်ပျူတာရှေ့မှာ ဝင်ထိုင်လိုက်သည်။ ထို့နောက် အင်တာနက်ကိုဖွင့်ကာ တစ်ဖော်ပါ အတိုင်း ရိုက်ထည့်လိုက်လေ၏။



နိုင်ငံတော် သမ္မတကြီးမွေးနေ့

ခဏကြာသည်အထိ Loading ဆွဲနေသောကြောင့် စိတ်မရှည်ဘဲ ကွန်ပျူတာရှေ့ရှိ ထိုင်ခုံတွင် ထလိုက်ထိုင်လိုက် ဖြစ်နေလေသည်။

မကြာမီအချိန်တွင် ကွန်ပျူတာထဲရှိ စာသားအချို့နှင့် ရက်စွဲများ ပေါ်လာလေ၏။

လိုချင်သည့်ရက်စွဲများကို ကွန်ပျူတာကလစ်ဖြင့်ထောက်ကာ သေချာကြည့်မိသည်။

သေချာသွားပြီဖြစ်သည်။ မိမိတို့နိုင်ငံ၏ သမ္မတကြီးမွေးနေ့သည် သမ္မတ ရော်နယ်ရီဂင်၏ မွေးရက်နှင့် မွေးလသည် အတူတူပဲဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

ထို့နောက် ပင့်ပင့်၏ လက်ချောင်းများသည် ကွန်ပျူတာပေါ်ရှိ ခလုတ်များကို ခပ်သွက်သွက်ရိုက်ပြီး လိုချင်သည့် စာသားများကို ထပ်ရှာမိပြန်သည်။

ဘေးမှာလည်း စာရေးဆရာ၏ မှတ်စုစာအုပ်ကိုဖွင့်ပြီး ထိုစာအုပ် ထဲက နာမည်တစ်ခုကို ရိုက်ထည့်နေခြင်း ဖြစ်သည်။

အစိုးရဘက်က ရှေ့နေလိုက်ပေးသော Roger Adelman အကြောင်းကို သိလို၍ ရှာကြည့်နေခြင်း ဖြစ်သည်။

ခဏအကြာတွင် ကွန်ပျူတာထဲ၌ Roger Adelman အကြောင်း ရေးထားသော စာမျက်နှာပေါင်း မြောက်များစွာ ပေါ်လာ၏။

စာမျက်နှာတစ်ခုကို ကလစ်ထောက်ကာ ဖွင့်ကြည့်လိုက်သည်။ သေချာဖတ်ကြည့်ပြီးနောက် ကွန်ပျူတာဘေးရှိ ဖုန်းကို ကောက်ယူ ဂဏန်းအချို့အား နှိပ်လိုက်၏။



"ဟယ်လို"

"ရဲမှူးဦးထွန်းမောင်လား"

"ဟုတ်ပါတယ်၊ အခုပြောနေတာ ဘယ်သူလဲ"

"ဆရာ. . . သမီး ပင့်ပင့်ပါ"

"သြော်. . . အေး၊ ဘာကိစ္စလဲ"

"ဟို. . . သမီးတစ်ခု သိချင်လို့ပါ"

"ဘာလဲ"

"ဆရာ့မွေးနေ့လေး သိချင်လို့ပါ"

"ဟင်. . . ဘာလုပ်မလို့လဲ"

တစ်ဖက်က ရဲမှူးဦးထွန်းမောင်မှာ မထင်မှတ်ထားသော ကိစ္စကြောင့် ကြောင်တောင်တောင် ဖြစ်သွားပုံရသည်။

ထို့ကြောင့် ပင့်ပင့်ကို ပြန်မေးလေ၏။ ပင့်ပင့်ကလည်း ဘာမှ မရှင်းဘဲ ထပ်မေးပြန်၏။

"သမီး သိချင်လို့ပါ"

"June 29 မှာ မွေးတာပါ"

"ဟင်. . ."

သူမ၏ မျက်လုံးများသည် ကွန်ပျူတာပေါ်ရှိ သူဖွင့်ထားသော စာမျက်နှာပေါ် ရောက်သွားလေသည်။

ထိုစာမျက်နှာထဲရှိတစ်နေရာတွင် သူ၏ ကွန်ပျူတာမေးလ်(စ်)က ...ကလျက်သား ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှာ Roger Adelman ၏ မွေးနေ့ဖြစ်သည်။

Roer Adelman was born on June 29, 1941.

"ဘာ. . . ဘာဖြစ်လို့လဲ သမီး"

သူမ ငြိမ်သွားသောကြောင့် ရဲမှူးဦးထွန်းမောင်က အထိတ်တလန့်နှင့် ပြန်မေးလေ၏။

"ဆရာ. . . သမီး အရေးကြီးတာတစ်ခု တွေ့ထားတယ်၊ အဲဒီကိစ္စက တိုက်ဆိုင်တာဆိုရင်လည်း တော်တော်ကြီးကို ထူးဆန်းတဲ့ တိုက်ဆိုင်မှုလို့ ပြောရမယ်ထင်တယ်"

"ဘာတွေ ဖြစ်နေလို့လဲ"

■

(၃၈)

ရဲမှူးဦးထွန်းမောင်သည် တစ်ဖက်က ဖုန်းချသွားသော်လည်း ဖုန်းခွက်ကို ယောင်ပြီး ကိုင်ထားမိသည်။

အတွေးထဲတွင် ပင့်ပင့်ပြောသွားသော စကားများကိုသာ ပြန်ကြားယောင်နေမိ၏။

မဖြစ်နိုင်ဘူးဟုလည်း ဆို၍မရ၊ ရှေ့တွင်လည်း ဝတ္ထုများက တိုက်ဆိုင်ခဲ့လေသည်။

အခုလည်း တိုက်ဆိုင်မှုဟု ဆိုနိုင်သော်လည်း အန္တရာယ်ရှိသော တိုက်ဆိုင်မှုပင်ဖြစ်သည်။

ဘာလုပ်ရမလဲ။ ဘာလုပ်ရင် ကောင်းမလဲ။

ဦးထွန်းမောင်သည် ချက်ချင်းဆိုသလိုပင် စိတ်ရှုပ်ထွေးသွားပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေလေသည်။

ခြေပြးရှောင်နေသော စာရေးဆရာကိုလည်း အခုထိ ရှာလို့မတွေ့

www.burmeseclassic.com



သေးချေ။ မြို့နယ်အသီးသီးရှိ ရဲစခန်းများကို ဓာတ်ပုံပို့ပြီး ရှာခိုင်းသော်လည်း အခုထိ မထူးခြားသေးပေ။

တစ်အုပ်တည်း ကျန်ခဲ့သော စာအုပ်မှာလည်း အဆက်အသွယ်မရသေးသောကြောင့် စာအုပ်ထဲတွင်လည်း ဘာရေးလို့ ရေးထားမှန်းမသိချေ။

အခု ပင့်ပင့်ဆိုသော ကောင်မလေးပြောစကားအရ စာရေးဆရာမြင့်မိုသည် သူ့ဝတ္ထုထဲမှာ ပြန်ရေးခဲ့ပေမည်။ ဝတ္ထုသွားအနေဖြင့်ဇာတ်လမ်းဇာတ်ကွက်များ ပြန်ဖွဲ့ကာ ရေးထားခြင်း ဖြစ်မည်ဟုသူမက ယူဆထားလေသည်။ ထို့ကြောင့် မှတ်စုထဲကအတိုင်း အပြင်မှာလည်း ဖြစ်ပျက်လိမ့်မည်ဟု ပြောပြလေ၏။

သမ္မတကြီး၊ အစိုးရဘက်က ရွှေနေ (ပင့်ပင့်အထင် အပြင်မှာဦးထွန်းမောင်ဖြစ်မည်)၊ ထို့ပြင် မှတ်စုထဲတွင်ပါသော ပါမောက္ခဒေါက်တာဝီလျံ (နောင်အခါ ဟင်ကလေ စာအုပ်ရေးသားသူ စာရေးဆရာ)မှာလည်း အပြင်တွင်ရှိသော စာရေးဆရာမြင့်မို၏ မွေးသည့်လ၊ မွေးသည့်ရက်များနှင့် တူနေပြန်သည်။

ဒါသည် တိုက်ဆိုင်မှု မဖြစ်နိုင်တော့။ တစ်ခုခု ဖြစ်လိမ့်မည်ဟူသော ယူဆချက်ပင် ဖြစ်သည်။

"ဒါဆို စာရေးဆရာက လူသတ်သမား မဟုတ်ဘူးပေါ့"

"အဲ့ဒါတော့ မသိဘူး၊ သူရေးထားတဲ့ မှတ်စုထဲက သုံးယောက်ကတော့ အပြင်မှာရှိနေပြီး လက်ရှိပတ်သက်နေတဲ့ သူတွေရဲ့ မွေး



ရက်၊ မွေးလတွေ အကုန်တူနေတယ်"

လက်ထဲမှာ ကိုင်ထားသော ဖုန်းခွက်ကို ပြန်တင်လိုက်သည်။

မဖြစ်ဘူး။ မဖြစ်ဘူး။

ဒီကိစ္စအား အထက်ကို မြန်မြန်တင်ပြရမည်။ သူ့ရှေ့က ပြက္ခဒိန်ကို ကြည့်လိုက်သည်။

နောက်သုံးရက်အကြာတွင် သမ္မတကြီးသည် လုပ်ကြံခံရမည် ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၃၉)

မြင့်မိုသည် Taxi ကို အိမ်တစ်အိမ်ရှေ့တွင် ရပ်ခိုင်းလိုက်သည်။

လက်ထဲက စာရွက်ပေါ်ရှိ လိပ်စာကိုလည်း တစ်ချက်ကြည့်လိုက်သည်။ ပြီးနောက် Taxi သမားအား ထိုးပြပြီး-

"ဒီထဲကလိပ်စာ သေချာပါတယ်နော်"

"မှန်ပါတယ်ဗျ၊ ဒီအိမ်ကို ကျွန်တော် နှစ်ခေါက်၊ သုံးခေါက်လောက် လာပို့ဖူးပါတယ်ဗျ၊ တက်သစ်စမင်းသမီးလေး ခိုင်သဇ္ဇာရဲ့ အိမ်မှတ်လား၊ အစ်ကိုက ရုပ်ရှင်အဖွဲ့ကပဲလားဗျ"

Taxi သမား၏အမေးကို အင်း၊ အဲလုပ်ပြီး ပိုက်ဆံရှင်းထား ကားပေါ်မှ ဆင်းလိုက်သည်။

ကားထွက်သွားသည်ကို တစ်ချက်ငေးကြည့်ပြီးနောက် မင်းသမီး ခိုင်သဇ္ဇာရဲ့အိမ်ကို တစ်ချက်ကြည့်လိုက်သည်။

ခြံဝန်းကျယ်ကြီးတစ်ခုထဲတွင် သေသပ်လှပစွာ တည်ဆောက်



ထားသော အစိမ်းရောင် တိုက်ကလေးတစ်လုံးက သူ့ဝတ္ထုထဲက တိုက်ပုံစံပင်ဖြစ်သည်။

တကယ်တော့ သူသည် သူ့ဝတ္ထုထဲက လူသတ်ဇာတ်ကောင် အောင်ရဲကျော်ကို ရှာမတွေ့သောကြောင့် နောက်ထပ် အချိတ်အဆက်ဖြစ်သည့် မင်းသမီး ခိုင်သဇ္ဇာဆီသို့ သဲလွန်စ ရလိုရငြား ရောက်လာခဲ့ခြင်း ဖြစ်သည်။

မင်းသမီးဆီကိုပို့သည့် စာများ၊ ဖုန်းများကတစ်ဆင့် အောင်ရဲကျော် ဘယ်သူလဲ၊ လိပ်စာက ဘယ်မှာလဲဆိုတာကို စုံစမ်းလို့ရနိုင်ရန်အတွက် မင်းသမီး ခိုင်သဇ္ဇာဆီကို ရောက်လာခြင်း ဖြစ်သည်။ သို့သော် သူနှင့် မင်းသမီး ခိုင်သဇ္ဇာမှာ မရင်းနှီးပေ။ မိမိလာရင်း အကြောင်းအရာကို ဘယ်ကနေ ဘယ်လို စပြောရမလဲ။

ပြောလို့ရသည်ထားတော့ သူက ယုံပါ့မလား။ မြင့်မိုသည် ကျောပိုးအိတ်ကို လွယ်ထားရင်း ခြံဝရှေ့မှာပင် ရစ်သီရစ်သီ ဖြစ်နေ၏။

"ဟေ့လူ ဒီနားမှာ ဘာလုပ်နေတာလဲ"

လူနှစ်ယောက်က ခြံထဲကနေ လှမ်းအော်လေ၏။

ထိုလူနှစ်ယောက်ကို သူသိသည်။ သူ့ဝတ္ထုထဲတွင်လည်း မင်းသမီးတွင် ခြံစောင့်နှစ်ယောက် ရှိလေသည်။

"ကျွန်တော် မင်းသမီး ခိုင်သဇ္ဇာနဲ့ တွေ့ချင်လို့ပါ"

သူ့ကို ခြေအဆုံး၊ ခေါင်းအဆုံး တစ်ချက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မသပ်မရပ် ဝတ်စားထားပြီး အင်္ကျီကလည်း တွန့်ကြေနေသော သူ့ပုံစံကို မြင်သွားပြီး-

"ဘာကိစ္စလဲ"

"အရေးကြီးလို့ပါ၊ သူ့ကို မေးစရာလေးတစ်ခု ရှိလို့ပါ"

သူတို့ကို သေချာရှင်းပြပါကလည်း ယုံမှာမဟုတ်သောကြောင့် မင်းသမီး ခိုင်သဉ္ဇာကိုပဲ တွေ့ခွင့်တောင်းရသည်။

"မရှိဘူးကွ"

မင်းလိုလူမျိုး ခဏခဏ လာဖူးတယ်ဆိုတဲ့ အိုက်တင်ဖြင့် ခြံစောင့်နှစ်ယောက်က ပြန်ဖြေလေသည်။

ခြံထဲကို ကြည့်လိုက်သောအခါ မင်းသမီးရဲ့ကားကို တွေ့ရသောကြောင့် အိမ်ထဲတွင် မင်းသမီးခိုင်သဉ္ဇာ ရှိပေလိမ့်မည်။

"ကျွန်တော်က စာရေးဆရာ မြင့်မိုပါ"

"အဲ့ဒါ ငါတို့က ဘာလုပ်ရမှာလဲ"

"ကျွန်တော် သူနဲ့ ဇာတ်လမ်းကိစ္စ. . . "

သူ ဘယ်လိုပြောပြော မယုံချေ။

ထို့နောက် သူ့ကို တစ်ချက်၊ နှစ်ချက် အော်ငေါက်ပြီးနောက် အိမ်ဘက်သို့ ပြန်ဝင်သွားလေသည်။

မြင့်မိုတစ်ယောက်တည်းသာ ကျောပိုးအိတ်တစ်လုံးနှင့် ငူငူ ငိုင်ငိုင် ကျန်ရစ်ခဲ့သည်။

■

(၄၀)

ကျောပိုးအိတ်ကို ခြံထဲ ပစ်ထည့်လိုက်သည်။ ထို့နောက် ခြံစည်းရိုးမှတစ်ဆင့် တက်ကာ အပေါ်ရောက်သောအခါတွင် ခြံထဲကို တစ်ချက်ကြည့်လိုက်၏။ ခုနက ခြံစောင့်နှစ်ယောက်ကို မတွေ့ရချေ။

ထို့ကြောင့် ခြံစည်းရိုးပေါ်ကနေ ခြံထဲသို့ ခုန်ဆင်းပြီး ပစ်ချထားသော ကျောပိုးအိတ်ကို ကောက်ယူလိုက်သည်။

ဒီလိုနည်းနဲ့မှ မတွေ့ရလျှင် မင်းသမီး ခိုင်သဉ္ဇာကို တွေ့ရမည့် နည်းလမ်း မရှိတော့ချေ။

သူရိုက်ကူးသည့် ရှုတင်တွင် စောင့်ပြီးတွေ့နိုင်သော်လည်း ဘယ်အချိန် ရှုတင်ရှိလို့ရှိမှန်းလည်း မသိချေ။

သို့သော် အချိန်ကလည်း မရှိတော့။ ဒီလို ဝင်တွေ့သည့် နည်းလမ်းသာ အကောင်းဆုံး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး အိမ်နားသို့ ပြေးသွားလိုက်သည်။ အိမ်နားသို့ရောက်သောအခါ အထဲကို မြင်ရသော မှန်ကနေ တစ်ဆင့် ချောင်းကြည့်လိုက်သည်။

မင်းသမီး ခိုင်သဇ္ဇာ တီဗွီကြည့်နေသည်ကို တွေ့ရလေသည်။ အထဲကိုဝင်သည့် အိမ်ရှေ့တံခါးမှာလည်း သော့ဖွင့်ထားလေ၏။ ထို့ကြောင့် အလွယ်တကူပင် အထဲဝင်ပြီး မင်းသမီးကို တွေ့ရန် ခြေလှမ်း လှမ်းလိုက်စဉ်တွင် အထဲ၌ တီဗွီကြည့်နေသော မင်းသမီးသည် ရုတ်တရက်ဆိုသလိုပင် သူရှိရာဘက်သို့ မျက်နှာလှည့်လိုက်လေ၏။

"ဟင်. . ."

လူစိမ်းတစ်ယောက်ကို မြင်လိုက်ရသောကြောင့် တအံ့တသြ ဖြစ်ပြီး ကြောင်ကြည့်နေမိသည်။

နောက်မှ သတိဝင်လာပြီး. . .

"လူ. . . လူစိမ်းတစ်ယောက် အိမ်ထဲဝင်လာတယ်"

ဟုဆိုကာ အော်ဟစ်လိုက်လေတော့သည်။

"မဟုတ်ဘူး. . . မဟုတ်ဘူး"

လက်ဟန်ခြေဟန်ဖြင့် ရှင်းပြဖို့ ကြိုးစားသော်လည်း အချည်း အနှီးပဲ ဖြစ်သည်။

ခုနက ခြံစောင့်နှစ်ယောက်မှာ မင်းသမီး၏ အော်သံကို ကြားရပြီး သူ့ဆီ ပြေးလာနေတာကို တွေ့လိုက်ရလေသည်။



သူလည်း အခြေအနေ မဟန်တာကို ရိပ်မိလိုက်သောကြောင့် ခုနက ခုန်ကျော်တက်ခဲ့သည့် ခြံစည်းရိုးဘက်သို့ အားသွန်ခွန်စိုက် ပြန်ပြေးရလေသည်။

ကျောပိုးအိတ်ကို ခြံအပြင်သို့ ကျော်ပစ်လိုက်ပြီး ခုနကအတိုင်း ခြံကိုကျော်ကာ ခပ်မြန်မြန် တက်လိုက်သည်။

ခြံစောင့်နှစ်ယောက် မရောက်လာခင်မှာပင် ခြံစည်းရိုး အပေါ်သို့ ရောက်သွားပြီး အောက်ကိုခုန်ချကာ ထိုအိမ်နှင့် ဝေးရာသို့ ခြေကုန်သုတ်ပြီး ပြေးရလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

သို့

ရဲမှူးကြီး

တိုင်းဒေသကြီးရဲတပ်ဖွဲ့

အကြောင်းအရာ။ ။ သမ္ဘတကြီး လုပ်ကြံခံရမည့်ကိစ္စအား သတင်းပို့ တင်ပြခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်၏ စခန်းသို့ အောက်ပါအမှုသုံးမှု တိုင်ကြားခြင်း ဖြစ်ပေါ်ခဲ့ပါသည်။

(၁) ဒီဇင်ဘာလတွင် မိုးကြယ် စာအုပ်တိုက်မှ ထွက်ရှိသော စာရေးဆရာမြင့်မို ရေးသားသည့် လုံးချင်းဝတ္ထုစာအုပ်သည် အပြင်တွင်ရှိနေသော ကောင်လေးတစ်ဦးနှင့် ကောင်မလေးတစ်ဦးတို့ အဖြစ်အပျက်နှင့် ထူးဆန်းစွာ တူညီနေပြီး ကောင်လေးမှာ စာအုပ်ထွက်ပြီး တစ်ပတ်ခန့်အကြာတွင် ဝတ္ထုထဲကအတိုင်း ကားတိုက်ကာ သေဆုံးသွားသည့်အတွက် ကောင်မလေးမှာ စာရေးဆရာအား တိုင်ကြားသည့်အမှု။



(၂) ဇန်နဝါရီလတွင် အထက်ပါစာအုပ်ရေးသားသူ စာရေးဆရာမြင့်မိုကပဲ ဒုတိယစာအုပ်အဖြစ် 'အမွေဆိုင်'ဆိုသည့် စာအုပ်အား ထုတ်ဝေခဲ့ပါသည်။ ထိုအမွေဆိုင်စာအုပ်သည်လည်း အပြင်တွင် အမွေကိစ္စ အရှုပ်အရှင်းဖြစ်နေသော မိသားစုတစ်စု၏ အကြောင်းအရာနှင့် တူညီနေပြီး စာအုပ်ထွက်ပြီး တစ်ပတ်ခန့်အကြာတွင် ထိုစာအုပ်ထဲကအတိုင်း အမွေဆိုင်အိမ် မီးလောင်သွားသဖြင့် စာရေးသူအား စာအုပ်ထဲပါ မိသားစုမှ အမှုဖွင့်ထားခြင်း။

(၃) အထက်ပါစာရေးဆရာ၏ တတိယစာအုပ်ဖြစ်သည့် 'သူငယ်ချင်း တစ်ယောက်ပျောက်ဆုံး'ဆိုသည့် စာအုပ်ကို ဖေဖော်ဝါရီလတွင် ထွက်ရှိပြီး မကြာမီတွင် ထိုဝတ္ထုထဲကအတိုင်းပဲ ကောင်မလေးတစ်ယောက် ပျောက်ဆုံးသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ စာရေးဆရာအား မသင်္ကာမှုဖြင့် အမှုဖွင့်ထားခြင်း။

အထက်ပါ အမှုသုံးမှုကို ကြည့်ခြင်းအားဖြင့် စာရေးသူသည် ဝတ္ထု နာမည်ကြီးစေရန် (သို့) အခြားရည်ရွယ်ချက် တစ်ခုခုဖြင့် အပြင်နှင့် ဝတ္ထုဇာတ်လမ်း မတူတူအောင် လုပ်ဆောင်ကြောင်း သုံးသပ်ဖွင့် ခန့်မှန်းရပါသည်။

သို့ဖြစ်ပါ၍ ယခုလ သူထွက်ထားသော စာအုပ်မှာ 'သမ္ဘတကြီးအား လုပ်ကြံခြင်း'ဆိုသည့် ဝတ္ထုစာအုပ် ဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါဝတ္ထုများအတိုင်း စာရေးသူမှ တူညီစွာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်လိမ့်မည်ဟု ယူဆပါသည်။ သမ္မတကြီးအတွက် အန္တရာယ်ရှိသောကြောင့် တင်ပြရခြင်းဖြစ်ပြီး လိုအပ်သလို ဆက်လက် တင်ပြနိုင်ပါရန် သတင်းပေးပို့အပ်ပါသည်။

လေးစားစွာဖြင့်

ရဲမှူးဦးထွန်းမောင်

(၄၁)

ပင့်ပင့်သည် ရဲမှူး၏ ခွင့်ပြုချက်ဖြင့် စာရေးဆရာမြင့်မိုတိုက်ခန်းသို့ နောက်တစ်ခေါက် ရောက်ရှိလာခဲ့သည်။

တစ်ဖက် လက်ဖက်ရည်ဆိုင်မှ တိုက်ခန်းကို စောင့်ကြည့်နေသော ရဲက သူမကို မြင်သွားပြီး ဆိုင်ထဲမှ ထွက်လာလေ၏။

“ရဲမှူးဆီက ခွင့်တောင်းပြီး ခဏလာတာပါ”

“ဟုတ်ပါတယ်၊ ရဲမှူးက ဖုန်းဆက်ထားတယ်”

“သော့ လဲထားသေးလား”

တိုက်ခန်းသော့အား အသစ်နှင့် လဲတပ်ထားသောကြောင့် ခြင်း ဖြစ်သည်။

“တပ်ထားတယ်. . . ရော့၊ ပြီးရင် လက်ဖက်ရည်ဆိုင်မှာပဲ တော် ရှိနေမှာ၊ လာဝင်ပေးလိုက်လေ”

“ဟုတ်ကဲ့. . . သူ့အရိပ်အယောင်ရော တွေ့မိသေးလား”

www.burmeseclassic.com

www.burmeseclassic.com



“မတွေ့မိသေးဘူး၊ ဒီလူ ဘယ်မှာများ သွားအိပ်နေလဲ မသိဘူး”

သူမလည်း ပြောစရာစကား မရှိတော့သောကြောင့် စာရေးဆရာ တိုက်ခန်းဆီသို့ တက်လိုက်သည်။

တိုက်ခန်းမှာ သုံးလွှာတွင် ရှိသည်။ တိုက်ခန်းရှေ့ ရောက်တော့ တံခါးကို အလွယ်တကူဖွင့်ပြီး အိမ်ထဲဝင်လိုက်သည်။

အခန်းမှာ ဘာမှ မပြောင်းလဲဘဲ အရင်အတိုင်း ရှိနေသည်။ ရည်ရွယ်ချက် မရှိသော်လည်း တစ်ခုခု တွေ့လိုတွေ့ငြား စာရေးဆရာ၏ တိုက်ခန်းသို့ ရောက်လာခြင်း ဖြစ်သည်။

အခုချိန်တွင် မိမိစခဲ့သော ကိစ္စအား အထူးပင် စိတ်ဝင်စားနေမိသည်။ အခန်းထဲတွင် ခုံမရှိသောကြောင့် ဖယောင်းပုဆိုး ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်သည်။

စာအုပ်များကို အစီအရီလိုက် နံရံတွင် စီထားသောကြောင့် စာအုပ်ပုံကြီးမှာ မသေမသပ်ဖြစ်ပြီး ရှုပ်စောင်းနေ၏။

စာအုပ်များကို တစ်အုပ်ချင်းစီ လိုက်ကြည့်နေမိသည်။ စာအုပ်တွေကတော့ များပြားလှ၏။ မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ် အစုံ အလင် တွေ့ရသည်။

ပါဠိစာအုပ် တစ်အုပ်နှစ်အုပ်ပင် ရှိ၏။ ထိုသို့ စာပေဖတ်ရှုသော သူက လူသတ်သမား ဖြစ်ပါ့မလား။

သူရေးနေတဲ့ ဝတ္ထုတွေသည် အပြင်လောကနှင့် တကယ် တိုက်ဆိုင်သွားတာလား။



ခေါင်းကို ခါယမ်းလိုက်သည်။ သူ့ချစ်သူ၏ နောက်ဆုံးပုံစံကို မြင်လိုက်ပြီး ရင်ထဲတွင် တစ်ချက်ဆို့နင့်သွားသည်။

“ဒုန်း”

တစ်ဖက်အရှေ့ခန်းက တံခါးပိတ်သံကြောင့် သူမ ဝင်လာစဉ် အခန်းတံခါးကို မပိတ်မိမှန်း သတိရသည်။

အခန်းတံခါး ပွင့်နေသောကြောင့် တစ်ဖက်ခန်းက အမျိုးသမီးကြီးက တိုက်ခန်းထဲသို့ ခေါင်းပြူပြီး ဝင်ကြည့်သည်။ သူမကို တွေ့ဆိုက်သောအခါ-

“ဩော်. . . မောင်မြင့်မို ပြန်ရောက်နေတယ် အောက်မေ့လို့”

တစ်ဖက်ခန်းကလူတွေကတော့ အကြောင်းစုံကို သေချာ သိချေ။ နည်းနည်းပါးပါး ရိပ်မိတာပဲ ရှိသည်။

“မရောက်သေးပါဘူး အန်တီ၊ ကိစ္စရှိလို့ ခဏဝင်ကြည့်တာပါ”

“ဩော်. . . အေး အေး”

ထိုသို့ပြောပြီး တံခါးကို ပြန်စေ့ကာ အောက်ဆင်းမလို့ ပြင်စဉ် ပင့်ပင့်သည် တစ်စုံတစ်ခုကို သတိရလိုက်ပြီး-

“အန်တီ. . . အန်တီ”

ဟုခေါ်ကာ တိုက်ခန်းထဲကနေ အပြင်ကို ထွက်လိုက်၏။

သူမ၏ခေါ်သံကြောင့် အမျိုးသမီးကြီးမှာ လှေကားထိပ်တွင် နေပြီး သူ့ကို လှည့်ကြည့်နေ၏။

“အန်တီ့ကို မေးစရာရှိလို့”

www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ သမီး"

"ကိုမြင့်မိုးဆီကို ဧည့်သည်တွေ ဘာတွေများ လာလေ့ရှိလား"

အမျိုးသမီးကြီးက အနည်းငယ် စဉ်းစားပြီးနောက်-

"အန်တီတို့ သိသလောက်တော့ တစ်ယောက်မှ မလာဘူး သူက အချိန်ရှိတိုင်း အခန်းအောင်းနေတာပဲ တွေ့တယ်"

"သူ့အဖေ၊ အမေတွေရော"

"ဆုံးသွားပြီလို့ ပြောတယ်"

"အန်တီတို့နေတဲ့တိုက်ခန်းနဲ့ သူနေတဲ့တိုက်ခန်းက သူ့မိဘတွေရဲ့ အမွေလေ"

"သြော်. . ."

"တစ်ခုတော့ရှိတယ်"

"ဘာများလဲ"

"သူ့ဆီ တစ်လတစ်ခါလာတဲ့ အဘိုးကြီးတစ်ဦးတော့ ရှိတယ်"

သူ့ထုတ်ဝေသူ ဦးဝင်း ဖြစ်နေမှာစိုးသောကြောင့် ပုံပြင် သဏ္ဌာန် ပြောကြည့်ရာ မဟုတ်ဘူးဆိုသောကြောင့် အခြား တစ်ယောက် ဖြစ်ပေလိမ့်မည်။

"မောင်မြင့်မိုးက အဲ့ဒီအဘိုးကြီးကို သိပ်လေးစားတာ၊ အပြင် ဆိုရင်လည်း အိမ်အောက်ထိ လိုက်ပို့၊ Taxi ငှားပေးနဲ့ တော်တော် လေးကို ခင်ပုံရတယ်"

"အမျိုးလား မသိဘူး"



"အန်တီသိသလောက်တော့ သူ့မှာ အမျိုးတစ်ယောက်မှ မရှိဘူး"

"ဒါဆို. . . အဲ့ဒီအဘိုးကြီးက ဘယ်သူများလဲ မသိဘူး"

"အဲ့ဒါတော့ မသိဘူး. . . သူပြန်ရင်တော့ မောင်မြင့်မိုးက မေတ္တာရိပ်မြုံ မိဘမဲ့ဂေဟာကို Taxi ငှားငှားပေးနေကျပဲ၊ အန်တီ တို့က သူ Taxi ငှားနေတာကို ခဏခဏ ကြုံတယ်လေ"

"သြော်. . ."

မေတ္တာရိပ်မြုံ မိဘမဲ့ဂေဟာကို သူသိသည်။

မိဘမဲ့ကလေးများကို ပြုစုစောင့်ရှောက်ထားသော ဂေဟာ တစ်ခုဖြစ်သည်။ တစ်ခါတုန်းက သူတို့သင်တန်းက အလှူလုပ်သော ကြောင့် တစ်ခါရောက်ဖူးသည်။ ချို့ချို့တဲ့တဲ့နှင့် တည်ဆောက်ထား သော ဂေဟာလေးတစ်ခု ဖြစ်သည်။

အမျိုးသမီးကြီး ဆင်းသွားသည်အထိ ပင့်ပင့်သည် လှေကား ထိပ်မှာပဲ ရပ်နေမိသည်။

အခု စာရေးဆရာမြင့်မိုးလည်း ဘယ်ရောက်နေမှန်း မသိ။ သူ့မိဘ၊ သူ့ဆွေမျိုးတွေလည်း မရှိသောကြောင့် ဘာအဆက်အသွယ် မှ ရှာလို့ရမည် မဟုတ်ချေ။

ယခုတော့ လူကြီးတစ်ဦးကိုသာ သူနှင့် အဆက်အသွယ် ရှိကြောင်း သိရှိရသည်။ ထိုလူကြီးသည် စာရေးဆရာမြင့်မိုးနှင့် ဘယ်လို ဆက်နွယ်နေသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးဆီမှာပဲ စာရေးဆရာမြင့်မို ရောက်နေသလား။

■

(၄၂)

စိတ်ညစ်ညစ်နဲ့ပဲ လက်ထဲကဖုန်းကို ချလိုက်သည်။ သူ တင်လိုက်သော စာနဲ့ပတ်သက်ပြီး ရဲမှူးကြီးက လှမ်းဆူခြင်း ဖြစ်သည်။

"ကိုထွန်းမောင်. . . နောက် အဲ့ဒီလို စိတ်ကူးယဉ်တဲ့အလုပ်၊ လက်တွေ့မကျတဲ့အလုပ်တွေ မလုပ်စမ်းပါနဲ့၊ ကျုပ်တို့က လက်တွေ့ကျတဲ့ အမှုတွေကိုပဲ ကိုင်တွယ်နေရတာဗျ"

"ဆရာ. . . သက်သေတွေ ကျွန်တော့်မှာ ရှိပါတယ်"

"ခင်ဗျားဆီမှာ ရှိတာတွေက ဘယ်လိုသက်သေတွေ ဖြစ်မှာလဲဗျာ၊ ကျုပ်တောင် ဆက်စပ်ပြီး အမှုတစ်ခုလုပ်လို့ရတယ်၊ ဘာလဲ ကိုထွန်းမောင်က ပင်စင်ယူပြီးရင် စာရေးစားမလို့လားဗျ"

ဆိုပြီး ရိသဲ့သဲ့ပင် ပြောသွားလေ၏။

ဦးထွန်းမောင်သည် သူ၏အလုပ်စားပွဲတွင် ဘာမှ မလုပ်နိုင်ဘဲ ငူငိုင်ငိုင်နဲ့ ရှိနေစဉ် ဖုန်းဝင်လာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

တစ်ဖက်မှ ဖုန်းပြောသူမှာ ပင့်ပင့်ဖြစ်၏။

"ဆရာ. . . သမီး ပင့်ပင့်ပါ"

"အေး. . . သမီး ဘာထူးခြားလို့လဲ"

"ထူးခြားတယ်ဆရာ၊ စာရေးဆရာမြင့်မိုက မိဘမဲ့ဂေဟာက မိဘမဲ့တစ်ယောက် ဆရာ"

"ဟင်. . . ဘယ်လို"

"ဟုတ်တယ် ဆရာ၊ သူက မိဘမဲ့ဂေဟာကနေပြီး အခု တိုက်ခန်းတွေ အမွေပေးခဲ့တဲ့ မိဘတွေက မွေးစားလိုက်ကြတာ"

"အဲ့ဒါတွေ ဘယ်လိုလုပ်သိလဲ"

"သူ့ဆီ အမြဲတမ်းလာနေတဲ့ လူကြီးတစ်ယောက်ရှိတယ်၊ မိဘမဲ့ဂေဟာက လူကြီးတစ်ဦးပဲ၊ သူတို့ကို ပြုစုပျိုးထောင်လာတာလေ"

"ဒါဆို သူက ငယ်ငယ်တည်းက မွေးစားခံရတာပေါ့"

"ဟုတ်တယ် ဆရာ၊ ဒါပေမယ့် သိတတ်တဲ့အရွယ်ရောက်မှ မွေးစားခံရတာတဲ့"

"သူ့မိဘအရင်းတွေက ဘယ်သူလဲ"

"အဲ့ဒါလည်း မသိဘူးတဲ့. . . သူ့ကို လမ်းပေါ်မှာ တစ်ယောက်တည်းတွေ့လို့ လူကြီးတစ်ဦးက မိဘမဲ့ဂေဟာကို လာအပ်သွားတာတဲ့"

"ဩော်. . ."

"ထူးခြားတာတစ်ခုက ဆရာ"



"ဘာများလဲ"

"သူ့ရဲ့မွေးသက္ကရာဇ်က အမှန်မဟုတ်ဘူး ဆရာ"

"ဘယ်လို"

"သူ့မွေးသက္ကရာဇ်အမှန်ကို ဘယ်သူမှ မသိတဲ့အတွက် သူ့ကို မွေးစားတဲ့ မိဘတွေက သူ့အသက်နဲ့ ခန့်မှန်းပြီး မွေးသက္ကရာဇ်တစ်ခု ပေးလိုက်ကြတာတဲ့၊ အခု သူ သိထားတဲ့ မွေးသက္ကရာဇ်ပေါ့"

"ဒါဆို မွေးသက္ကရာဇ် အမှားကြီးပေါ့"

"ဟုတ်တယ်ဆရာ၊ နောက်ပြီး တစ်ခုထူးခြားတာ ရှိသေးတယ်"

"ဘာလဲ"

"အဲ့ဒီ မိဘမဲ့ဂေဟာက မှတ်တမ်းအရ စာရေးဆရာမြင့်မို အဲ့ဒီဂေဟာကို စရောက်တဲ့ရက်စွဲက မေလ ၂၉ ရက်နေ့ ဖြစ်နေတယ် ဆရာ"

"ဟင်"

သူ့စားပွဲပေါ်မှ ပင့်ပင့်ပေးထားသည့် စာရေးဆရာ မှတ်စုဆီသို့ အတွေးက ချက်ချင်းဆိုသလိုပင် ရောက်သွားလေသည်။

"ဒါဆို အဲ့ဒီရက်စွဲက သမ္မတရော်နယ်ရီဂင်ကို လုပ်ကြံတဲ့ ဘင်ကလေရဲ့ မွေးနေ့ပဲ"

"ဟုတ်တယ် ဆရာ၊ တော်တော်ကြီးကို တိုက်ဆိုင်နေတယ်၊ ဒါတော့. . ."

"အင်း. . ."

www.burmeseclassic.com

www.burmeseclassic.com



"မြင့်မိုက ငယ်ငယ်လေးတည်းက တသီးတသန့်နေတတ်တယ်တဲ့၊ အဲ့ဒီဂေဟာက လူကြီးပြောပုံအရ ပြန်ပြောရရင် တစ်ခါတုန်းက ဆိုရင်တဲ့ သူငယ်ငယ်လေးတုန်းက ငှက်တစ်ကောင်ကို လေးခွနဲ့ ပစ်ပြီး၊ ငှက်က အတောင်ပံထိပြီး မပြန်နိုင်တဲ့အချိန်ကျရင် သူက ဆေးတွေဘာတွေထည့်ပြီး အဲ့ဒီငှက်ကို ပြုစုနေရောတဲ့"

"စိတ်မမှန်တဲ့ သဘောလား"

"သူပြောတာတော့ တစ်ခါတစ်ခါဆိုရင် သူ့ရဲ့စိတ်ဟာ ရှိုင်းစိုင်းနေပြီး တစ်ခါတစ်ခါဆိုရင် နူးညံ့နေတတ်တယ်တဲ့၊ ပုံမှန်တော့ မရှိဘူးတဲ့"

ထိုစဉ် ရုံးခန်းထဲသို့ သူ့ရဲ့တပည့်ကလေးတစ်ယောက် ဝင်လာလေ၏။

"အရေးကြီးလို့ပါဆရာ"

"ဩော်. . . အေး၊ ပြော"

ပင့်ပင့်ဖုန်းကို ကိုင်ထားရင်း သူ့တပည့်ကို ပြန်ပြောလိုက်သည်။

"နယ်မြေခံရဲစခန်းနှစ်ခုက ကျွန်တော်တို့ ဓာတ်ပုံပို့ထားတဲ့ လူနဲ့တူတဲ့ လူအကြောင်းကို သတင်းပို့တယ်ဆရာ၊ ပြီးတော့ . . . စာအုပ်တိုက်က ဆက်တယ်ဆရာ၊ နောက်ဆုံးကျန်တဲ့ 'သမ္မတကြီးအား လုပ်ကြံခြင်း'စာအုပ်ကို ဝယ်သွားတဲ့ စာအုပ်ဆိုင်က သူ့ စာအုပ်မှာ အခန်းတွေ ပျက်နေတဲ့အတွက် စာအုပ်ဆိုင်ကို ပြန်လာပို့တယ်တဲ့ဆရာ"



"ဟေ. . . ကောင်းပြီ၊ စာအုပ်ကို ဒီကို မြန်မြန်လာပို့ခိုင်း၊ ပြီးတော့ နယ်မြေခံရဲတွေပို့တဲ့ သတင်းအသေးစိတ်ကို စာနဲ့ ငါ့ကို ရေးပြီး အခုချက်ချင်းတင်ပေး"

"ဟုတ်ကဲ့ပါဆရာ"

အမိန့်ပေးပြီး ချက်ချင်းပင် ရဲတပ်သားသည် အခန်းထဲမှ ခပ်မြန်မြန် ထွက်သွားလေ၏။

သူတို့ စကားပြောနေသည်ကို တစ်ဖက်ကနေ ပင့်ပင့်ကလည်း ကြားနေရသောကြောင့်-

"ဒါဆို သူ့သတင်းတော့ စရပြီပေါ့"

"ဟုတ်တယ်. . . သမီး၊ သမီးလည်း စခန်းလာခဲ့ပါလား"

"ဟုတ်ကဲ့. . . သမီး အခုပဲ ထွက်လာခဲ့ပါမယ်"

တစ်ဖက်မှ ဖုန်းချသွားသောကြောင့် ဦးထွန်းမောင်လည်း သက်ပြင်းရှည်ကြီး ချလိုက်မိသည်။

ဒီကောင်မလေးလည်း ဘာလိုလိုနဲ့ ဒီအမှုမှာ စုံစမ်းသူတစ်ဦး ဖြစ်နေပြီဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

သမ္မတကြီး လုပ်ကြံခံရရန် (၁)ရက်အလို

www.burmeseclassic.com

www.burmeseclassic.com

## (၄၃)

မြင့်မိုသည် ဟိုတယ်တစ်ခုရှေ့တွင် ခေါက်တုံ့ခေါက်ပြန် သမ်းလျှောက်နေလေသည်။

ဟိုတယ်အဝင်အဝနှင့် ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်၊ အအုပ်ထဲတွင် ရေးမှတ်လိုက်နှင့် အလုပ်ရှုပ်နေလေသည်။

ထို့နောက် ဟိုတယ်နှင့် ခပ်လှမ်းလှမ်းရှိ ကော်ဖီဆိုင်တွင် ထိုင်ကာ ဟိုတယ်ကို အကဲခတ်နေပြန်၏။

ခဏအကြာတွင် ကော်ဖီဆိုင်ထဲမှ ပြန်ထွက်ကာ ဟိုတယ် ရှေ့သို့ လျှောက်သွားပြီး ခုနကအတိုင်း ပြန်လျှောက်ကြည့်နေပြန် သည်။

"အင်း. . . မဟုတ်သေးဘူး၊ ဒီနေရာမှာပဲ"

တစ်ကိုယ်တည်း ရေရွတ်ပြီး နေရာရွှေ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာပဲ ဖြစ်မယ်ထင်တယ်"

မျက်မှောင်ကြီးကြုတ်ပြီး စဉ်းစားနေပြန်သည်။

"အင်း. . . ဟုတ်တယ်၊ ဒီနေရာကနေဆိုရင် ရှင်းတယ်"

ကိုယ့်ကိုယ်ကို အပြစ်တင်ရင်း ကော်ဖီဆိုင်ဘက် ပြန်လျှောက်သွားပြန်သည်။

"မနက်ဖြန် ကော်ဖီဆိုင်မှာတော့ သူ မထိုင်တော့ဘူး. . . ဟုတ်တယ်၊ အဲ့ဒါတော့ သေချာတယ်"

"သေနတ်. . . သမ္မတကြီးကို လုပ်ကြံမယ့်သေနတ် ဘယ်က ရမှာလဲ"

"မဟုတ်သေးပါဘူး၊ သမ္မတကြီးက ဒီအတိုင်း လာမယ်၊ အလံတွေ ့ယမ်းပြီး နှုတ်ဆက်နေတဲ့ လူတွေကို လက်ပြမယ်. . . ပြီးတော့ လုပ်ကြံမယ်. . . ဟုတ်တယ်၊ လုပ်ကြံရမယ်"

တစ်ဦးတည်း စကားပြောလိုက်၊ လမ်းလျှောက်လိုက် လုပ်နေသောကြောင့် မကြာခင်အချိန်တွင် သူ့ကို တစ်ဦးစ နှစ်ဦးစသတိပြုမိလာလေ၏။

ဟိုတယ်ဝန်ထမ်းအချို့ကလည်း သူ့ကို သတိထားမိသွားပြီး ခဏ စောင့်ကြည့်နေလေ၏။

ပြီးနောက် ဟိုတယ်ရှေ့ကနေ ထွက်သွားသောကြောင့် ဘာမှမပြောတော့ဘဲ ကိုယ့်အလုပ် ကိုယ်ဆက်လုပ်နေကြတော့သည်။

ထိုစဉ် Receptoin ရှိ ဝန်ထမ်းတစ်ဦးသည် ခုနက ရဲတင်း



ပေးသွားသော မသင်္ကာစရာလူရဲ့ ဓာတ်ပုံကို အမှတ်မထင် ကြည့်မိလိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၄၄)

ရုံးခန်းထဲတွင် ရဲမှူးဦးထွန်းမောင်၊ ပင့်ပင့်နှင့် ရဲတပ်သား တစ်ဦး ထိုင်နေလေ၏။

သူတို့ရှေ့စားပွဲတွင် စာအုပ်တစ်အုပ် တင်ထားပြီး ထိုစာအုပ်၏ စာရေးဆရာနာမည်နေရာတွင် မြင့်မိုဟု ရေးထားလေ၏။

"ဒါ. . . နောက်ဆုံးတစ်အုပ်တည်း ကျန်ခဲ့တဲ့ စာအုပ်ပဲ"

ရဲမှူးက စကားစတင်ပြောလိုက်သည်။

"လူသတ်သမားနာမည်တွေက ပုံနှိပ်ချတ်ယွင်းသွားတဲ့ အတွက် နာမည်ရေးထားတဲ့ နေရာတွေက ပျက်နေတယ်၊ အရေး ကြီးတဲ့အခန်းနဲ့ နောက်ဆုံး ဇာတ်သိမ်းခန်းကလည်း စာအုပ်ထဲမှာ မပါလာဘူး"

"အဲ့ဒါဆို ဘယ်လိုလုပ်မလဲ ဆရာ"

ပင့်ပင့်က ဝင်မေးလိုက်ခြင်း ဖြစ်သည်။



"တစ်ခုတော့ရှိတယ်၊ ဒီဝတ္ထုထဲက လူသတ်သမားက လဝန်းသစ်တည်းခိုခန်းမှာ တည်းခိုတယ်လို့ ရေးထားတယ်၊ အခု အပြင်မှာရှိနေတဲ့ လဝန်းသစ် တည်းခိုခန်းကလည်း စာရေးဆရာ မြင့်မိုနဲ့ ပုံသဏ္ဍာန်တူတဲ့ လူတစ်ယောက် တည်းခိုသွားကြောင်း စုံစမ်း သိရှိရတယ်၊ ပြီးတော့ မင်းသမီး. . ."

"ဝတ္ထုထဲက ဇာတ်ကောင်စွဲလမ်းရတဲ့ မင်းသမီးလား ဆရာ"

"ဟုတ်တယ်. . . ဒီဝတ္ထုထဲမှာ လူသတ်ဇာတ်ကောင်ဟာ မင်းသမီးကို တွေ့ချင်လွန်းလို့ ခြံကိုကျော်ပြီး တွေ့ခွင့်ကြုံးစားတဲ့ အခန်းတစ်ခန်းပါတယ်"

"ဒါ. . . ဒါဆို. . သူ. . . အပြင်. . . မှာ"

"ဟုတ်တယ်၊ အဲ့ဒီမင်းသမီး နိုင်သဉ္ဇာက ဆရာတို့ဆီကို တိုင်ချက် ဖွင့်ထားတယ်၊ လူတစ်ယောက် သူတို့ခြံထဲကို ဝင်လို့ဆိုပြီး ပုံသဏ္ဍာန်ကို မေးကြည့်ပြီး ဓာတ်ပုံပါ ပြကြည့်တော့ မြင့်မိုဆိုတာ ကိုက်ညီနေတယ်တဲ့၊ ပြီးတော့ အဲ့ဒီမင်းသမီးရဲ့မွေးနေ့ဟာ သမီး ပြောတဲ့ Taxi Driver ထဲက မင်းသမီး မွေးနေ့၊ လ အတူတူပဲသမီး "

"ဒါဆို. . . သူ အပြင်မှာ တကယ်အတိုင်း လိုက်လုပ်နေ ဘာလား မသိဘူး"

ရဲမှူးဦးထွန်းမောင်သည် သူ့ရှေ့က စာအုပ်ကို လှမ်းယူ သိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ အနည်းငယ်ကို လှန်လိုက်ပြီးနောက် အခန်းတစ်ခန်းအား ဖတ်ကြည့်ရန်အတွက် ပင့်ပင့်ကို လှမ်းပေးလိုက်၏။

မင်းသမီးနဲ့ တွေ့ချင်သောကြောင့် ခြံထဲဝင်ကာ တွေ့ခွင့်ရရန် ကြိုးစားသည့်အခန်း ဖြစ်သည်။

ကျောပိုးအိတ်ကို ခြံထဲပစ်ထည့်လိုက်သည်။ ထို့နောက် ခြံစည်းရိုးမှတစ်ဆင့် တက်ကာ အပေါ်ရောက်သောအခါတွင် ခြံထဲကို တစ်ချက်ကြည့်လိုက်၏။ ခုနက ခြံစောင့်နှစ်ယောက်ထို မတွေ့ရချေ။

ထို့ကြောင့် ခြံစည်းရိုးပေါ်ကနေ ခြံထဲသို့ ခုန်ဆင်းပြီး ပစ်ချထားသော ကျောပိုးအိတ်ကို ကောက်ယူလိုက်သည်။

ဒီနည်းနဲ့မှ မတွေ့ရလျှင် မင်းသမီး ခိုင်သဥ္ဇာကို တွေ့ရမည့်နည်းလမ်း မရှိတော့ချေ။

သူရိုက်ကူးသည့် ရှုတင်တွင် စောင့်ပြီးတွေ့နိုင်သော်လည်း ဘယ်အချိန် ရှုတင်ရှိလို့ရှိမှန်းလည်း မသိချေ။

သို့သော် အချိန်ကလည်း မရှိတော့ ဒီလိုဝင်တွေ့သည့် နည်းလမ်းသာ အကောင်းဆုံး ဖြစ်သည်။

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး အိမ်နားသို့ လျှောက်သွားလိုက်သည်။ အိမ်နားသို့ ရောက်သောအခါ အထဲ၌ မြင်ရသော မှန်ကနေတစ်ဆင့် ချောင်းကြည့်လိုက်သည်။



မင်းသမီး ခိုင်သဥ္ဇာ တီဗွီကြည့်နေသည်ကို တွေ့ရလေသည်။ အထဲကိုဝင်သည့် အိမ်ရှေ့တံခါးမှာလည်း သော့ဖွင့်ထားလေ၏။ ထို့ကြောင့် အလွယ်တကူပင် အထဲဝင်ပြီး မင်းသမီးကိုတွေ့ရန် ခြေလှမ်းလှမ်းလိုက်စဉ်တွင် အထဲ၌ တီဗွီကြည့်နေသော မင်းသမီး သည် ရုတ်တရက်ဆိုသလိုပင် သူရှိရာဘက်သို့ မျက်နှာလှည့်လိုက်လေ၏။

"ဟင်. . ."

လူစိမ်းတစ်ယောက်ကို မြင်လိုက်ရသောကြောင့် တအံ့တဩဖြစ်ပြီး ကြောင်ကြည့်နေမိသည်။

နောက်မှ သတိဝင်လာပြီး-

"လူ. . . လူစိမ်းတစ်ယောက် အိမ်ထဲ ဝင်လာတယ်"

ဟုဆိုကာ အော်ဟစ်လိုက်လေတော့သည်။

"မဟုတ်ဘူး. . . မဟုတ်ဘူး"

လက်ဟန်ခြေဟန်ဖြင့် ရှင်းပြဖို့ ကြိုးစားသော်လည်း အချည်းအနှီးပဲ ဖြစ်သည်။

ခုနက ခြံစောင့်နှစ်ယောက်မှာ မင်းသမီး၏ အော်သံကို ကြားရပြီး သူ့ဆီ ပြေးလာနေတာကို တွေ့လိုက်ရလေသည်။

သူလည်း အခြေအနေ မဟန်တာကို ရိပ်မိသောကြောင့် ခုနက ခုန်ကျော်တက်ခဲ့သည့် ခြံစည်းရိုးဘက်သို့ အားကုန်ခွန်စိုက် ပြေးရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ပိုးအိတ်တို ခြေအပြင်သို့ ပစ်လိုက်ပြီး ခုနက အတိုင်း ခြေတိုကျော်တာ ခပ်မြန်မြန်တက်ရလေသည်။

ခြေစောင့်နှစ်ယောက် မရောက်လာခင်မှာပင် ခြေစည်း ရိုးပေါ်သို့ ရောက်သွားပြီး အောက်ကိုခုန်ချကာ ထိုအိမ်နှင့် ဝေးရာသို့ ခြေကုန်သုတ်ပြီး ပြေးရလေတော့သည်။



"ဆရာဆိုလိုချင်တာက ဒီထဲကအတိုင်း အပြင်မှာ ဖြစ်ခဲ့ တာပေါ့"

"ဟုတ်တယ်. . . သေချာစစ်ဆေးပြီးသွားပြီ၊ စကားပြော တွေ၊ မင်းသမီး ဖော်တဲ့ပုံစံတွေကအစ တူနေတယ်"

"ဟင်. . ."

"ဒီတော့ သမ္မတကို လုပ်ကြံမယ့်သူဟာ စာရေးဆရာ မြင့်မို ဖြစ်ဖို့များတယ်"

ထိုစဉ် ရဲသားလေးတစ်ယောက်သည် ရုံးခန်းထဲသို့ ဝင်လာ ပြီး-

"ဆရာ. . . အခုပဲ ဖုန်းတစ်ခု ဝင်ပါတယ် ဆရာ"

"ဘာလဲ"

"ကျွန်တော်တို့ ပို့ထားတဲ့ ဓာတ်ပုံထဲကလူဟာ သူတို့ ဟိုတယ်နားမှာ ရစ်သီရစ်သီလုပ်နေတာကို တွေ့ပါတယ်တဲ့"

"ဟေ. . . အခုရှိသေးလား"

"မရှိတော့ဘူးတဲ့ ဆရာ"

"ဟာကွာ. . . အဲ့ဒီနားတစ်ဝိုက် လှည့်သွားပြီး ရှာကြည့် စမ်း"

"ဟုတ်ကဲ့ဆရာ"

"နေဦး. . . ဟိုတယ်နာမည်က ဘာလဲ "

"The Grand Hotel တဲ့ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး၊ သွားတော့"

ရဲတပ်သား ထွက်သွားသောအချိန်တွင် ရဲမှူးနှင့် ကျန်တဲ့ လူများမှာ ဒွိဟဖြစ်ပြီး ကျန်ခဲ့လေ၏။

"သူက အဲဒီဟိုတယ်ရှေ့မှာ ဘာသွားလုပ်နေတာလဲ"

ဝတ္ထုစာအုပ်ကို ပြန်လှန်ကြည့်သော်လည်း လဝန်းသစ် တည်းခိုခန်းမှလွဲ၍ အခြားဟိုတယ် မပါချေ။

"သူတည်းဖို့များ စဉ်းစားနေတဲ့အချိန်မှာ တွေ့တာလား မသိဘူး"

"တည်းမယ်ဆိုရင် ခေါက်တုံ့ခေါက်ပြန် ရစ်သီရစ်သီ လုပ် နေဖို့ မလိုဘူးလေ"

အချိန်တော်ကြာသည်အထိ အဖြေရှာမရဘဲ ဖြစ်နေ စဉ် တွင်-

"ဆရာ တိုင်းက ညွှန်ကြားစာ ပို့လိုက်တယ် ဆရာ"

"ဪ. . . အေး"

ရဲတပ်သားလေးက စာအိတ်ကို သူ့လက်ထဲထည့်ပြီး ပြန် ထွက်သွားလေ၏။

ရဲမှူးဦးထွန်းမောင်သည် စာအိတ်ကို ဖြဲလိုက်ပြီး အထဲမှ ညွှန်ကြားစာကို ခပ်မြန်မြန်ပဲ ဖွင့်ဖတ်လိုက်၏။

"ဟင်. . ."

ရဲမှူး၏ တအံ့တဩ ဖြစ်သွားမှုကြောင့် ကျန်တဲ့သူများမှာ



စိတ်ဝင်စားသွားပြီး-

"ဘာဖြစ်လို့လဲ ဆရာ"

"မနက်ဖြန် သမ္မတကြီးက The Grand Hotel မှာ နေ့လယ် 1:45 မိနစ်ခွန်းပြောဖို့ ရှိတယ်၊ လုံခြုံရေးယူဖို့ ညွှန်ကြားထားတာ"

"ဟာ. . . ဒါဆို စာရေးဆရာကို နောက်ဆုံးတွေ့ရတဲ့ နေရာက မနက်ဖြန် သမ္မတကြီး မိန့်ခွန်းပြောမယ့် ဟိုတယ်ပဲ"

အားလုံးမှာ အထိတ်တလန့် ဖြစ်သွားကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

မတ်လ ၃၀ ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com

(၄၅)

**1:30 PM**

သမ္မတကြီးအား ကြိုဆိုမည့်သူများ တဖွဲဖွဲရောက်ရှိလာပြီ ဖြစ်သည်။ အလံများ ဝှေ့ယမ်းပြီး တူညီဝတ်စုံများ ဝတ်ထားသည့် ကျောင်းသား၊ ကျောင်းသူများ၊ အခြားဝန်ထမ်းများက စနစ်တကျ တန်းစီနေကြလေသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ဟိုတယ်ပတ်ဝန်းကျင်နှင့် နီးစပ်ရာနေရာများတွင် လုံခြုံရေး ယူနေကြလေသည်။

**1:35 PM**

လူကြီးအချို့ ရောက်လာကြပြီဖြစ်သည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် လုပ်ငန်းရှင်များ အပါအဝင် အစိုးရဝန်ထမ်းများလည်း ရောက်ရှိလာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိသူတစ်ဦးက အခမ်းအနားနှင့်ပတ်သက်ပြီး စစ်ဆေးကာ လုံခြုံရေး ဆောင်ရွက်ထားမှုများကိုလည်း စစ်ဆေးနေ၏။

**1:40 PM**

သမ္မတကြီးစီးလာသောယာဉ်တန်း အနည်းငယ်နောက်ကျမည်ဟု သတင်းရရှိသည်။

ထိုစဉ် ရဲမှူးဦးထွန်းမောင်သည် သမ္မတကြီးကို ကြိုဆိုနေသည့် လူအုပ်ကြီးအတွင်းထဲမှ လူတစ်ယောက်ကို အသည်းအသန် ရှာနေလေ၏။

လူများ တစ်စတစ်စ များပြားလာပြီဖြစ်သည်။ သမ္မတကြီးသည် နောက်ဆယ့်ငါးမိနစ်တွင် The Grand Hotel သို့ ရောက်ရှိလာတော့မည်ဖြစ်သည်။

**1:45 PM**

ပင့်ပင့်သည် လူအုပ်ကြားထဲ တိုးဝှေ့ကာ တစ်ယောက်ချင်းစီ၏ မျက်နှာများကို လိုက်ကြည့်ရန် ကြိုးစားနေ၏။

သို့သော် စာရေးဆရာကို ခါတ်ပုံထဲမှာသာ မြင်ဖူးပြီး အပြင်မှာ မမြင်ဘူးသောကြောင့် လူအုပ်ကြီးအကြားထဲတွင် ရှာရခက်နေလေသည်။



**1:50 PM**

သမ္မတယာဉ်တန်းသည် ဟိုတယ်နှင့် မနီးမဝေးတွင် ရောက်ရှိနေပြီဟု သတင်းရရှိလေသည်။

အခုအချိန်ထိ စာရေးဆရာကို ရှာမတွေ့သောကြောင့် ရဲမှူးဦးထွန်းမောင်မှာ ချွေးပြန်နေလေသည်။

အခြားရဲများနှင့် အတူရှာဖွေရန်ဆိုသော်လည်း အခြားသူများမှာ သူ့အလုပ်နှင့်သူ အလုပ်များနေကြပြီး သူပြောသည့် သမ္မတကြီးအား လုပ်ကြံမည့်သူဆိုတာကို ယုံကြည်မည် မဟုတ်ချေ။

မည်သို့ဆိုသော် မိမိတို့တိုင်းပြည်တွင် သမ္မတကြီးအား လုပ်ကြံရန် ကြိုးစားဖူးသည့် ဖြစ်စဉ်တစ်ခုမှ မကြားဖူးသောကြောင့်ပင် ဖြစ်သည်။

**1:55 PM**

သမ္မတကြီးယာဉ်တန်းသည် ဟိုတယ်ထဲသို့ ဝင်လာပြီဖြစ်သည်။

အော်ဟစ်အားပေးသူများ၊ အလံများ ဝှေ့ယမ်းနှုတ်ဆက်သူများ၊ သမ္မတကြီး ကျန်းမာပါစေဆိုသည့် အော်ဟစ်သံများအောက်တွင် ရဲမှူးဦးထွန်းမောင်သည် သူ၏မျက်စိကို ရှင်ရှင်ထားနေရ၏။

သမ္မတကြီးယာဉ်တန်းသည် ဟိုတယ်ရှေ့တွင် ရပ်လိုက်လေသည်။ ထိုစဉ် ဦးထုပ်ခပ်ငိုက်ငိုက် ဆောင်းထားသော လူ တစ်ယောက်ကို သတိပြုမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီ. . . ဟုတ်တယ် သူပဲ"

သူ၏မျက်လုံးမှာ ဟိုကြည့်ဒီကြည့် ဖြစ်နေပြီး စိတ်လှုပ်ရှားနေပုံလည်း ရသည်။

ကုတ်အင်္ကျီအောက်ထဲသို့ လက်တစ်ဖက်ထိုးထားတာကို တွေ့ရသည်။

"သေနတ်ထင်တယ်"

သမ္မတကြီးသည် ကားပေါ်မှ ဆင်းလာပြီ ဖြစ်သည်။

"ဟေး. . ."

"သမ္မတကြီး ကျန်းမာပါစေ"

"သမ္မတကြီး ကျန်းမာပါစေ"

"သမ္မတကြီး ကျန်းမာပါစေ"

"သမ္မတကြီး ကျန်းမာပါစေ"

ရဲမှူးဦးထွန်းမောင်သည် လက်ရှိရောက်နေသည့် နေရာမှ လူသတ်သမားရှိသည့်နေရာသို့ ခပ်မြန်မြန် လှမ်းနေသော်လည်း တွေ့ဝိုက်ကျော်ပြီး သွားနေရသောကြောင့် မရောက်နိုင်ဘဲ ရှိနေသည်။

"သမ္မတကြီး ကျန်းမာပါစေ"

"သမ္မတကြီး ကျန်းမာပါစေ"

လူသတ်သမားသည် တစ်နေရာသို့ စူးစိုက်ကြည့်ပြီးနောက် ဂျာကင်အောက်ထဲမှ တစ်စုံတစ်ခု ထုတ်တော့မည့်ဟန်ကြောင့် ရဲမှူးဦးထွန်းမောင်မှာ ခေါင်းနားပန်းကြီးသွားပြီး သူ၏သေနတ်ကို အလျင်



အမြန်ထုတ်ကာ-

"လူသတ်သမား. . . သမ္မတကြီးကို
သတ်မယ့် လူသတ်သမား"

ဟု လှမ်းအော်လိုက်လေ၏။

အော်ဟစ်သံများ ခဏရပ်သွားချိန်တွင် ရဲမှူးဦးထွန်းမောင်၏ အသံကျယ်ကြီး ထွက်လာသောကြောင့် အားလုံးမှာ ဆက်မအော်တော့ဘဲ အသံလာရာ ရဲမှူးဦးထွန်းမောင်ဆီကိုပဲ လှည့်ကြည့်လိုက်ကြ၏။

"လူသတ်သမား. . . သမ္မတကြီးကို
သတ်မယ့် လူသတ်သမား"

ရဲမှူးဦးထွန်းမောင်က သေနတ်ချိန်ပြီး နောက်ထပ် အော်ပြောလိုက်သံကြောင့် အားလုံး ဝရုန်းသုန်းကား ဖြစ်သွားလေသည်။

ချက်ချင်းဆိုသလိုပင် အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှလေသည်။ သူ၏အော်သံကြောင့် သမ္မတကြီး၏ လုံခြုံရေးများမှာ သမ္မတကြီးအား ကားပေါ်ပြန်တင်ကာ ဟိုတယ်ထဲက ခပ်မြန်မြန် မောင်းထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်နှုတ်ဆက်ကြသည့်သူများမှာလည်း ဦးတည်ရာမဲ့ ပြေးလွှားကြပြီး ခဏအတွင်းမှာပင် ရှုပ်ယှက်ခတ်သွားလေ၏။

ရဲမှူးဦးထွန်းမောင် အော်ဟစ်လိုက်သော လူသတ်သမားကိုတော့ နီးစပ်ရာလူများက ဝိုင်းဝန်း ဖမ်းဆီးလိုက်ကြလေသည်။

ရဲမှူးဦးထွန်းမောင်သည် ဖမ်းဆီးထားသောလူ၏ ဦးထုပ်ကို ဆွဲချွတ်လိုက်သည်။

သူထင်သည့်အတိုင်း စာရေးဆရာမြင့်မို ဖြစ်နေလေသည်။ သူ၏ အထက်အရာရှိသည် ချက်ချင်းဆိုသလို သူ့ရှိရာနေရာသို့ ပြေးလာပြီး-

"ဘာဖြစ်တာလဲ. . . ထွန်းမောင်"

ရဲမှူးဦးထွန်းမောင်သည် ဘာမှပြန်မပြောသေးဘဲ မြင့်မို တစ်ကိုယ်လုံးကို အနှံ့လိုက်ရှာ၏။

အိတ်ကတ်ထဲမှ ဓားတစ်ချောင်းကို တွေ့ရသည်။

"ဟုတ်တယ်ဆရာ၊ သမ္မတကြီးကို လုပ်ကြံဖို့ ဓားထုတ်လိုက်တာကို လှမ်းမြင်လို့ အော်လိုက်ရတာပါ"

"မဟုတ်ဘူး၊ ကျွန်တော်က သမ္မတကြီးကို လုပ်ကြံမယ့်သူ မဟုတ်ပါဘူး"

"အဲ့ဒါ ဘာဖြစ်လို့ ဒီလိုအချိန်မှာ ဓားဆောင်ထားရတာလဲ"

နောက်ဆုံးတွင် သမ္မတကြီးအား လုပ်ကြံရန် ကြံစည်မှုဖြင့် စာရေးဆရာမြင့်မိုကို ဖမ်းခေါ်သွားကြလေသည်။



ထိုသို့ ဝရုန်းသုန်းကား ဖြစ်နေစဉ်တွင် ဦးထုပ် ခပ်ငိုက်ငိုက် ဆောင်းထားသော လူတစ်ဦးသည် သက်ပြင်းရှည်ကြီးတစ်ခုချကာ ဟိုတယ်နားကနေ ခပ်မြန်မြန်ထွက်သွားတာကို မည်သူမှ မရိပ်မိလိုက်ချေ။

ထိုသူသည် သူ၏ ကုတ်အင်္ကျီအောက်က တစ်စုံတစ်ခုကို ခဏခဏ စမ်းကြည့်နေလေ၏။

■


www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင် သမ္မတကြီးအား လုပ်ကြံရန် ကြံစည်သည့် သတင်းသည် သတင်းစာများထဲတွင် ပလူပျံအောင် ဝါဝင်လာလေ၏။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


သမ္မတကြီးအား လုပ်ကြံရန် ကြံစည်သူအား ဖမ်းဆီးရရှိ

ထိုသို့ဖြင့် စာရေးဆရာမြင့်မိုးသည် သမ္မတကြီးအား လုပ်ကြံရန် ကြံစည်မှုဖြင့် တရားစွဲဆိုခံရပြီး ထောင်ဒဏ် ချမှတ်ခြင်း ခံလိုက်ရလေတော့သည်။

www.burmeseclassic.com


www.burmeseclassic.com

နောင် (၂)နှစ်ကြာသောအခါ နောက်ထပ် ရွေးကောက်ပွဲ အသစ်တစ်ခု ပြီးသွားသောကြောင့် နောက်ထပ် သမ္မတတစ်ဦးကို ရွေးကောက်လိုက်သည့်သတင်းသည် ဒီလအတွက်တော့ သတင်းထူးပဲ ဖြစ်နေလေသည်။

ဂျာနယ်၊ သတင်းစာတိုင်းတွင်လည်း သမ္မတသစ်ရဲ့ အကြောင်းနဲ့ ထင်မြင်ချက်များကို ခေါင်းကြီးပိုင်းတွင် တွေ့နေရလေသည်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



OS TIMES 3



သမ္မတအသစ်အဖြစ် အသင့်ရှိနေသူတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

သမ္မတအသစ် တက်ပြီးနောက် ၆၉ ရက်
ကြာသောအခါတွင်-

www.burmeseclassic.com

www.burmeseclassic.com

(၄၆)

"ဒိုင်း. . . ဒိုင်း"

သေနတ်ပစ်သံကြောင့် သမ္မတကြီးကို ကြိုဆိုနှုတ်ဆက်နေကြသူများ ဝရုန်းသုန်းကား ဖြစ်သွားလေသည်။

"သမ္မတကြီး သေနတ်မှန်သွားပြီ. . . သမ္မတကြီး သေနတ်မှန်သွားပြီ"

"ဟိုမှာ. . . လူသတ်သမား. . . ဟိုမှာ"

"ဒိုင်း. . . ဒိုင်း"

ပြောဆိုနေတုန်း ရှိသေးသည် သေနတ်သံနှစ်ချက် ထပ်ထွက်လာ၏။

သေနတ်သမားသည် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားပြီး သေနတ်ကို ဆက်တိုက်ပစ်နေခြင်း ဖြစ်သည်။

လုံခြုံရေးများသည် သမ္မတကြီးကို ကာကွယ်လိုက်ကြပြီး သေနတ်သမားနားက ရှိသောသူများနှင့် အခြားလုံခြုံရေးများက

www.burmeseclassic.com

www.burmeseclassic.com



ထိုသေနတ်သမားကို ခုန်အုပ်ကာ ဖမ်းဆီးလိုက်ကြလေသည်။

အရေးပေါ်လူနာတင်ယာဉ်နှင့် ရဟတ်ယာဉ်များ ချက်ချင်းပင် ရောက်ရှိလာကြပြီး သွေးများနှင့် ပြည့်နှက်နေသော သမ္မတကြီးအား တင်ဆောင်ခေါ်သွားလေ၏။

အော်ဟစ်သံများ၊ ငိုကြွေးသံများနှင့် ကမ္ဘာပျက်သလိုပင် ဖြစ်နေလေသည်။

သတင်းသမားများနှင့် ရုပ်သံရိုက်ကူးသူများကလည်း သမ္မတကြီး သေနတ်မှန်သွားသည့် မြင်ကွင်းနှင့် သမ္မတကြီးအား လုပ်ကြံသူတို့ အမိအရ ဓာတ်ပုံရိုက်ယူနေကြသည်။

စိတ်လှုပ်ရှားလွန်းသောကြောင့် အချို့မှာ ခလုတ်များပင် မှား နှိပ်ကုန်လေသည်။

မိမိတို့နိုင်ငံသမိုင်းတွင် တစ်ခါမှ မဖြစ်ဘူးသော လုပ်ကြံမှု တစ်ခုကို မျက်ဝါးထင်ထင် မြင်လိုက်ကြ၍ မယုံကြည်နိုင်ကြဘဲ တအံ့အသြ ဖြစ်နေကြလေသည်။

"သမ္မတကြီး လုပ်ကြံခံလိုက်ရပြီ. . . ဟယ်လို ကြားလား"

"သမ္မတကြီး သေနတ်နဲ့ ပစ်ခံရတယ်. . . မသိဘူး၊ သေလား ရှင်လား မသိဘူး၊ ရဟတ်ယာဉ်နဲ့ ခေါ်သွားကြတယ်"

မိမိတို့သတင်းတိုက်သို့ ဖုန်းဆက်နေသည့် သတင်းသမားများ မိမိတို့မိတ်ဆွေများဆီသို့ ဖုန်းဆက်သံများဖြင့် အသံများ ရှုပ်နေသော သည်။



"သတ်တဲ့လူရော. . . သတ်တဲ့လူရော"

"သတ်တဲ့လူကိုတော့ ကားနဲ့ခေါ်သွားပြီ၊ သူကတော့ ဘာမှ မဖြစ်ဘူး၊ နီးစပ်ရာလူတွေက ဝိုင်းဖမ်းကြရတာ"

သမ္မတကြီး လုပ်ကြံခံရသည့်သတင်းသည် တစ်နိုင်ငံလုံးသို့ ချက်ချင်းပင် ပျံ့နှံ့သွားလေ၏။

သတင်းမီဒီယာများတွင်လည်း သမ္မတကြီး လုပ်ကြံခံရသည့် သတင်းကို အမြဲလွှင့်နေလေ၏။


"လုပ်ကြံတဲ့လူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာကြောင့် လုပ်ကြံ ရတာလဲ"

ထိုမေးခွန်းကို မေးမြန်းကြသော်လည်း ဘယ်သူမှ ဖြေနိုင်ခြင်း မရှိကြချေ။ သို့သော် နောက်တစ်နေ့ သတင်းစာများတွင် သမ္မတကြီး အား လုပ်ကြံသူ၏ သတင်းများ ပါလာလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

(၄၇)

ပင့်ပင့်သည် သမ္မတကြီးလုပ်ကြံခံရသည့် သတင်းများပါသည့် သတင်းစာများကို တစ်ခုချင်းစီ ဖတ်ကြည့်ပြီးနောက် အခန်းထဲတွင် တစ်ယောက်တည်း တွေဝေနေမိသည်။

လွန်ခဲ့သည့် နှစ်နှစ်ကျော်က အဖြစ်အပျက်များကိုလည်း ပြန်မြင်ယောင်နေမိ၏။

ယခု သမ္မတကြီးကို လုပ်ကြံသည့်သူသည် စိတ်ဝေဒနာရှင်တစ်ဦး ဖြစ်သည်ဆိုသောအချက်က သူမကို အကြီးအကျယ် စိတ်ဝင်စားစေခဲ့သည်။

ကွန်ပျူတာကို ဖွင့်လိုက်သည်။ ထို့နောက် အင်တာနက်ထဲတွင် သမ္မတရော်နယ်ရီဂင် အသတ်ခံရသည့်အကြောင်းအား ပြန်လည်ရှာဖွေပြီး ဖတ်ကြည့်နေမိသည်။

သမ္မတရော်နယ်ရီဂင်အကြောင်း ရေးထားသည့် စာမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



များမှာ များပြားလှပေသည်။

တစ်ခုချင်းဆီကို အသေးစိတ်ဖတ်ရင်းနှင့်ပင် အရင်က သူမ မသိသော အချက် (သို့) စာရေးဆရာမြင့်မိုး၏ မှတ်စုစာအုပ်ထဲတွင် မပါဝင်သော အကြောင်းအရာတစ်ခုကို အမှတ်မထင် ဖတ်မိလိုက်သောကြောင့် တအံ့တသြ ဖြစ်သွားလေသည်။

ထိုစာမျက်နှာကို ချက်ချင်းပင် Print ထုတ်ပြီး သေချာ ဖတ်ကြည့်လိုက်လေသည်။

ထိုအချက်မှာ-

သမ္မတရော်နယ်ရီဂင်ကို လုပ်ကြံသည့် ဟင်ကလေသည် သမ္မတရော်နယ်ရီဂင်ကို မလုပ်ကြံမီ 1980 ခုနှစ်ဝန်းကျင် လောက်တုန်းက သမ္မတဂျင်မီကာတာကို လုပ်ကြံရန် ပထမဆုံး ကြိုးပမ်းခဲ့လေသည်။ သို့သော် ထိုလုပ်ကြံမှုမှာ မဖြစ်မြောက်သွားဘဲ နောက်တက်လာသည့် သမ္မရော်နယ်ရီဂင်ကျမှသာ သူ၏လုပ်ကြံမှု ဖြစ်မြောက်ခဲ့လေသည်။

သမ္မတရော်နယ်ရီဂင်သည် သမ္မတဖြစ်ပြီး (၆၉)ရက် အကြာတွင် လုပ်ကြံခံရခြင်း ဖြစ်သည်။

ပင့်ပင့်သည် လက်ထဲကစာကို နောက်တစ်ကြိမ် ပြန်ဖတ်ပြီး တစ်ခုခုကို အလိုမကျ ဖြစ်နေမိသည်။



ဘာကိုဖြစ်နေမှန်းလည်း သူ့ကိုယ်သူ မသိချေ။ ထို့ကြောင့် ဆက်မတွေးတော့ဘဲ စာရွက်ကို စားပွဲပေါ် ပစ်တင်ကာ အောက်ထပ်တွင် ထမင်းစားရန်အတွက် ပြေးဆင်းလိုက်လေသည်။

လေးစားစွာဖြင့်

လူနေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





<u>**အမေရိကန်နိုင်ငံ၏ (၁၆)ယောက်မြောက် သမ္မတ အေဗရာ ဟယ်လင်ကွန်းနှင့် (၃၅)ယောက်မြောက် သမ္မတ ဂျွန်အက်ကနေဒီ တို့၏ ထူးဆန်းစွာတူညီမှုများ**</u>

BURMESE CLASSIC .com

(၁) သမ္မတ အေဗရာဟယ်လင်ကွန်းသည် လွှတ်တော်အမတ်အဖြစ် ၁၈၄၆ တွင် ရွေးချယ်ခံရသည်။ သမ္မတ ဂျွန်အက်ကနေဒီသည်လည်း လွှတ်တော်အမတ်အဖြစ် 1946 တွင် ရွေးချယ်ခံရသည်။

(၂) အေဗရာဟယ်လင်ကွန်းသည် 1860 ခုနှစ်တွင် သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ဂျွန်အက်ကနေဒီသည် 1860 ခုနှစ်တွင် သမ္မတ အဖြစ် ရွေးချယ်ခံရသည်။

(၃) သမ္မတနှစ်ဦးစလုံးသည် အိမ်ဖြူတော်၌ နေထိုင်စဉ်အတွင်း မှာပဲ သူတို့၏ကလေးတစ်ဦး သေဆုံးခဲ့တာခြင်း တူညီကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄) သမ္မတနှစ်ဦးစလုံးသည် သောကြာနေ့တွင် လုပ်ကြံခံရတာခြင်း တူညီကြသည်။

(၅) နှစ်ဦးစလုံးသည် ခေါင်းကိုပစ်သတ်ခံရတာခြင်းလည်း တူညီကြသလို သူတို့ဇနီးများ၏ရှေ့တွင် ပစ်သတ်ခံရတာခြင်းလည်း တူညီကြသည်။

(၆) သမ္မတနှစ်ဦးစလုံး၏ နောက်ဆုံးနာမည်သည် စာလုံးခုနစ်လုံး ရှိတာခြင်း တူညီကြသည်။

(၇) သမ္မတလင်ကွန်းကို လုပ်ကြံသော John wilkes Booth ရဲ့ မွေးနေ့ ခုနှစ်သည် 1839 ခုနှစ်ဖြစ်ပြီး သမ္မတ ကနေဒီတို့ လုပ်ကြံသော Lee Harvey Oswald ရဲ့ မွေးနေ့ခုနှစ်သည် 1939 ခုနှစ် ဖြစ်သည်။

BURMESE CLASSIC .com

ထို့ပြင် ကမ္ဘာကြီးတွင် အခြား တူညီသည့် အဖြစ်အပျက်များစွာလည်း ရှိလေသည်။

www.burmeseclassic.com